www.burmeseclassic.com

# မမသဒ္ဒါမောင်

## အသည်းအသက် နှင့် ထပ်တူ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၃၆၄၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၄၀၉၀၄၁၁ |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၁၊ ဇွန်လ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်ဝိုင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | - ၁၆၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅.၈၃

မမသဒ္ဒါမောင်

အသည်းအသက်နှင့်ထပ်တူ/မမသဒ္ဒါမောင်။ -ရန်ကုန်။

ရွှေဥစာပေ၊ ၂၀၁၁။

၂၇၆-စာ ၁၂×၁၈ စင်တီ။

(၁) အသည်းအသက်နှင့်ထပ်တူ




ယယ်စဉ်ကတည်းက နှောင်တွယ်လာခဲ့တဲ့
သမုဒယသံယောဇဉ်ကြိုးကို ဘယ်အရာမျိုးနဲ့မှ
ဖြတ်တောက်လို့ မရနိုင်ပါဘူးလို့ သူ
ရဲရဲကြီးယုံကြည်ထားခဲ့မိတာပါ။
ဒါပေမဲ့...အဲဒီကြိုးကို တိခနဲဖြတ်ချနိုင်တဲ့အရာတစ်ခုကို
ထိတ်လန့်အံ့သြစွာနဲ့ လက်တွေ့ သူမြင်ခဲ့ရပါတယ်။
အဲဒီအရာကတော့...

လင်းလက်အောင်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့သူ့ကြားမှာ ဘာအတားအဆီးမှရှိမနေတဲ့
ဖြောင့်ဖြူးသည့်လမ်းတစ်ခု ရှိနေပါတယ်။ အဲဒီလမ်းကို
သူမတို့နှစ်ဦးစလုံး အတူလက်တွဲပြီး အသာအယာ
လျှောက်လှမ်းသွားရုံလေးနဲ့ အဆင်ပြေသွားလိမ့်မယ်လို့
တစ်ထစ်ချယုံကြည်ထားခဲ့မိတာအမှန်ပါ။
သို့သော်...သူမတို့ရှေ့မှာ ဖြုန်းခနဲပိတ်ဆို့တားဆီးလိုက်တဲ့
အရာကိုကြည့်ပြီး...
သွေးပျက်မတတ်ကြောက်လန့်ခဲ့ရပါတယ်။
၎င်းအရာကတော့...

သွန်းနှင်း၀





အချစ်ဆိုတာ သံယောဇဉ်နဲ့ဆိုင်သလား...ဒါမှမဟုတ်
အနေနီးစပ်မှုနဲ့ပဲဆိုင်သလား...သူသေချာမဝေခွဲတတ်ပါလေ။
ရင်းနှီးမှုရှိရုံနဲ့တော့ အချစ်တစ်ခုဖြစ်တည်လာစရာ
ဘာအကြောင်းမှမရှိပါဘူး။
သေချာတာတစ်ခုကတော့ မျက်စိနဲ့ဖမ်းယူလိုက်တဲ့ပုံရိပ်ကို
အသည်းတစ်နေရာမှာ ဖမ်းဆုပ်ပုံဖော်နိုင်ရင်တော့ အဲဒါ
အချစ်ဖြစ်မှာအမှန်ပဲ။
ရှားပါးလှတဲ့အပြုံးလေးတစ်ခုအောက်မှာ အငိုက်မိခံ့ရှင်း
ချစ်ခြင်းရဲ့ထောင်ချောက်ထဲမှာ သူပိတ်မိခံခဲ့ရတာလေ...

လှမ်းထက်သန့်.



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဆိုတာ သူမအတွက်တော့ အရေးအပါဆုံး
အရာတစ်ခုပါ။ အလိုက်တသိ အနစ်နာခံခြင်းရဲ့နောက်
ကွယ်မှာ ဘာတွေရှိနေမလဲလို့ တစ်ခါမှမတွေးမိလေခဲ့။
နောင်တွယ်ခြင်း၏အစကို အချစ်လို့ ယူဆသတ်မှတ်
နိုင်ရင် သူ့အပေါ်မှာ အနက်ရှိုင်းဆုံးချစ်မိခဲ့တာကို
ဝန်ခံချင်ပါတယ်။

လိုအပ်သမျှကို မညည်းမညူဖြည့်ဆည်းပေးမိခဲ့တဲ့
သံယောဇဉ်အတိမ်အနက်ကို လျစ်လျူမရှုလိုက်ပါနဲ့။
မဖြစ်နိုင်တဲ့ကြိုးတစ်စကို ငဲ့ညှာပေးလှည့်ပါကွယ်...

သဒ္ဒါပို



BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

Whate is life?

ဘဝဆိုတာ ဘာလဲ···

## အခန်း (၁)

"သမီးရေ. . . အလင်း့လာတယ်"

အိမ်ရှေ့မှမေမေ့အော်သံကြောင့် အဝတ်လျှော်တာကိုခဏရပ်ကာ လက်ကိုရေဆေးလိုက်ပါ၏။ ဝတ်ထားသည့်ရှပ်အင်္ကျီပွပွလေးထက် သုတ်လိုက်ရင်း အိမ်ရှေ့သို့ထွက်လာခဲ့ပါသည်။ ကိုရွှေလင်းထက်ကတော့ စောစောစီးစီးပြဿနာဖြစ်လာပြန်ပြီထင်ပါရဲ့။

အိမ်ရှေ့ကိုရောက်တော့ လှေကားသုံးထစ်မှာ ငူငူငိုင်ငိုင်မှုန်ကုပ်ကုပ်နှင့်ထိုင်နေသည့်သူငယ်ချင်းလေးကို မြင်လိုက်ရလေ၏။ ဒင်းကတော့ ဘယ်အချိန်ကြည့်ကြည့် မျက်နှာက လငပုပ်ဖမ်းထားသလို ညှိုးမှိုင်းနေတာပဲကိုး။

**ရွှေပဒေသာစာပေ**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကဲ, ပြော. . . ဘာဖြစ်လာပြန်ပြီလဲ"

"ငါ့ကိုရွဲ့တာလား မိပို"

"ကြည့်! စကားကိုဘယ်တော့မှအကောင်းမပြောဘူး။ စိတ်ကို နည်းနည်းလေး ဆွဲဆန့်ထားစမ်းပါ အလင်းရယ်"

"စိတ်က ရှည်မလားဟ၊ မနက်လင်းရင် ဆာတာတ်မုန့်သိသိကြီး နဲ့ ငါ့ကိုတမင်ပညာပြတာ၊ ငါသိတယ်"

"ဘယ်သူလဲ၊ အန့်တီမိုးလား"

"ဘယ်သူရှိမလဲ, သူပဲရှိတာပေါ့။ ဒီထမင်းကြမ်းလေး ကြော်မယ့် ကိစ္စ ဘာမှပင်ပန်းစရာမရှိဘူး။ ငါ့ဟာငါ ကြော်စားမယ်ဆိုတော့လည်း မကြိုက်ပြန်ဘူး"

"အဲဒီတော့. . ."

"သွန်ပစ်လိုက်တယ်လေ၊ ဝက်စာအိုးထဲကို"

ကဲ, အဲဒါပဲ၊ တစ်နေ့တစ်နေ့ ဒီမိထွေးနဲ့ပြဿနာပေါင်းသောင်း ခြောက်ထောင်ရှင်းနေရတာ လေးလေးအောင် နောက်အိမ်ထောင်ထူ ကတည်းကပါ။ အဲဒီဒေါ်မိုးမိုးမြင့်ဟာ လေးလေးအပေါ်ကျ ပြောစရာမရှိ အောင်ကောင်းပြီး အလင်းကိုကျ လင်ပါသားဆိုပြီး နိုင်စားလွန်းတာ မဟုတ်လား. . .





"အဲဒါနဲ့ နင် မနက်ဘာမှမစားရသေးဘူးပေါ့"

"အင်းပေါ့၊ ငါက အိမ်မှာအလကားကပ်စားနေတဲ့ကောင်မှမဟုတ် တာ။ ဒင်းက အဖေ့ကိုရတာနဲ့ ငါ့ကို အိမ်ပေါ်က နှင်ချချင်နေတာ ငါ သိတယ်"

"နင်ကလည်းဟယ်, အဲဒီလိုမပြောပါနဲ့၊ အန့်တီမိုးက သဘော ကောင်းပါတယ်"

"အေး. . . ဒင်းကို နင်ပဲအကောင်းမြင်၊ သိလား။ နင်ဟာလေ, သူတစ်ဖက်သားကို အကောင်းချည်းမြင်လွန်းနေတာ တစ်နေ့တော့ ဒုက္ခ ရောက်လိမ့်မယ်၊ ကြပ်ကြပ်သတိထား"

"ငါ့ကိုဆုံးမမယ်ဆိုလည်း နောက်မှပြော,အလင်းရယ်၊ အခု နင် ဆာနေတယ်မဟုတ်လား။ လာ. ငါ ထမင်းနယ်ပေးမယ်"

"မစားချင်ပါဘူး။ နင်တို့အိမ်မှာပဲ အမြဲလာလာစားနေသလိုဖြစ် နေတာ အားနာတယ်။ ငါ့ဘာသာငါ မုန့်ဟင်းခါးပဲ ဝယ်စားလိုက်တော့ မယ်"

"ဘယ်နှပွဲ စားမှာလဲ။ အဲဒါ နင် ဝယ်ရှော့မှာ ဟိုဒီလေးလည် လိုက်တာနဲ့ကုန်ပြီး ဗိုက်က ဟောင်းလောင်းဖြစ်သွားမှာပေါ့။ လာပါ"

လက်မောင်းမှဆွဲထူတော့ သူ အလိုက်သင့် ထရပ်လိုက်လေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်ခဲ့စဉ် မေမေက ဘုရားခန်းထဲမှာမို့ နောက်ဖေးခန်းဆီသို့သာ ဆက် ဝင်လာခဲ့သည်။ အလင်းမှာ အားနာစိတ်လေးတော့ ရှိလာသားပဲ လေ။

"ငါရင်လည်း မြန်မြန်ချမ်းသာမှပါပဲ။ သက်နိုင်ပြောသလို သူဌေး သမီးရှာယူမှပဲ အဲဒီဘဝရောက်မှာ ထင်ပါရဲ့"

"ရည်မှန်းချက်တော်တော်ကြီးတယ်နော်။ နင် နစ်နာနေပါဦးမယ် အလင်းရဲ့"

"တကယ်ပြောတာ မိပိုရ။ နင့်လို လှတပတကောင်မလေးဆို လည်း ဟုတ်တုတ်တုတ်။ ဒါမှ BOSS တစ်ယောက်ယောက်ကို အသာ လေး မျက်စပစ်လိုက်ရင် OK ပဲ"

"ပြောပြန်ပြီ ပေါ့ပျက်ပျက်။ ငါ့ကိုများ နင့်လိုစိတ်မျိုးရှိတယ်ထင် နေလား"

"ဟ, ပြောရမှာပေါ့။ နင်က တစ်သက်လုံး အပျိုကြီးလုပ်မှာမို့လို့ လား။ မိန်းကလေးဆိုတာ ဘယ်နေရာမဆိုမျက်စိဖွင့်နားစွင့်ရတယ်ဟ"

"ဟုတ်ကဲ့ပါအဖေ၊ သိမ်းမှတ်ထားပါ့မယ်"

"တွေ့လား၊ နင် ငါ့ကိုရွဲ့ပြန်ပြီ"

ထမင်းပူပူကို ဆီဆားနယ်၍ မြေပဲကြော်ထားတာ ရောထည့်ကာ





ပုဇွန်ခြောက်ကြော်နှစ်ဇွန်းခန့် ပုံပေးပြီး သူ့ရှေ့စားပွဲပေါ် တင်ပေးလိုက် ပါသည်။ အလင်း မနက်တိုင်း အစာမစားဖြစ်တာ ညဘက်ထမင်းမကျန် တော့တာတွေကို လေးလေးအောင် သိပါလေစ။

သူက စတီးဇလုံထဲမှထမင်းကို ဇွန်းဖြင့်သုံးလေးဇွန်းခပ်စားလိုက် လေ၏။ ရေဘူးထဲမှရေကို ဖန်ခွက်ထဲထည့်ပြီး ချပေးတာကိုပါ တစ်ငုံမော့ သောက်လိုက်ပါသည်။ ဆာရှာမှာပေါ့။ ဒီအရွယ် ဒီအလုပ်နဲ့ ပင်ပန်းတဲ့ ဟာကို ကိုယ်ချင်းမစာတတ်ကြဘူးလား. . .

"နင် စာမေးပွဲတော့ ဖြေဖြစ်မှာပါနော်"

"ဖြေမှာပေါ့ဟ။ ဒီဘွဲ့လေးမှပျော့ပျော့လေးမရရင် ငါ ဘာကောင် ဖြစ်လာမှာလဲ။ အဖေ့မိန်းမက ငါ့ကို လူညွန့်တုံးပြီး မြောင်းထဲရောက်လေ ကောင်းလေလို့မှတ်နေတာ"

တော်ပါသေးရဲ့။ နောက်ဆုံးနှစ်မှာ အလုပ်ထွက်လုပ်တာမို့ စိတ် ပါမသွားတာပဲကံကောင်း။ ဘာပဲဖြစ်ဖြစ် အငေးသင်တက်လည်း ဘွဲ့ ယူတော့ရမှာအသေအချာပဲမဟုတ်လား။ ဒါတောင် အလင်းကို (၁၈) နှစ်ပြည့်တာနဲ့ ကိုယ်ခြေထောက်ပေါ်ကိုယ်ရပ်တော့လို့ လေးလေးက ပြော ခဲ့တာပဲလေ။

ကိုယ့်သားသမီးကို မချစ်တဲ့မိဘရယ်လို့ မကြားဖူးပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



တို့မျက်စိရှေ့မှာတော့ လေးလေးအောင်ဟာ ဒီတစ်ယောက်တည်းသော သားကို သိပ်ခင်တွယ်ပုံမရတာအမှန်ပါလေ။

"နေဦး. . . နင့်ဆိုင်ရှင်ရော နင့်ကိုလာလာရစ်သေးလား"

"ဘာရစ်ရမှာလဲ"

"လာနှယ်တာကို ပြောတာလေ။ အရောင်းစာရေးမတွေ အများကြီးရှိတာကို နင့်တစ်ယောက်တည်းပဲ လာလာချွဲနေတာ ငါ့ကို သက်စုပြောပြသွားပဲ။ ဘာလဲ, ငါမသိအောင် ဖုံးထားချင်လို့လား။ ဒီလူကြီးနဲ့တော့ နင့်ကိုငါသဘောမတူဘူးနော်မိမို။ မျက်လုံးက Volt အားတစ်ထောင်နဲ့ နာခေါင်းက ကြီးကြီး ကြာကူလီရုပ်ကြီး။ ဒီလိုလူမျိုး ယူမိရင် နင့်ဘဝတော့ သွားပြီပဲ"

"နင်ဟာလေ. ပြောတော့မယ်။ သူ့တစ်ပါးကို မှိုချိုးမျှစ်ချိုး။ ဦးနိုင်က သဘောကောင်းပါတယ်။ ငါ့ကိုလစာမဖြတ်ဘဲ စာမေးပွဲဖြေခွင့်ပြုထားတာကို"

"ဘာသဘောကောင်းရမှာလဲ၊ သူ့အသက် (၄၀)ကျော်ကြီးမှ အားမနာ, နင့်ကိုလာလာကြိုနေတာ သာယာမနေနဲ့။ သူ့ကိုလည်း အစ်ကိုကြီးလို့ခေါ်ခိုင်းတယ်ဆို"

ပြုံးနေရင်းမှ ရယ်ချလိုက်မိ၏။ ဤသို့လည်း သူမအပေါ် အုတို့





တတ်ပါသေးလား။ ဟုတ်ပါတယ်။ အလင်းဟာ သူမအပေါ် နိုင်စားတတ်တာမှန်ပေမယ့် အရေးကြုံလာခဲ့ရင်တော့ သူမရှေ့ မားမားရပ်တည်ပေးခဲ့တာပင်။ အထူးသဖြင့် သူမအနားသို့ကပ်လာသည့် ကောင်လေးတွေ အားလုံး အလင်းရဲ့လက်နဲ့ လွဲတဲ့လူရယ်လို့မရှိ၊ အဲဒီလို သူမရဲ့အလင်းက ခြေမြန်လက်မြန်ရှိတဲ့ကောင်လေးလေ။

အခုလည်း သူမတို့ storeဆိုင်ပိုင်ရှင်ကို အုတို့ ဒေါပွနေတာမဟုတ်လား။ သူမရင်ထဲမှာ အလင်းအပေါ် ငယ်သူငယ်ချင်းဆိုတာထက် ပိုသာတဲ့သံယောဇဉ်တွေရှိနေတာမို့ အခုလို သူ မနာလိုတိုရှည်ပြောတာတို့ကို သဘောကျနှစ်မြိုက်ရပါသည်။

"ငါမခေါ်ပါဘူးဟယ်"

"ခေါ်လို့ရော ရမယ်ထင်နေလား။ ငါ့လက်သီးက အချိန်နေရာရွေးတာမဟုတ်ဘူး။ သူဌေးမကလို့ သူဌေးဘိုးအေပဲဖြစ်ပါစေ၊ ငါကကြောက်တဲ့ကောင်မှမဟုတ်တာ။ နင် ပျော့စိပျော့စိလုပ်မနေနဲ့၊ တော်ကြာဟိုက အိမ်အထိလိုက်ပို့တဲ့အဆင့်ကို ကျော်လာဦးမယ်။ တခြားကိစ္စ ဒါမပြောရင် နေမှာနော်။ ဒီလူကြီး ရှေ့ကို ခြေတစ်လှမ်းဆက်တိုးလို့ကတော့ အမေချို့ကိုတိုင်ပြီးသားပဲ။ နင်လည်း အလုပ်ထွက်လုပ်ဖို့ စဉ်းစားမနေနဲ့တော့။ တာ့တာပြသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဟယ်၊ စားမှာသာစားစမ်းပါ အလင်းရယ်"

"နင် အခုဘာလုပ်နေတာလဲ"

"အဝတ်လျှော်နေတာ"

"ကြည့်! အဲဒါသွားမလျှော်ဘဲ ဒီမှာရပ်နေစရာလား။ ငါက ညည်းသည်းမှုးမှုတ်တာ။ တကူးတကညွှေးခံဖို့မလိုပါဘူး"

လုံချည်အောက်နား ရေစိုနေတာကိုငုံ့ကြည့်ပြီး သူပြောလိုက်တာမို့ ရင်ထဲမှာ နွေးသွားရပါ၏။ အဲဒါပဲ၊ ဘယ်လောက်ပဲ ကျွတ်ဆတ်မာကျောတယ်ပြောပြော အလင်းက သူ့အပေါ်မှာတော့ ကြင်နာမှုရှိပါတယ်လေ။

"သွားလေ"

"ရပါတယ်"

"ဘာရပါတယ်လဲ။ တော်ကြာမျှားပြီး မနက်ဖြန်အလုပ်မဆင်းနိုင်မှ ဟိုငနဲကြီး အိမ်ထိလာပေးနေဦးမယ်"

"ငါ အဲဒီလောက်မနုပါဘူး အလင်းရယ်"

"နုနု မနုနုလေ၊ မိန်းကလေးက မိန်းကလေးပဲဟာ။ ငါ့ကြောင့် နင်အအေးမိပြီးဖျားရင် ဘယ်ကောင်းပါ့မလဲ"

သူစားပြီးသွားသည့်ပေါ်းဇလုံနှင့်ဇွန်းကိုဆေးရင်း ပြုံးမိပြန်လေ





၏။ ငယ်တုန်းက သံယောဇဉ်နှင့် သူမအပေါ် သူ့အဘယ်မျှ ခင်မင်ပါသနည်း။ သူမကတော့ သူ့ကို (၅၂၈)ထက် ပိုသာတဲ့တွယ်တာမှုတွေ ရှိနေတာကို သူမကိုယ်သူမ အသိဆုံးမဟုတ်ပါလား။

မိဘနှစ်ပါးလုံးက အေးအေးလူလူနေတတ်သူတွေမို့ အလင်းဟာ သူမရဲ့သူငယ်ချင်းဆိုပေမယ့် တူလိုသားလိုချစ်ရင်းစွဲရှိကြတာလေ။ မှတ်မှတ်ရရ ဆယ်တန်းဖြေခါနီးမှာ လေးလေးအောင်တစ်ယောက် အနိတိမိုးနဲ့ ဖြုန်းစားကြီးလက်ထပ်ဖြစ်ခဲ့ဘာ၊ ဖေဖေရော မေမေပါ အလင်းအပေါ် ပိုးရိမ်လိုက်ကြတာမပြောပါနှင့်။ ဒီကလေးတော့ အောင်မှအောင်ပါ့မလားဆိုပြီး စိတ်ထင့်နေသမျှ အောင်စာရင်းထွက်မှပဲ သက်ပြင်းချနိုင်တော့တာပင်။

ယောက်ျားလေးမို့ ဖြတ်ထိုးဉာဏ်အရမ်းကောင်းပြီး ဖွဲ့လည်းထက်သန်သည့်ကောင်လေးရယ်ပါ။ Day ထားပေးနိုင်လျက် အနိတိမိုးစကားကြောင့် အလင်းတစ်ယောက် Distance ပဲတက်ခဲ့ရသလို သူမကိုကအလင်းနှင့်ကျောင်းအတူမတက်ပါက စိတ်မချသဖြင့် မိဘတွေကိုယ်တိုင်အဝေးသင်ပဲ ယူစေခဲ့တာပင်။

ဒါကြောင့်လည်း သူမတို့နှစ်ယောက်ဟာ ငယ်စဉ်ကနေ ယခုအချိန်အထိ အတွဲမပျက်ခဲ့ကြတာလေ။ အလင်းတစ်ယောက် အရွယ်ရောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်သင့်ပြီလို့ပြောတာနှင့် အဲဒီဝပ်ရှော့မှာ တောက်တိုမယ်ရကားရေဆေးကစပြီး ဝင်လုပ်ခဲ့တာပါပဲ။ သူမကတော့ အိမ်မှာပျင်းတာနဲ့ သူငယ်ချင်းသက်စု ဝင်လုပ်နေတဲ့ စတိုးဆိုင်(Mini Mart)မှာ အတူလုပ်ခဲ့တာပါ။

ပိုင်ရှင်ဦးနိုင်ကြီးက လူပျိုကြီးအမည်ခံထားပြီး (ဟုတ်.မဟုတ် သေချာမသိပါ) စာရေးမကလေး ဆယ်ယောက်ရှိသည့်အထဲမှာမှ သူမ အပေါ်ကို သာမန်ထက်ပိုသည့်အမူအရာတွေပြလာတော့ အားလုံးက မျက်စပစ် မေ့ငေါ့နေကြတာကို သက်စုတစ်ယောက် မခံမရပ်နိုင်ဖြစ်ပြီး အလင်းကိုပြောပြလိုက်တာပါပဲ။

အဲဒါနဲ့ပဲ သူမရဲ့မဖြစ်စလောက်ဝင်ငွေလေးရတဲ့ဒီအလုပ်ကို လုပ်ခွင့်က ဒီလ နောက်ဆုံးပဲဆိုတဲ့ chance ကို ရတော့တာလေ။ 'ဒီလူကြီးကြောင့် အခြေအနေမကောင်းတော့တာနဲ့ 'ချက်ချင်းအလုပ်ထွက်' ဆိုတဲ့အမိန့်ကို အလင်းထုတ်ပြန်တဲ့နေ့မှာ ပုတ်သင်ညိုလေးလို ခေါင်းကို ဆတ်ခနဲညိတ်ပြရတာက သူမရယ်ပါ။

"နင်ဘွဲ့ယူပြီးရင်တော့ အလုပ်ကောင်းကောင်းရှာလုပ်ပါ မိပိုရာ။ နင့်ပုံစံလေးက ကုမ္ပဏီတစ်ခုခုမှာ smart ကျကျနေရတဲ့ Secretary လို ရုပ်မျိုးဟ။ ဒီအနုတ်စုတ်ကုတ်စုတ်စတိုးဆိုင်မျိုးနဲ့ မတန်ပါဘူး"





"ပြော်. ဆယ်တန်းအောင်အရည်အချင်းမျိုးနဲ့ ဒီလိုအရောင်းစာရေးရာထူးရတာပဲ ကံကောင်း အလင်းရဲ့။ ဒါတောင် ဦးနိုင်က ငါ့ကို စေတနာပလပ္ပနဲ့ ကျောင်းတက်ခွင့်ပေးလို့ပဲ။ နို့မို့မလွယ်ပေါင်"

ဦးနိုင်ဟူသည့်နာမည်ကို သူမ၏နှုတ်မှကြားလိုက်သည်နှင့် သူနှာခေါင်းရှုံ့လိုက်လေ၏။ တွေ့လား. . . အဲဒီလိုတွေကြောင့် သူ့ကိုယောက်ျားလေးချင်း မတည့်ချင်တာလေ။

"နင့်ပါးစပ်က အဲဒီဦးနိုင်ဆိုတာ မထွက်စမ်းပါနဲ့ မိပို"

"ဘာဖြစ်လို့လဲ၊ ငါက အကောင်းပြောတဲ့ဟာကို"

"ဘာအကောင်းပြောရမှာလဲ။ ဒီလောက်လေး အခွင့်အရေးပေးတာလောက်နဲ့ သူ့ကို ကျေးဇူးရှင်ကြီးလို မှတ်မနေစမ်းပါနဲ့။ နင့်အသံက သူ့ဘက် နည်းနည်းယိုင်နေသလိုပဲ။ ငါမကြိုက်ဘူး"

"နင်ကလည်း. . ."

"ဘာ နင်ကလည်းလဲ။ မိပိုနော်. ငါ့မျက်စိရှေ့ နင်နဲ့ဒီလူကြီးကို တွဲပြီးတွေ့တဲ့နေ့တော့ ပွဲကြီးပွဲကောင်းပဲ။ ငါ့လက်က နေရာနဲ့အချိန်သိပ်ရွေးတာမဟုတ်ဘူး"

ကဲ.ကြည့်! သူမရဲ့အလင်းက အဲဒီလိုလေ။ ဒီလောက်ထိ ဆတ်ဆတ်ထိမခံတဲ့သူကို သူမမှ အမည်နဲ့လိုက်အောင် သဒ္ဓါမပိုရင် ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ သွားပို့ရမှာတဲ့လဲ။ ပန်းကန်စင်ထက် ဇလုံကိုမှောက်ရင်း ပြုံး သော့ သူက သူမခေါင်းကို အနောက်မှအသာဖိလိုက်လေ၏။

"ဘာလဲ"

"နင့်အပြုံးကို ငါသိတယ် မိပို့ရဲ့။ ပုံစံကိုက မဟုတ်တာနိုးလုပ် မယ့်ကလေးလိုမျိုး"

"ငါဘာလုပ်သေးလို့လဲ"

"အေးလေ. မလုပ်မိသေးလို့ ဒီလောက်ပဲပြောတာပေါ့။ သတ္တိရှိ ရင် လုပ်ကြည့်လိုက်လေ။ ငါ့အကြောင်း ကောင်းကောင်းကြီးသိသွားစေ ရမယ်"

"ဟွဲ့. သမီးဘာလုပ်လို့ ကျိန်းနေရတာလဲ သား"

"အဲ"

ဘုရားရှိခိုးပြီးသွား၍ နောက်ဖေးသို့ဝင်လာသည့် မေမေ့အသံ ကြောင့် သူမတို့စကားရပ်သွားရလေ၏။ နှစ်ယောက်သား တစ်ယောက် ကိုတစ်ယောက်ကြည့်ကာ ရယ်လိုက်မိကြသည်။

"ဘာမှမဟုတ်ပါဘူးအမေချိုရယ်။ အမေချို့သမီး ခြေလှမ်းမှား စေနဲ့လို့ ပြောနေတာပါ"

"သမီးလေးက ခပ်အေးအေးနေတတ်တာ သားလည်းသိသား





အလင်းရယ်။ သူ ဘာမှအမှားမလုပ်ရပါဘူး"

"အဲဒီလိုအေးလွန်းလို့ စိုးရိမ်နေရတာ အမေချိုရေ့။ နှုတ်သီး ကောင်းလျှာပါးဆိုရင် ကျွန်တော် သူ့ကိုဒီလောက်စိုးရိမ်စရာမလိုဘူး။ ဦးလေး ခရီးက ပြန်မလာသေးဘူးလား"

"ဒီတစ်ခါ နှစ်လကြာမယ် ပြောတယ်သားရဲ့"

"ဟာ! အကြာကြီးပါလား။ အမေချိုတို့အဆင်ပြေရဲ့လား"

"အမယ်လေးနော်, သူကပဲပြောရတာယ်ရှိသေး၊ နင်သာ အဆင် ပြေအောင်နေစမ်းပါ"

"လူကြီးတွေ စကားပြောနေတာကို ဝင်ရှုပ်စရာလား၊ ကဲ"

သူမနဖူးကို လက်ညှိုးဖြင့် ဖိထိုးလိုက်ရာ မေမေပါရယ်လေ၏။ အလင်းက သူမထက်နှစ်လအသက်ကြီးတာမို့ အမြဲအစ်ကိုကြီးလေသံနဲ့ ဆရာလုပ်တတ်သေးဘာလေ။

"ကျွန်တော်ပြန်ဦးမယ် အမေချို။ ဦးလေးပြန်ရောက်ရင် ကျွန် တော်ပြောစရာရှိတယ်လို့ပြောပေးပါ"

"ဟယ်. . . ဘာပြောမှာတုန်း"

"အဲဒီ Mart မှာ အမေချို့သမီးကို အလုပ်ဆက်လုပ်ခိုင်းရင် အမေချိုတို့ မကြာခင် သားမက်ရတော့မယ်လို့ပြောတာ။ သားမက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ အသက်ခပ်ကြီးကြီး (၄၀)ကျော်ရမှာ။ ကျွန်တော်သွားပြီ''

''ဟဲ့''

''အလင်းနော်၊ နင် မဟုတ်တာတွေ မချွန်ခဲ့နဲ့။ ငါကျွေးတဲ့ထမင်း တော့ စားသွားပြီး ငါ့ကို မကောင်းကျောင်းပို့လုပ်တဲ့အကောင်''

သူမ ပွစိပွစိရေရွတ်စဉ် အလင်းက အိမ်ပေါ်မှအပြေးဆင်းသွား တော့၏။ မေမေက သူမပခုံးကိုပုတ်၍ ပြုံးနေချေပြီ၊ သူမအပေါ် သူငယ် ချင်းလို ချစ်ခင်မှုရှိပြီး အစ်ကိုတစ်ယောက်လို စောင့်ရှောက်တတ်တာ အားလုံးအသိပဲမို့ အထူးပြောစရာမှမလိုတာလေ။

ဪ အလင်းရယ်၊ သဒ္ဒါပိုရဲ့အသားကို ထိခွင့်ရတာ၊ သဒ္ဒါပိုရဲ့ ခေါင်းကို အခုလိုပုတ်ခွင့်ရတာဆိုလို့ နင်တစ်ယောက်တည်းရှိတာပါလေ။ ဒါဖြင့်သဒ္ဒါပိုရဲ့နှလုံးသားကိုရော ဘယ်သူပိုင်ဆိုင်ခွင့်ရမလဲဆိုတာကို နင် သိပါရဲ့လား. . .

♥♥♥



# အခန်း (၂)

''မိပိုရေ. သွားဆို့ပေ့ာ''

''လာပြီသက်စုရေ မေမေ. သမီးသွားပြီနော်''

''အေးအေး. . . သမီး''

''မိုးရွာရင် အဝတ်တွေ ရွှေ့လိုက်ဦးနော်၊ ခြံထဲမှာ ချော်လဲမှာစိုး လို့ အောက်ကိုမဆင်းနဲ့ဦး''

''အေးပါ သမီးရယ်''

''အလင်းလာရင် လမ်းထိပ်မှာပဲ စောင့်ပေးပါလို့ သမီး မှာတာ ပြောပေးနော်''

နေ့စဉ်ပြောနေကျ၊ မှာနေကျစကားများဖြစ်ပေမယ့် မမေ့မလျော့



www.burmeseclassic.com

www.burmeseclassic.com



မှာဖြစ်တာပင်။ ဖိနပ်ချွတ်မှ လေ့ကားသုံးထစ်ကိုဆင်း၍ ခြံထဲလျှောက်သွားခဲ့၏။ ခြံဝမှ ခါးတစ်ဝက်ကျော်ကျော် သစ်သားတံခါးရှိ ကွင်းလေးကိုဖြုတ်၍ သက်စုကိုပြုံးပြလိုက်ပါသည်။

''နှင့် Uniform လေးက အသစ်အတိုင်းပဲနော်။ မီးပူထိုးထားတဲ့ ခေါက်ရိုးကိုကျလို့''

''ဒါကြောင့် သန့်ရှင်းသပ်ရပ်တဲ့အဆင့်နဲ့ နာမည်ကောင်းလက်မှတ်ရတာပေါ့ သက်စုရဲ့''

''အမယ်လေး. . . အဲဒါကို မိကြည့်ပြာတို့က မမြင်ပေါင်ဟယ်။ နှင့်ကို ဦးနိုင်ကြီးပိုးနေတာကိုသိသိကြီးနဲ့ နှင်ကပဲ ဖျားယောင်းသလိုလိုမျိုး အတင်းအုပ်နေကြသေးတာ''

''ငါသိပါတယ်ဟယ်၊ အဲဒါတွေလည်း နှင် နောက်မကြားရတော့ပါဘူး''

''ဘာဖြစ်လို့လဲ''

''အလင်းက ငါ့ကို အဲဒီမှာ မလုပ်ရတော့ဘူးတဲ့''

''ဟင်! ဒါဆို သူက အလုပ်ရှာပေးမှာမို့လို့လား။ ငါတစ်ယောက်တည်းပျင်းအောင်လုပ်ချင်တဲ့ခွေးကောင်''

''ဟင်းဟင်း. . ဖယ်ရီက လမ်းထိပ်ထိရောက်တာပဲသက်စုရယ်





ငါတို့စာမေးပွဲက နီးနေပြီလေ။ ပြီးရင် ဘွဲ့ရတော့မှာ။ အလင်းက ငါ့ကို ကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်နိုင်အောင်ကြိုးစားတဲ့''

''ဟုတ်တော့ဟုတ်ပါတယ်။ ငါက ဆယ်တန်းမအောင်တော့ နှင့်လိုတက်လမ်းတော့ ဘယ်ရှိပါ့မလဲဟယ်။ လင်းလက်ရော နှင်ပါ ဘွဲ့ရတော့ မယ့်သူတွေဆိုတော့ ဘာပဲဖြစ်ဖြစ် လုပ်ချင်တာကိုလုပ်ခွင့်ရမှာလေ''

သက်စု စိတ်မကောင်းဖြစ်သွားတာမို့ သူမဘာမှထပ်မပြောဖြစ်တော့ပါချေ။ သက်စုက ဟိုဘက်လမ်းက သူငယ်ချင်းဖြစ်ပြီး အဖေတစ်ခု ယမီးတစ်ခုဖြင့် ဆင်းဆင်းရဲရဲနေရတာဖြစ်လေ၏။ သူမကတော့ မိစုံဖစုံ နေရတာဖြစ်ပြီး ဖေဖေက သူဌေးကြီးတစ်ဦး၏လူရင်းနှင့် driver ဖြစ်ပါသည်၊ အဲဒီသူဌေးကြီးသွားရာနောက် အမြဲလိုက်ရပြီး တစ်ခါတလေ တစ်ပတ်၊ ဆယ်ရက်၊ တစ်ခါတလေ လနှင့်ချီ၍ ခရီးထွက်ရတတ်ပါ၏။ မေမေကတော့ နှလုံးသွေးတိုးရှိသူမို့ အိမ်မှာပင် ချက်ပြုတ်ပေးပါသည်။

''အလင်း. ငါတို့ Mart ကိုလာရင် သိပ်ကောင်းမှာပဲ''

''ဘာဖြစ်လို့လဲ''

''ငါ့ကိုအထင်သေးတဲ့ အဲဒီကြည့်ပြာတို့အုပ်စု မြင်စေသိစေချင်လို့ပေါ့။ ဒါမှ ဒင်းတို့ပါးစပ်တွေ ပိတ်ကုန်မှာ''

''လင်းလက်က နှင့်ကိုဖွင့်ပြောလိုက်ပြီလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



''ဟယ်! ပေါက်တတ်ကရ အလင်းက ငါ့အပေါ် ရိုးသားပါတယ် သက်စုရဲ့''

''ဟုတ်လို့လား။ ငါတို့ကျောင်းတက်ကတည်းက နင်နဲ့ပတ်သက်ပြီး သူ ခဏခဏရန်ဖြစ်တတ်တာ ငါအသိပါ။ အခုပဲ ကျောင်းက ပြီးတော့မှာ။ နင်တို့နှစ်ယောက်မှ ချစ်သူတွေမဖြစ်ရင် ဘယ်သူတွေဖြစ်မှာလဲ''

'ချစ်သူ' တဲ့။ ဘယ်လောက်လှပတဲ့စကားလုံးပါလဲ။ အဲဒီလိုပဲ ငါတို့နှစ်ယောက်မက်တဲ့အိပ်မက်ကိုလည်း အတူဖြစ်စေချင်တယ် အလင်းရယ်။ ခုတော့ ငါတို့နှစ်ယောက်က မှုန်ဝါးဝါးဖြစ်နေရတာလေ။ နင်က အိမ်မှာအဆင်မပြေတာနဲ့ အရမ်းကိုချမ်းသာချင်နေတဲ့သူဖြစ်နေတယ်။ ငါကတော့ ရှိတာလေးနဲ့ ရောင့်ရဲနေတတ်တဲ့သူဖြစ်နေတာလေ။ ဒီတော့ တို့နှစ်ယောက်ဟာ နှစ်ယောက်တစ်အိပ်မက်,မက်တဲ့ ချစ်သူတွေဖြစ်နိုင်မှာတဲ့လား. . .

''မထင်ပါဘူးဟယ်''

''နင်ကြည့်လုပ်ဦးနော်။ အဲဒီကောင်က နင့်ကိုလည်းမကြိုက်၊ နင့်နား ဘယ်သူမှလာကပ်တာကိုလည်းမခံ၊ နောက်ပြီး သူဟာသူ ရည်းစားရသွားရင် နင် Half cord ကြီးကျန်ရစ်ဖြစ်ခဲ့မှာ။ အေး. အပျိုကြီးလုပ်





မှာဆိုရင်တော့ ကိစ္စမရှိပါဘူး''

သူမရင်ထဲ အောင့်သက်သွားရပါ၏။ သူ ရည်းစားရသွားရင်တဲ့။ အဲဒါကို ဘာကြောင့် သူမ မစဉ်းစားမိပါလိမ့်။ ဟုတ်တာပေါ့။ သူမအပေါ် ဤမျှရိုးသားမှုရှိနေမှတော့ သူ့မှာ တခြားတစ်ယောက်ကို ရွေးချယ်ခွင့်ရှိနေပြီပဲလေ။

မျက်ရည်တို့က ချက်ချင်းဝဲတက်သွားရပါ၏။ တွေးလိုက်ရုံနဲ့တင် သူမရင်ကို ဤမျှထိနာကျင်စေရတာပါလား။ အလင်းရေ 'ငါ့မှာ ချစ်သူရှိနေပြီ မိပို' လို့ပြောလာတဲ့တစ်နေ့ကို ငါ ဘယ်လိုများ ရင်ဆိုင်ရပါ့မလဲ။ နင့်ချစ်သူလက်ကိုဆွဲပြီး ငါနဲ့မိတ်ဆက်ပေးတဲ့တစ်နေ့ကို ဣန္ဒြေမပျက်ပြုံးပြနိုင်ဖို့ အင်အားတွေ မွေးမြူထားရဦးမှာလေ။

''ဟိုမှာ ကားလာနေပြီ''

သက်စုသတိပေးလိုက်တာမို့ ကားကိုလှမ်းကြည့်လိုက်ပြီး လူအုပ်နောက်မှ ရှေ့သို့တိုးရပ်လိုက်ရ၏။ လူကျပ်ကျပ် bus ပေါ်သို့ တိုးဝှေ့တက်ရင်း အလင်းပြောသည့်စကားတို့ကို ပြန်ကြားယောင်နေမိသည်။ ချမ်းသာချင်တယ်တဲ့လား။ ဟုတ်တာပေါ့။ ဒီလိုကျပ်ညပ်နေတဲ့ကားကို ဘယ်သူက နေ့တိုင်းတိုးစီးချင်ပါ့မလဲ။ Air con နဲ့ ဇိမ်ခံကားပေါ်မှာ ငြိမ့်ငြိမ့်လေး စီးချင်ကြမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်း ထမင်းကိုနပ်မှန်စားဖို့ ရုန်းကန်နေရတဲ့ဘဝထက် ဆီဦးထောပတ်နဲ့အသားဟင်းကို မက်မောတာအပြစ်လား။ လစဉ် အထည်သစ်မဝယ်နိုင်တဲ့ဘဝမျိုးထက် ပေါ်သမျှအထည်တိုင်းကို ထည်လဲဝတ်ချင်ကြမှာ ဓမ္မတာပါပဲ။ ဖိနပ်ဆိုင်ထဲရှိ မှန်ပုံးထဲမှ ဖိနပ်လှလှလေးတွေကို လိုချင်စိတ်နဲ့ ငေးနေရတာထက် ဟောတစ်ရံဟောတစ်ရံ ဝတ်နိုင်တာမျိုးကိုပဲ လိုချင်ကြမှာပါလေ။

'ငွေ'ဆိုတာ လူတိုင်းအတွက် သည်းခြေကြိုက်အရာတစ်ခုဖြစ်ပါလျက် သူမကျ ဘာကြောင့်မမက်မောရဘာပါလိမ့်။ လစဉ် ပေါ်သမျှ ပစ္စည်းတွေအထည်တွေကိုလည်း မမက်မောလှ၊ အလှအပကိုလည်းမနှစ်သက်။ အသားဟင်းကိုလည်း မတောင့်တဘဲ ကြုံရာနဲ့ဝင်အောင်စားတတ်တာ တင်းတိမ်နိုင်စွမ်းရှိတာ ဘာကြောင့်ပါလဲ။

'ပို' ငွေမမက်ပါဘူး အလင်းရယ်။ နင် မချမ်းသာချင်ပါနဲ့။ ရှေးဘဝကံကြောင့် ဒီဘဝမှာ လူဖြစ်ခဲ့ရတာကိုကျေနပ်ပြီး ရှိတာလေးနဲ့ ရောင့်ရဲနိုင်ပါစေလားကွယ်။ တို့အတူလက်တွဲရုံနဲ့ ဘဝတစ်ခုဖြစ်နိုင်တာကို နင်မမြင်နိုင်ဘူးလား အလင်းရယ်။

"လာပါပြီ၊ ပုံစံကိုက မခုတ်တတ်တဲ့ကြောင်လိုနဲ့။ ဟွန်း. . . သူ့အကြောင်း မသိဘူးထင်နေလားမသိ"





မကြားတကြားပြောလိုက်သည့်ကြည်ပြာနှင့် မိုးမိုးဆန်း၏အသံကို ကြားသော်လည်း မသိယောင်သာ ဆောင်လိုက်မိသည်။ စောစောစီးစီး ဒီကိုရောက်တာနဲ့ စိတ်ညစ်ညူးရတာပါလား၊ ဟုတ်ပါတယ်၊ အလင်းပြောသလိုပဲ ဒီအလုပ်က မြန်မြန်ပြောင်းမှပါလေ။

အရင်ဆုံး တာဝန်ယူရသည့်ကောင်တာနှစ်ခုကို သန့်ရှင်းရေးလုပ်လိုက်ပါ၏။ မှန်ချပ်တွေကို မှန်သေး spray ဖြင့်ပက်ကာ သေသေချာချာပွတ်တိုက်လိုက်တာမို့ ပြောင်လက်တောက်ပသွားလေသည်။ သူမက ဖိနပ်ကောင်တာမို့ အတော်အလုပ်ရှုပ်ရပါ၏။ လူအများဆုံး လာကြည့်ပြီး မဝယ်ဖြစ်ကြသည့်ပစ္စည်းတို့ကို တစ်နေ့တစ်နေ့ သယ်ရသိမ်းရနှင့် အရုပ်းစိတ်ပျက်ဖွယ်ရာပင်။ သက်စုကတော့ အိတ်ဆိုင်မို့ ကြိုးကြိုးသေးသေးရောင်းရသည်သာ။

"စတိုထဲ သွားရဦးမယ်"

"ငါလိုက်ပေးရမလား"

"ရပါတယ်၊ ပုံးနဲ့ထည့်သယ်လာမှာပဲဟာ"

စတိုခန်းထဲလျှောက်သွားစဉ် သူမတို့ဆိုင်ထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာလေ၏။ အားလုံး၏အကြည့်က ထိုကောင်မလေးထံသို့ ပြုံကျသွားလေသည်။ ဆိုင်က ကိုးနာရီမှစဖွင့်ပါလျက် ရှစ်နာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်လာတာကို။

ကောင့်မလေးက ဆံပင်ကို ချောကလက်ရောင်ဆေးဆိုးထားပြီး Stap တိုတိုပုံညှပ်ထား၏။ ဝတ်လာသည့် Deaign နှင့် Style လေးက ကြွကြွရွရွလေးလှနေစေသည်။ တစ်ဆိုင်လုံးကို ဝေ့ဝဲကြည့်နေပုံက ဈေးဝယ်သည့် Customer ပုံမပေါက်ဘဲ ပိုင်ရှင် လိုက်စစ်ဆေးနေသည့်နှယ်. . .

စတိုခန်းထဲမှ ပုံးသယ်၍ထွက်လာသည့်သူမနှင့် အတွင်းခန်းဝနား လာရပ်သည့်ကောင်မလေးတို့ တိုးမိလေသည်။

"Sorry!..."

"တောင်းပန်ပါတယ်ရှင်"

အလေးကြီးသယ်လာပေမယ့် ခေါင်းညိတ်၍ ကိုယ်ပါညွှတ်ကိုင်း တောင်းပန်လိုက်တာမို့ ကောင်မလေး ပြုံးလိုက်လေသည်။ ဆံပင်စင်းစင်း လေးတွေနှင့် အလယ်လေးခွဲထားသည့်မိန်းကလေးက မိုးပြာရောင်ကော် လံပါ blouse နှင့် စကတ်အနက်အရှည် Uniform နှင့် အင်မတန် လိုက်ဖက်လှနေတာကို။ blouse ရှေ့မှာ ဖဲပြားပုံစံလေးပါတာကိုက သူမကို ပို၍ပျိုမြစ်နုနယ်နေစေသည်လေ။

ကောင်တာနောက်ဝင်၍ ဖိနပ်တွေကို ကြည့်ကောင်းအောင် ခ





သည့်နေတာကို စောင့်ကြည့်နေမိသည်။ ထိုင်လိုက်ထလိုက်နှင့် အလုပ် လုပ်တာ သွက်လွန်းနေတာကို။

အားလုံးသေသပ်စွာစီပြီးတော့ ကြက်မွေးတံမြက်စည်းလေးဖြင့် ဖုန်တွေကို ထပ်သုတ်လိုက်ပြန်လေ၏။ ပြီးမှ သန့်စင်ခန်းဘက် လက်ဆေး ရန် ထွက်သွားပြန်သည်။

"ဘာအလိုရှိပါသလဲ မမ"

တစ်ဖက်ကောင်တာမှကောင်မလေး လှမ်းမေးလိုက်တာကို အပြုံး ဖြင့် ခေါင်းခါပြလိုက်ပါ၏။ 'သွန်း'က အိတ်ထက် ဖိနပ်ကိုပို၍ Crazy ဖြစ်တဲ့သူကို။ ဖိနပ်ကောင်တာရှေ့မှာပဲ ခြေကိုစုံရပ်ထားတာမို့ ဘယ်သူ မှ ထပ်မမေးကြတော့ပါချေ။

"အားနာလိုက်တာ"

လက်သုတ်ရင်း ပြန်ရောက်လာသည့်ကောင်မလေး၏အပြုံးလေး က ချိုလှချည်လား။ ပဝါလေးကို နောက်ဘက်ခါးအောက်နားမှာ အသာ ခေါက်တင်ပြီး မတ်မတ်ရပ်လိုက်ပြီး ကြိုဆိုလိုက်ပုံက ပေါ့ပေါ့ပါးပါးပင်။ ရင်ဘတ်မှ Name batch ကိုအသာဖတ်လိုက်မိ၏။ 'သဒ္ဒါပိုး'တဲ့။ အဘယ်မျှလှပလိုက်တဲ့နာမည်လေးပါလိမ့်။

"High heel ထဲက ကြည့်မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်တော့ သူမက မှန်ပုံးထဲမှ ရွှေအိုရောင်ဒေါက်ချွန်လေးကိုယူ၍ ကောင်တာထက် တင်လိုက်လေ၏။

ကြည့်စမ်း! အင်မတန်လှပတဲ့ Design လေးမျိုး ရွေးတတ်တာပါလား. . .

" 37 ပါ၊ တော်မယ်ထင်တာပဲ။ အသားလေးက ဝင်းနေတော့ ဒီအရောင်လေးနဲ့လိုက်ဖက်မှာပါ။ ဝတ်ကြည့်လိုက်လေ"

ပြောလည်းပြော၊ ကောင်တာနောက်မှလည်း ထွက်လာကာ 'သွန်း' ခြေထောက်နား ဒူးထောက်ထိုင်ချလျက် ဖိနပ်ကိုစွပ်ရန်ပြင်လိုက်တာမို့ မျက်နှာလေး နွေးသွားရပါ၏။

ဦးနိုင်.ဆိုင်ကို မကြာခဏရောက်လာ တတ်ပါလျက် ဤမျှအထိ Customer ကို ရိုကျိုးစွာဆက်ဆံပေးသည့်ကောင်မလေးမျိုး တစ်ခါမှ မကြုံဖူးခဲ့တာလေ။

"မဟုတ်တာ"

"ဝတ်ကြည့်လိုက်ပါ၊ မကြိုက်လို့မဝယ်လည်း ရပါတယ်ရှင်"

ကဲ! မဝတ်.ဝတ်အောင် ပြောတတ်ပါရဲ့။ 'သွန်း'က ဝတ်လာသည့် အနက်ရောင်ကွင်းထိုးဖိနပ်ကိုချွတ်လိုက်စဉ် သူမက 'သွန်း' ခြေထောက်





သွယ်သွယ်လေးထဲသို့ ဖိနပ်လေးကို ဝတ်ပေးလိုက်လေ၏။ နောက်တစ်ဖက်ကိုပါ ဝတ်လိုက်ရင်း ခြေလှမ်းကို ဟိုဒီသုံးလေးလှမ်း လှည့်ပတ်လျှောက်လိုက်မိသည်။

ခြေနံ့ထက် ကြက်ခြေခတ်လေးပေါ်မှာ ကျောက်ဖြူလေးတွေ စီထားပြီး ဖနောင့်မှအသိုင်း ရွှေအိုရောင်ဖိနပ်လေးက ဝတ်လိုက်မှ ပို၍လှနေသည်လေ. . .

"လှလိုက်တာ. . . အရမ်းလိုက်တာပဲ"

လက်ဖဝါးလေးနှစ်ဖက်ပူး၍ 'သွန်း' ခြေထောက်လေးကိုငေးကာ ပြောလိုက်သည့်ကောင်မလေးကို ဖျတ်ခနဲကြည့်လိုက်မိ၏။ အလို! သိပ်ကိုလှပလွန်းတဲ့ အစည်လဲ့လဲ့မျက်ဝန်းလေးတွေပါလား. . . 'လျှမ်း' သာမြင်ရင် ဘယ်လိုပြောမှာပါလိမ့်။

"မင်းက ပြင်မှလှတာ၊ သာမန်နဲ့လှတဲ့သူ.မဟုတ်ဘူး၊ ကိုယ်က နဂိုယဉ်တဲ့မိန်းကလေးမျိုးပဲ သဘောကျတာ"

အဲဒီလိုပြောခဲ့တဲ့ 'လျှမ်း'အတွက် ဒီကောင်မလေးက ကွက်တိဖြစ်နေတာလေ၊ ကဲ! 'လျှမ်း'ရေ ယူ့ကို ဒီဆိုင်ထဲခေါ်လာရင် ယူဘာပြောမလဲလို့ စောင့်ကြည့်သေးတာပေါ့နော်။

"ဒါဘယ်လောက်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သုံးသောင်းနှစ်ထောင်ပါ"

"အလျှော့အတင်းရှိသလား"

"ပိုတို့ဆိုင်က တစ်ခွန်းဆိုင်ပါ၊ ဈေးတင်ပြီး မရောင်းပါဘူးရှင်"

ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပါ၏။ 'ပို'တဲ့. . . နာမည်လေး ထည့်ပြောတတ်တာလေးကိုက ချစ်စဖွယ်လေးမဟုတ်ပါလား။

ဖိနပ်ကိုပြန်ချွတ်ပေးတော့ စက္ကူဘူးထဲ သေချာထည့်ပေးကာ ကတ်ထူစက္ကူအိတ်နှင့်ထည့်ပြီး ကမ်းပေးလိုက်လေ၏။

လက်ချောင်းသွယ်သွယ်လေးတွေက ရှည်လျားလျားလေးနှင့် လှပနေပါ၏။ 'သွန်း'လိုလက်သည်းအရှည်မထား၊ လက်သည်းဆိုးဆေးမတင်ဘဲ ဖြူဖွေးသန့်စင်ကာ ချေးညှော်မရှိ၊ တိတိရိရိနှင့် သန့်ပြန့်နေတာလေ။ မာမီသာတွေ့ရင် ရွှေဆိုင်မှာ အရောင်းစာရေးခန့်မှာ အသေအချာပင်။

ငွေချေပေးတော့ တရိုတသေ လက်နှစ်ဖက်ဖြင့်ယူလေ၏။ ငါးထောင်တန် ခုနစ်ရွက်မှ တစ်ထောင်တန်အသစ်လေး သုံးရွက်ကို ပြန်ပေးလိုက်ပါသည်။ အရမ်းကြီး တမင်ပြုံးတာမျိုးမဟုတ်ဘဲ နှုတ်ခမ်းဖူးဖူးလေးက ပြုံးတုံ့တုံ့လေးလုပ်ထားပုံက Customer တွေကို ဖမ်းစားစေတာလေ။





"တို့နာမည် သွန်းနှင်းခပါ"

"ရှင်! ဪ. . . ဟုတ်ကဲ့ပါရှင့်၊ အခုလိုလာပြီး ဝယ်ယူအားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ နောက် Design အသစ်တွေ ထပ်ရောက်ရင် လာကြည့်ပါဦးနော်"

"ကောင်းပါပြီ၊ ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ရှင့်"

ခေါင်းညိတ်ပြုံးပြလိုက်ပြီး ထွက်သွားသည့်ကောင်မလေး၏ကျောပြင်လေးကိုငေးရင်း ကျန်ရစ်ခဲ့ရပါ၏။

လှလိုက်တာနော်. . . ချမ်းသာကြွယ်ဝတဲ့မိသားစုကမှန်း သိသာလွန်းသည်ပဲ၊ ရွှေတွေကို သိုးနေအောင်ဝတ်ထားတာမျိုးမဟုတ်ဘဲ ဆွဲကြိုးမျှင်မျှင်၊ နားကပ်သေးသေးလေးနှင့် လက်ချောင်းလေးတွေမှာ လက်စွပ်လေးတွေ (၇)ကွင်း (၁၀)ကွင်းလောက် စီတန်းဝတ်ထားတာကိုက ငယ်နုသည့်အရွယ်နှင့် လိုက်ဖက်လွန်းလေသည်။

အဝတ်အစားကိုလည်း သိပ်အလွန်အကျွံကြီး ခေတ်ရှေ့ပြေးအောင် ဝတ်ထားတာမျိုးမဟုတ်ဘဲ လိုက်ဖက်ရုံ ခေတ်မီမီလေးတွဲဝတ်ထားလေ၏။ မျက်နှာချိုချို၊ အသံသြသြလေးနှင့် ဖော်ရွေလွန်းသည့်သူဌေးသမီးနှင့် ပို့ဘဝက အကွာကြီးကွာခြားလွန်းတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဪ. . . ဘဝသမားတွေအတွက် တစ်နေ့တာဆိုတာ ရှည်လျားလွန်းသည့်အချိန်တွေဖြစ်နေတာအမှန်ပါပဲ. . .

♥♥♥

## အခန်း (၃)

''လှထပ်ရှာထားရဦးမှာပါလား''

Calculator ကိုင်၍ စာရင်းတွက်နေရာမှ မာမိက ညည်းသလိုပြောလိုက်ပါ၏။ Game ဆော့နေရင်း မာမို့ကို ဖျတ်ခနဲလှမ်းကြည့်လိုက်မိသည်။

စပန့်တွန့်ဂါဝန်ပွပွကြီး ဝတ်ထားပေမယ့် မာမိ၏ ငယ်နုအရွယ်ဝင်သည့်အလှက ပျက်မသွားပါချေ။ 'သွန်း'မှာ ဖခင်မဲ့သွားရတာ ဆယ်နှစ်ကျော်နေပြီဖြစ်ပေမယ့် 'သွန်း'ကိုငဲ့ညှာ၍ တစ်ယောက်တည်းရုန်းကန်ရင်း နောက်ထပ်အိမ်ထောင်မပြုခဲ့တာ အမှန်ပါပဲ။

''မာမို့ဆိုင်က ဘယ်သူထွက်ဦးမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အညိုလေ့သမီးရဲ့။ စက်ဘူက သွဦးလေး လှမ်းခေါ်လို့ နောက်လထဲ သွားရမှာတဲ့။ မာမီတော့ လက်မောင်းပြုတ်ပြီ။ သူလိုသွက်လက်ထက်မြက်တဲ့မိန်းကလေးမျိုးက ရှားတယ်လေ။ စာရိတ္တလည်း ကောင်းရုပ်ကလေးကလည်းလှတော့ မာမီ ဆိုင်မသွားဖြစ်ရင်တောင် စိတ်ချလက်ချရောင်းကောင်းတယ်။ ပြီးတော့ အပြောလေးကလည်း ချိုတယ်လေ၊ တော်ရုံလူ ခဏတဖြုတ်ဝင်ကြည့်တာတောင် အနည်းဆုံး လက်စွပ်တစ်ကွင်းလောက်တော့ ဝယ်ဖြစ်သွားတာသမီးရဲ့"

အပြောချိုတယ်ဆို၍ ဟိုတစ်နေ့က ဦးနိုင့်ဆိုင်က ဝိနုပ်ကောင်တာမှ ကောင်မလေးကို ကွက်ခနဲမြင်ယောင်လိုက်မိ၏။ မာမီပြောတဲ့အချက်တွေနဲ့ ကွက်တိဖြစ်နေတာမဟုတ်လား. . .

"ဦးနိုင့်ဆိုင်က ကောင်မလေးတွေဆိုရင်ရော မာမီ"

"မာမီ့မောင်က စတိုးဆိုင်ပဲဖွင့်ထားတာလေ၊ ရွှေအကြောင်း စိန်အကြောင်း သူ့ကလေးမလေးတွေက ဘာသိမှာတုန်း"

"သင်ပေးပေါ့ မာမီရဲ့"

"မဖြစ်ပါဘူးအေ၊ သင်ပေးရင် ကျွမ်းကျင်ဖို့ အနည်းဆုံး သုံးလလောက်အချိန်ယူရမှာ. . . ရွှေဆိုင်တွေ အပြိုင်အဆိုင်ဖွင့်နေကြတဲ့ခေတ်ကြီးမှာ မာမီ့ဆိုင် တစ်ရက်မရောင်းရတာနဲ့ အနည်းဆုံးဝင်ငွေ သိန်းနှစ်ဆယ်လောက် ထိခိုက်သွားမှာ သမီးရဲ့"

"သိန်းနှစ်ဆယ်တောင်"

"အေး. . ."

"မာမီ့ဆိုင် အဲဒီလောက် ရောင်းရလို့လား"

"ဒါပေါ့သမီးရဲ့၊ မနက် ကိုးနာရီကနေ ညကိုးနာရီအထိဖွင့်တာပဲဟာ။ ညနေလေးနာရီနောက်ပိုင်းဆို အရမ်းရောင်းကောင်းတာ။ မာမီ့ဆိုင်က သူများတွေလို Gift (လက်ဆောင်ပစ္စည်း)တို့. . . Voucher Card (ပစ္စည်းဝယ်ယူ၍ရသည့် ဖြတ်ပိုင်းကတ်)တို့ ပေးတာမျိုးမလုပ်ဘဲ အလျော့တွက်နဲ့လက်ခကို လျှော့ပြီးယူတာဆိုတော့ Customer (ဈေးဝယ်သူ)စိတ်ကြိုက်ဖြစ်စေတာလေ။ သူတို့အတွက် အဲဒါက ပိုထိရောက်တဲ့လက်ဆောင်ပဲကို"

"မာမီက တကယ်ဖီးကွက်မျက်စိပဲကိုး"

"ဘာလဲ. . . ဖီးကွက်မျက်စိ"

"ဈေးကွက်စီးပွားရေးကို မြင်တတ်လွန်းလို့ ပြောနေတာလေ"

မာမီက ငွေရေတော့မှာမို့ ပိုက်ဆံတွေကို စားပွဲပေါ်စီထပ်လိုက်ရင်း မျက်စောင်းခဲလိုက်လေ၏။ စက်ကိုပိတ်ကာ မာမီ့ရှေ့ ဆက်တိခုံမှာဝင်ထိုင်တော့ မာမီက မေးဆတ်ပြလိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ပိုင်းကူပေးမလို့လေ"

"နေပါ သမီးရယ်၊ မာမ့်အလုပ် မာမီနိုင်ပါတယ်"

"မာမ့်မလည်းနော်, သွန်းက ဘာမှအကူအညီမပေးရဘဲ အိမ်မှာ လူပိုကြီးဖြစ်နေပြီ၊ မီးဖိုချောင်လည်း မနိုင်၊ ဆိုင်လည်း လိုက်မကူနဲ့ဆိုတော့ သွန်းက ဘာသွားသုံးစားလို့ရတော့မှာလဲ မာမိရဲ့"

"သမီးရယ်, အေးအေးလူလူနေစမ်းပါ။ မီးဖိုချောင်ကိစ္စ သမီးဘာများကူစရာရှိလို့လဲ။ အချိန်တန် ထမင်းပွဲရှေ့ရောက် စားလို့ရနေတာပဲကို။ ဟော! ဆိုင်မှာရောင်းဖို့ထိုင်တယ်ဆိုတာ ဈေးသည်ပဲ သမီးရဲ့။ မာမ့်သမီးကို ဈေးသည်လို့မြင်ကြမှာမျိုး မလိုချင်ပါဘူး"

ဈေးသည်တဲ့. . . ဒါဆိုရင် 'သဒ္ဒါပို'ကရော ဈေးသည်လား၊ လူတွေရဲ့အညစ်ပတ်ဆုံးခြေထောက်ကိုဝတ်ဖို့ ဖိနပ်ကောင်တာမှာ မျက်နှာမပျက် တာဝန်ယူနေရတာလေ။ သူ့ခမျာ ဖိနပ်တစ်ရံလေး ရောင်းရဖို့ တစ်နေ့ကို ဘယ်နှခါများ မျက်နှာချိုသွေးထားရရှာမလဲ။ မာမ့်ရွှေဆိုင်မှာ ထိုင်တယ်ဆိုတာက ခုံမှာမိန့်မိန့်ကြီးထိုင်ပြီး မှန်ပုံးပေါ်လက်ထောက်ပြီး သက်သက်သာသာရောင်းရတာမျိုးပါလေ။

"မာမီကလည်း ရွှေဆိုင်ထိုင်တာ တစ်နေကုန်မတ်တတ်ရပ်နေတာမျိုးမှ မဟုတ်တာကို"





"အမယ်လေးလေ. . . မရပ်ရဘဲရှိပါ့မလားသမီးရဲ့။ ဈေးရောင်းကောင်းတဲ့နေ့ဆို တစ်နေ့လုံးခြေတောင့်အောင် ရပ်ရပြီး ပါးစပ်လည်းညောင်း၊ လက်ပါ အံသေတဲ့အထိဖြစ်ရတာ"

နားခေါင်းရှုံ့လိုက်မိသည်၊ ငွေစက္ကူရေလျှင် သုတ်ရသည့်ဖယောင်းဘူးကိုဖွင့်၍တို့ကာ မာမီက ငွေစရေနေချေပြီ။ ကြော်, ဒီငွေတွေကို မာမီသိမ်းကြုံးရှာနေသလောက် သွန်းက ဒိုင်ခံဖြုန်းနေတဲ့သမီးဖြစ်နေတာမဟုတ်လား။ ဒီလိုတွေးမိတော့ လစာလေးမက်၍ အရောင်းစာရေးမလေးဖြစ်နေသည့် သဒ္ဒါပိုကပင် သွန်းထက် ပိုပြီးအသုံးကျ တန်ဖိုးရှိနေတာလေ၊ ရှက်စရာပါလားနော်. . .

"လျှမ်းက သဘောကျမှာ"

"ဘယ်သူ့ကိုတုန်း၊ သမီးကိုဖွင့်ပြောပြီမို့လား"

"အာ, မာမီကလည်း မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ၊ ကျောင်းပြီးလို့ ဘွဲ့ပဲယူရတော့မယ်၊ သမီးတို့နှစ်ယောက်က ဘာမှအကြောင်းမထူးသေးတာလေ။ မာမိရော့, ကိုသန့်တို့ပါ သားနဲ့သမီးတို့က Engage လုပ်ပေးပါတော့လို့ ပြောလာမယ့်နေ့ကို စောင့်နေတာ"

သွန်းမျက်နှာလေး ရဲသွားရပါ၏။ အင်း. . . မာမီကသာ သဘော



www.burmeseclassic.com

www.burmeseclassic.com



တူနေတာလေ၊ လျှမ်းရဲ့မာမီ အန်တီမြတ်က သွန်းကို ချွေးမတော်ချင်ပုံမှမရတာပဲ၊ တကယ့်အိမ်ရှင်မ ပီသလွန်းသည့်အန်တီမြတ်ရဲ့ ချွေးမစံထဲမှာ သွန်းက အဆင့် (၁၀)တောင် ဝင်တာမှမဟုတ်ဘဲဟာ။

"အန်တီမြတ်က သွန်းကို ချွေးမလို့ချစ်မှာမှမဟုတ်ဘဲ မာမီရဲ့သမီးလို့ပဲချစ်တာပါ"

"သမီးက ချွေးမလိုအချစ်ခံချင်တာလား၊ ဒါဆို မာမ့်သမီး မရိုးတော့ဘူးပေါ့လေ။ သမီးဘက်က 75 Percents လောက် သေချာပြီထင်ပါရဲ့"

"အမယ်လေး! ဟိုကောင်ကြားမှ ဟားတိုက်လှောင်နေပါဦးမယ် မာမီ။ နဂိုကမှ သွန်းကို ပျစ်ပျစ်နှစ်နှစ်ပြောတတ်ပါဘိသနဲ့။ ဒီမှာတင်ရပ်ပါတော့"

မာမီက သဘောကျစွာဖြင့် တဟားဟားရယ်နေလေ၏။ ဟုတ်တယ်. . . သွန်းကို တစ်နေ့တစ်နေ့ မအေရှာသမျှငွေကို ဘယ်နည်းနဲ့သုံးရမလဲလို့ အမြဲစဉ်းစားနေတာတဲ့၊ နင့်ကိုယူတဲ့လူတော့ ပလိုင်းပေါက်နဲ့ ဖားကောက်သလို ရှာမလောက်ဖြစ်မှာ သေချာတယ်ဆိုပြီး ပြောတတ်တာလေ။ ဒီလိုလူက သွန်းကို ဇနီးမပြောပါနဲ့၊ ချစ်သူအဖြစ်နှင့်တောင်ရာထူးခန့်ပေးချင်မှာမှမဟုတ်ဘဲ။





"အလိုကွယ်. . . မာမ့်သမီး ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်လေးကို ချွေးမတော်ချင်နေတဲ့သူတွေ တစ်ပုံကြီးပါသမီးရဲ့။ သမီးကြိုက်ရာခေါင်းခေါက်ပြီးသာ ရွေးပါလေ့။ ဒီမှာ. မာမီ့မှာရှိသမျှဥစ္စာတွေ ပုံအောပြီး တောင်းရတောင်းရ. တင်တောင်းပေးလိုက်ပါ့မယ်။ အရေးအကြီးဆုံးက သမီးကလည်းချစ်ရမယ်၊ ပြီးတော့ သမီးကိုဖူးဖူးမှုတ်အလိုလိုက်တဲ့သူလည်း ဖြစ်ရမယ်။ အဲဒါဆို ပြည့်စုံပြီ"

ဒါပဲလား မာမီ၊ အချစ်ဆိုတာ ငွေနဲ့ပေးဝယ်လို့ရတဲ့အရာမှမဟုတ်ဘဲ။ မာမီပြောသလိုသာ နှလုံးသားကို ငွေပေးဝယ်လို့ရရင် လျှမ်းရဲ့ရင်ဘတ်ထဲက နှလုံးသားကို ရွှေပိဿာချိန် (၁၅၀၀) နဲ့ 'သွန်း' ပေးပြီးဝယ်လိုက်ချင်ပါရဲ့။

"ဖူးစာဆိုတာလည်း ရှိသေးတယ်လေ မာမီရဲ့"

"မာမီပြောတယ်လေ၊ သမီးကို ဘယ်ရွှေဘယ်မျှတင်တောင်းနိုင်တဲ့လူနဲ့မှ မာမီပေးစားမှာမှမဟုတ်ဘဲ။ မာမ့်သမီးကို စိတ်ချမ်းသာအောင်ထားပေးနိုင်တဲ့သူကိုသာ မာမီ့ရှေ့ခေါ်လာခဲ့စမ်းပါ။ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြစ်နေရင်တောင်မှ မာမ့်သမက်ကို တစ်ကိုယ်လုံးအပြည့်ပြီး ဆင်ပေးမယ့်အမေမျိုးပါရှင်"

'သွန်း'ပြုံးစိစိလေးဖြစ်သွားရပါ၏။ မာမီပြောတာကိုသာ သိုက်



www.burmeseclassic.com

www.burmeseclassic.com



သမား (ချူစားတတ်သောလူ) တွေကြားသွားရင် ထိပေါက်သလိုဖြစ်ကုန်ကြတော့မှာလေ။ အမေတစ်ခု သမီးတစ်ခုနေရပါလျက် ဒီသမီးကို အနုမျောမရှိ ရက်ရက်ရောရောပေးချင်နေတဲ့အမေမျိုး ဒီကမ္ဘာမှာ မာမီ တစ်ဦးသာရှိမှာ အသေအချာပါပဲ။

"ဟင်းဟင်း. . . တော်ကြာ မာမီ့ဥစ္စာတွေ အချောက်တိုက်ဖြုန်းမယ့်သူဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ မာမီရဲ့။ သွန်းက လူကဲခတ်သိပ်တတ်တာမျိုးမဟုတ်ဘူး"

"ဪ. သမီးရယ်၊ 'တင်တင်ခ'ပါကွယ်။ လူတစ်ယောက်ကို ခေါင်းဖျားခြေဆုံး စုန်ဆန်အကဲခတ်စရာမလိုအပ်ပါဘူး။ မျက်လုံးထဲ တစ်ချက်စိုက်ကြည့်လိုက်ရုံနဲ့ ဒီလူဟာ လူဆိုးလား၊ လူကောင်းလား၊ လူလိမ်လား သိပြီးသား။ မာမီ့ကိုလှေ့ဘွက်လို့ ဘယ်ရမလဲ။ ဒီလောကမှာ ကျင်လည်နေတာ အနှစ်သုံးဆယ်ကျော်နေပြီ 'သွန်းနှင်း'ရဲ့။ 'တင်တင်ခ'တို့ အံတိုနေပါပြီကွယ်"

"လူဖြောင့်ဆိုတာ ဘာလဲမာမီရဲ့"

"လူဖြောင့်ဆိုတာ အတွင်းစိတ်ရော၊ အပြင်ပန်းပါ ဖြောင့်မတ်တည်ကြည်တာကိုပြောတာလေ။ တချို့က အပြင်ကသာ သကာဖုံး ပြုပြနေတာ။ အတွင်းကျ. ကောက်ကျစ်တတ်တာမျိုးလေ"





"အင်း. . . ကြာလေကြာလေ သွန်းက မာမီ့ကို ခြေဖျားမမီဘဲ ညံ့လေညံ့လေဖြစ်နေပြီထင်ပါရဲ့"

"အဲဒီလိုမထင်ပါနဲ့သမီးရယ်။ မာမီ့သမီးက ရိုးတာပါ။ ရိုးတယ် ဆိုတာ နေရာတိုင်း မကောင်းဘူးကွယ့်။ လှည့်ဖြားလိမ်လည်ဖျတ်လတ်ရတဲ့နေရာ မျိုးမှာ သွက်လက်ရတယ်၊ ထက်မြက်မှုရှိရတယ်"

ဟုတ်မှပေါ့။ ဒါကြောင့် လှူမ်းက သွန်းကိုပြောတာလေ။ 'ငနုံမ' ဆို လက်ညှိုးထည့်ပေးရင်တောင် ကိုက်တတ်ပုံမရတဲ့ ငတုံးတဲ့လေ။

ဘယ်သူက ဒီလောက်ထိတုံးပါ့မလဲ။ သူ့အပေါ် လိုတာထက်ပို သံယောဇဉ်တွေ တွယ်ငြိနေလို့သာ သည်းခံနေတာကို ဒီလိုမျိုးနှိမ် ချဆက်ဆံနေတာလေ။

"ဟိုနေ့ကလေ. . . ဦးနိုင်ဆိုင်မှာ 'သွန်း' ဖိနပ်ဝင်ဝယ်တုန်းက ကောင်မလေးတစ်ယောက်ကိုတွေ့ခဲ့တယ် မာမီရဲ့။ ကြည့်ရတာ သွန်းထက် ငယ်ပုံပါပဲ။ ဒါပေမဲ့ ချစ်ဖို့ကောင်းတယ်။ အဲဒီကောင်မလေးသာ ဆိုင်ရောက်လာရင် customer တွေကို လာပါဝယ်ပါလို့ ပါးစပ်နဲ့ ခေါ်စရာတောင် လုံးဝမလိုဘူး။ ခုံပေါ်မှာ ငြိမ်ငြိမ်လေးထိုင်ပေးရုံနဲ့ လူတစ်ယောက်. ပြောတစ်ယောက်ဝင်လာပြီး ဝယ်မှာသေချာတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်! ကောင်မလေးက ဘယ်လောက်များလှလို့ တင်စားပြီး ပြောနေရတာတုန်း။ ကယ်လီယိုပက်ထရာလို ဘုရင်တွေ ပစ်ကျလောက်အောင် လှသလား။ ဉမ္မာဒန္တီလို ယောကျ်ားတွေ ရူးလောက်အောင် လှလို့လား"

'သွန်း' ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိ၏။ မာမိပြောသလို ရာဇဝင်ထဲက မင်းသမီးတွေလို တင်စားရလောက်အောင် လှပတာမျိုး မဟုတ်ပေမယ့် ချစ်စရာလေးနှင့် တစ်မျိုးလေး ဆွဲဆောင်မှုရှိနေသည့် သဒ္ဒါပို၏အလှကို မည်သို့ပြောပြရမှာပါလိမ့်။

"သဒ္ဒါပို လှ,မလှဆိုတာ မာမို့မျက်စိနဲ့ တပ်အပ်မြင်မှ သိမှာပေါ့။ သွန်းမျက်စိထဲမှာတော့ အရမ်းကိုချစ်ဖို့ကောင်းတာအမှန်ပဲ"

"သဒ္ဒါပို ဟုတ်လား၊ အတော်အဓိပ္ပာယ်ရှိပြီး လှလိုက်တဲ့နာမည်လေးပါလား။ မာမို့သမီးကိုပေးတဲ့နာမည်က လှလှချည်ရဲ့ထင်နေတာ ဒီကလေးနာမည်ကမှ ပိုလှနေတာကိုး"

"မာမိမြင်ရင် ပိုတောင်မှချစ်သွားဦးမှာ မာမိရဲ့ သူ့မျက်လုံးလေးတွေက ကလေးဆန်ပြီး အပြစ်ကင်းတယ်။ မျက်ဆန်လေးတွေက နက်နေတာပဲ။ နှာတံစင်းစင်းလေးနဲ့ နှုတ်ခမ်းလေးတွေက ပြုံးမနေဘဲ ပြုံးထားသလိုလေး ဖြစ်နေတာ။ ခန္ဓာကိုယ်လေးက uniform ဝတ်ထား





တာတောင် လေယာဉ်မယ်တွေလိုပဲ သိပ်ကြည့်လို့ကောင်းတယ်၊ ဆံပင်လေးတွေကိုအလယ်ခွဲပြီး ဖိုးရိုးလေးပဲချထားတာ စင်းနေတာပဲ၊ အသံလေးက ချိုပြီးအေးနေတာ တစ်ဖက်လူရင်ထဲတောင် ကူးလာသလိုပဲ ခံစားရတယ်"

"အလိုတော်၊ ကိုယ့်ကိုယ်ကိုလည်း မှန်ထဲပြန်ကြည့်ပါဦး သမီးရယ်၊ မာမို့သမီးလောက် လှတဲ့မိန်းကလေးမျိုး ဒီကမ္ဘာမှာ လှည့်ရှာကြည့်လိုက်ပါဦး။ ထမင်းထုပ်သာ သိုသွားမယ်၊ မာမို့သမီးလို အလှပစားမျိုး မရှိပေါင်အေ"

သွန်းသဘောခွေ့အောင် ပြောမှန်းသိပေမယ့် ပြုံးစိစိလေးတော့ ဖြစ်သွားမိပါ၏။ မာမိပြောသလောက်ထိ မလှမှန်း သွန်းကိုယ်သွန်း သိနေတာလေ။ အစစအရာရာပြည့်စုံပါလျက် လှတာကာအလယ်မှာ ငွေနဲ့ ကြည့်ရလောက်တဲ့အထိတော့ ထင်ဆနဲလှသည့်အလှမျိုးမှမဟုတ်ဘဲ။

သဒ္ဒါပိုကိုသာ သွန်းဝတ်ငလှ့ရှိသလို ဝင်ငပ[illegible]ကြည့်လိုက်ရင် သွန်း မျှော်မှန်းထားသလိုဖြစ်လာမှာ အသေအချာပါ။ 'လူမှာအဝတ် တောင်းမှာ အကွပ်'ဆိုတဲ့စကားပုံက အလကားရှိခဲ့တာမှမဟုတ်ဘဲ။ သွန်းက ပြင်ပြင်ဆင်ဆင်လေးနေမှသာ ကြည့်ကောင်းတဲ့ရုပ်မျိုး။ ကြည့်ပျော်ရှုပျော်အလှနဲ့ပါလေ။ 'သဒ္ဒါပို'ကသာ ဘာမှလိမ်းခြယ်ခြင်းမရှိဘဲ သိသာ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသည့်အလှပိုင်ရှင်လေးပါပဲ။

"မာမိကတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်မှာပေါ့။ သူ့ကိုတွေ့မှ သွန်း ပြောတာမပိုမှန်း မာမိသိသွားမှာ"

"ရုပ်လှရုံနဲ့ ဘာလုပ်လို့ရမှာလဲ သမီးရဲ့။ မိန်းကလေးဆိုတာ အစစအရာရာ အဖက်ဖက်ကပြည့်စုံမှ တန်ဖိုးရှိတာ"

"မာမိကလည်း မိန်းမမှာ အဆင်း ယောကျ်ားမှာ အချင်းရှိ ဆို"

"အမယ်လေးနော်. E ထ နဲ့ဘွဲ့ရပေလို့ပဲ။ မြန်မာစာနဲ့သာ ဘွဲ့ရ ရင် ငါ့ကိုစကားပုံတွေ ဘယ်နှမျိုးသုံးပြမလဲမသိ မသွန်းနှင်းခရယ်"

"ဟင်းဟင်းဟင်း, တကယ်ပြောတာမာမိရဲ့။ တစ်ရက်လောက် ပဲ လမ်းကြုံလို့ဆိုပြီး ဝင်သွားကြည့်လိုက်ပါ။ သွန်းပြောတာကို မာမိယုံ သွားလိမ့်မယ်။ တော်ကြာမှ မာမ့်မှာ သားမရှိလို့ သန္တါပိုကို ချွေးမ,မတော် ရတာ နာလိုက်တာလို့တောင် ဖြစ်ဦးမှာအသေအချာပဲ"

"ညည်းကိုပဲ နာမည်ပြောင်းရတော့မယ်ထင်တယ်နော်"

"ဘယ်လိုပြောင်းချင်လို့လဲ မာမိရဲ့"

"အပိုစကားတွေ ပြောလွန်းလို့လေ 'သွန်းခပို'လို့"

"အဲဒါမှ သွန်းနာမည် ပိုလှသွားတာ မာမိရဲ့"





သားအမိနှစ်ယောက်သား ရယ်မောလိုက်ကြလေ၏။ သွန်းတို့အိမ် မှာ မာမိနဲ့သွန်းပြီးရင် ထမင်းချက်ဒေါ်ကြိုင်နဲ့ အဝတ်လျှော်အိမ်တောက် တို့မယ်ရခိုင်းစရာ မိစိုး ခြံစောင့်ဦးမြိုင်နဲ့ driver ဦးမောင်တို့သာ ရှိတာ လေ။ အလုပ်သမားတွေက သူတို့ဟာသူတို့ သီးသန့်စီနေကြပြီး သွန်း တို့သားအမိက သီးခြားဖြစ်နေတာပင်။ ဒက်ဒီရှိစဉ်ကတည်းက အလုပ် သမားတွေမို့ သွန်းတို့အပေါ် သစ္စာရှိတာကတော့အမှန်ပါပဲ။

လျှမ်းတို့မိသားစုက ဘေးခြံပင်မို့ သွန်းတို့သားအမိကိုစောင့်ရှောက် ကြတာပါလေ။ ဒီနေ့ကတော့ ခါတိုင်းလို လျှမ်းအကြောင်းမပြောဖြစ်ဘဲ သန္တါပိုအကြောင်းပြောဖြစ်သွားတာ အထူးအဆန်းပါပဲ။

'ပို'တဲ့. . .

ခပ်တိုတိုခေါ်လည်း ခေါ်လို့ကောင်းလိုက်တာနော်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"ကိုအောင်. မနေ့က ပို့ထယ်လာတဲ့ တဘက်အပြာလေး တွေ့မိ

…ပင်"

ထမင်းကို ခရမ်းချဉ်သီးငါးပိချက်နှင့် နယ်ဖတ်ရုံသာ ရှိသေး၏။

…နှာကိုတော့ အစပျိုးနေပါရောလား။ တစ်နေ့တစ်နေ့ ဘာမှမစား

…တဲ့ အလုပ်သွားရတဲ့နေ့တွေက များလှပြီလေ။ အလုပ်မှ ထမင်းကျွေး

…က နေ့ခင်း(၁၂)နာရီမှ ပင်ပန်းသည့်ကြားက ဆာသည့်ဒဏ်ကို အူ

…က်၍ လိုမ့်ပိန့်ခံနေရတာ ဗိုက်အောင့်သည့်ရောဂါတောင် ရနေပြီမဟုတ်

…။ . .

အခုလည်းကြည့်၊ အဖေ ကုမ္ပဏီသွားခါနီး မိထွေးတော်၏ပြောင်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နာနာသွေးထိုးသံက စကြားရပြီကိုး။ မန်နေဂျာကြီးဦးလုအေး (အဖေ) ကတော့ စကားနည်းရန်စဲ အင်းလိုက်သံဖြင့် တုံ့ပြန်ဦးမည်သာ။

"လေင်းကိုမေးကြည့်လေ မိုးရယ်။ ကိုယ်အလုပ်သွားရတော့မယ့်ဟာကို မေးစရာလား။ ကိုယ်က အိမ်မှာအမြဲရှိတဲ့သူမှမဟုတ်ဘဲ"

တွေ့လား. . . အဖေက အဲဒီလို အင်မတန်အေးဆေးလွန်းသည့်လူကြီးပါပဲ၊ နောက် မိန်းမနှင့်သားကြား ဘယ်လိုပြဿနာရှိလဲလို့ စဉ်းစားမိပုံမရ။ သားအတွက် အစားရသည့်မအေ၏ ဂရုတစိုက်ချက်ပြုတ်ကျွေးမွေးတာကို ကျေးဇူးတင်နေတာလေ။

"ကိုအောင့်သားက မိုးကိုအရေးလုပ်တာမှမဟုတ်တာ၊ တော်ကြာသူ့ကိုစွပ်စွဲတယ်ဆိုပြီး မိုးကိုပြန်အော်နေပါဦးမယ်။ မမေးချင်ပါဘူး"

ကဲ. အခုရောဘာထူးလို့လဲ။ အိမ်မှာ ဒီသုံးယောက်ကလွဲပြီး ဘာလူပိုမှရှိတာမဟုတ်။ အဖေမတွေ့ဘူးဆိုရင် သူယူတယ်လို့ပဲဖြစ်မှာပေါ့။ အတော့်ကိုမူရာမာယာများတဲ့ မိထွေးပါလားနော်။

"မိုးပဲပြောတယ်လေ၊ ကိုယ့်သားဟာ မိုးရဲ့သားပဲဆို။ သားလိုသဘောထားရင် သူ့ကိုပြောဆိုဆုံးမနိုင်ရမှာပေါ့။ ရိုက်ချင်ရင်တောင် ရိုက်လို့ရသေးတယ်"

"အမယ်လေး! မရိုက်ရဲပေါင် ကိုအောင်ရယ်။ နဂိုကမှ ပတ်ဝန်း





ချင်က ပြောချင်နေရတဲ့ကြားထဲ။ တော်ကြာ လင်ပါသားကို မိထွေးနှိပ်စက်ပါတယ်လို့ မိုးပဲအပြောခံရမှာပေါ့"

ထမင်းကိုပလုပ်ပလောင်းစားရင်း မျက်နှာကို မဲ့ရွဲ့ပစ်လိုက်မိ၏။ အချိန်ဆို အန့်တိမိုးတစ်ယောက် ဒေါ်ခင်အေးဟာန်အိုက်တင်နဲ့ ပဲထုတ်လောက်ပြီလေ။ သရုပ်ဆောင်တဲ့နေရာမှာတော့ အကယ်ဒမီဆုချိတ်လောက်တဲ့အထိ ဒင်းတော်လွန်းနေတာကိုး။

"လင်းလက်. ဟောကောင် လင်းလက်"

"ဗျာ"

ထမင်းလုပ်ဝါးရင်း ထူးသံက ဗလုံးဗထွေး။ စတီးဇလုံကို ဘေစင်ခေလောင်း ဆပ်ပြာတိုက်ဆေးပြီး စင်ပေါ်မှောက်ကာ လက်သုတ်အမြန်ထွက်ခဲ့၏။ အဖေက အိမ်ဝမှာ မျက်မှောင်ကြုတ်၍ရပ်နေသည်။

"မိုးရဲ့တဘက်အပြာ ပျောက်သွားလို့တဲ့၊ အဲဒါ. . ."

"ကျွန်တော်မှ မသိဘဲဗျ။ နေ့တိုင်း အဖေနဲ့ရှေ့ဆင့်နောက်ဆင့်လုပ်သွားတဲ့ဟာ၊ ကျွန်တော် အိမ်ပြန်လာတာက အဖေ့ထက်တောင်နောက်ကျသေးတာ"

"ဟောကောင်. ငါ ဘာမှမမေးရသေးဘူး။ မင်းက ဘုးအရင်ခါရ



www.burmeseclassic.com

www.burmeseclassic.com



အသား''

''အခုပဲ ဝဝ်းစားကြည့်ပေါ့ဗျ၊ ကျွန်တော့်မှာ ကိုယ့်ဝင်ငွေနဲ့ကိုယ် ဖြစ်နေပြီ၊ ဘာမဆို အဖေ့ဆီ လက်ဖြန့်တောင်းနေတာမဟုတ်ဘူး။ ဒီလို အသေးအဖွဲ့ပစ္စည်းတွေကအစ အကုန်ဝယ်သုံးနိုင်ပါတယ်၊ ကျွန်တော် က စစ်သဘက်ပဲ အမြဲသုံးနေတဲ့ဟာ လူကိုစွပ်စွပ်စွဲစွဲပြောတာတော့ မခံနိုင်ဘူး''

''ကြည့်စမ်း! နှုတ်သီးကောင်းလျှာပါးနဲ့ပြောနေလိုက်တာ။ မိုးကို ဝင်ငွေမရှိ အလုပ်မလုပ်တဲ့သူသိပြီး စွပ်စွဲနေတာပဲ ကိုအောင်ရဲ့''

''လင်းလက်''

''တော်ပါ ဒေါ်မိုးမိုးပြင့်ရယ်၊ ကစ်နေ့တစ်နေ့ ပြဿနာကို ဆိုလို အပေါက်ရှာပြီး လုပ်နေတာကို ဆင်ခြင်ပါတော့၊ အမေနဲ့ကျွန်တော့်ကြား မှာ သွေးထိုးမပေးပါနဲ့။ စိတ်ချ. ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော် ရပ်နိုင်တဲ့တစ်နေ့ ဒီအိမ်ပေါ်က အပြီးသင်းပေးပါ့မယ်''

''ဟော့ကောင်''

''ကြည့်စမ်း! ကြည့်စမ်း! မိုးကိုများ ငွေမက်၊ ပစ္စည်းမက်တယ်ဆို ပြီး ပြောနေလိုက်တာ ဂါရဝတရားမရှိ အကြောက်အလန့်မရှိ ကိုအောင် ရယ်''





စလာပါပြီ၊ မျက်ရည်လေးဝဲတဲဝဲတဲနဲ့ ပုလဲခတော့မယ် Action လေ။ အမြင်ကပ်လိုက်တာ မပြောပါနဲ့တော့၊ အိမ်ပေါ်ကိုစရောက်တဲ့ နေ့ကတည်းက ကြည့်မရတာ၊ ကြာလာတာနဲ့အမျှ 'တစောင်းစေးနဲ့ မျက်ချေး'ပဲဖြစ်နေရတာမဟုတ်လား။

''မင်းရိုင်းလှချည်လား လင်းလက်၊ အမေအရွယ်ကိုရိုသေရမယ် မှန်း မင်းမသိဘူးလားကွ''

''အပေ့မိန်းမကာမှ ပုံစံမကျတာ''ဟုအငေါ်တူး၍ ပြန်မပြောဖြစ် တော့ပါချေ။ ဘာပဲဖြစ်ဖြစ် အဖေကတော့ သူ့အဖေဖြစ်နေ၍ ရိုသေရ မည်သာ၊ ပြီးတော့ သူ့အပေါ် ဒီနေ့အထိ မခင်ဝတ္တရားကျေပွန်တဲ့ဖခင် ပေကို။

''ရှစ်နာရီထိုးနေပြီ အဖေ၊ အလုပ်နောက်ကျဦးမယ်။ ဆုချင်ရင် ညပြန်လာမှ ဆက်ဆုပါ။ ကျွန်တော်လည်း ဒီနေ့စာစောဝင်ရမှာမို့ သွား တော့မယ်''

သူက ပြောလည်းပြော၊ ချိတ်မှာ ချိတ်ထားသည့် လျှာထိုးဦးထုပ် ကိုဖြုတ်ဆောင်း၍ အိမ်ထဲမှထွက်လာခဲ့၏။ ဦးထုပ်လျှာလေးကိုကိုင်ရင်း ပြုံးလိုက်မိသည်၊ ဒါ မိုးကိုဝယ်ဆောင်ဝယ်ပေးထားတဲ့ဦးထုပ်ကိုး ဒီ ဆိုလို့ မိုးပိုတစ်ယောက် အလုပ်တောင်သွားပြီလား. . .



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့ရောက်တော့ လမ်းတစ်ဖက်(ရှေ့တည့်တည့်ခြံ)ကို လှမ်းကြည့်လိုက်မိ၏။ အမေချိုက တဘက်လေးကို နေပူပူမှာ ထုတ်လှမ်းဖို့ ပြင်နေလေသည်။

"အမေချို"

"ဝေ့"

"မိပို သွားပြီလား"

"အေး. သား။ အခုလေးတင်ပဲထွက်သွားတာ သိပ်မကြာသေးဘူး"

"သူတစ်ယောက်တည်းလား။ မိစုမပါဘူးလား အမေချိုရဲ့"

"စုစု.ဖျားနေလို့ ဒီနေ့ခွင့်တိုင်ထားတယ်တဲ့"

"ဪ. ကျွန်တော်သွားတော့မယ် အမေချို။ လမ်းထိပ်မှာ မိပိုနဲ့ ဆုံလိုဆုံငြားပေါ့"

"အေးအေး. . . သား"

လမ်းထိပ်ဘက်သို့ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလာခဲ့ပါ၏။ အနည်းဆုံးတော့ ကားမှတ်တိုင်မှာ ကားစောင့်နေတုန်း မီနိုင်သေးတာလေ။ မိပိုဟာ သူနဲ့ငယ်စဉ်ကတည်းက လည်ပင်းဖက်ပေါင်းပြီး ကြီးပြင်းလာခဲ့တာ ဒီအရွယ်ထိတိုင်ပါ။ ငယ်ငယ်တုန်းကတော့ မိပိုရောသူပါ ဝဝလုံးလုံးဖောင်းဖောင်းလေးတွေပါပဲ၊ ကြီးလာတော့မှ နှစ်ယောက်စလုံး





လန်ဘားတွေ ဖြစ်ကုန်တာလေ။

အရွယ်ရောက်လာတာနဲ့အမျှ လှသွေးကြွယ်လာတဲ့ မိပိုရဲ့သဘာဝအလှကို အကဲစမ်းချင်သူတွေပေါ်လာတော့ သူက မိပိုဆိုတဲ့ အာသာဝတီနတ်ပန်းလေးကို စောင့်ကြပ်ရတဲ့ဘီလူးကြီးကိုဖြစ်လို့လေ။

ငယ်သူငယ်ချင်းဆိုတာထက် ညီမလေးတစ်ယောက်လို သံယောဇဉ်ပိုခဲ့တာတော့အမှန်ပါ။ မိပိုကလည်း သူ့လိုတစ်ဦးတည်းသောကလေးမို့ သူ့အပေါ် အစ်ကိုတစ်ယောက်လိုချစ်ရှာမှန်း သူသိပါ၏။

ချစ်ရှာတာဆို၍ မေမေ့ကို သတိရမိသွားပါ၏၊ မေမေက မိပိုကို သမီးအရင်းလေးလို တအားချစ်တာမဟုတ်လား။ သူတို့အိမ်ကို မိပိုတစ်ခုခုလာပို့တိုင်း အမေချစ်ရဲ့ချွေးမလေးဆိုပြီး စတတ်တာလေ။ အဲဒီ အခါ မိပိုရဲ့မျက်နှာလေး ရဲရဲနီနေတာ မပြောပါနဲ့တော့။ မေမေ့ကိုဘာမှပြန်မပြောရဲပေမယ့် သူ့ကို မျက်စောင်းတော့ ခဲဖြစ်အောင်ခဲသေးတာ အမှန်ပါပဲ။

မိပိုရဲ့ချစ်စရာအကောင်းဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံးအရာက ထိုမျက်စောင်းလေးထိုးတတ်တဲ့ မျက်လုံးနက်လေးတွေနဲ့ ပြုံးခဲတဲ့နှုတ်ခမ်းဖူးလေးထက်က အပြုံးလေးပါပဲ၊ ဘဝသမားမိသားစုဝင်တွေမို့ ရှိတာလေးနဲ့လှအောင်ဝတ်ပြီး ယဉ်ယဉ်လေးလှတဲ့မိပိုလောက် အကြည့်ခံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှမျိုး သူ့မျက်စိထဲမှာ ဒီနေ့အထိ မတွေ့သေးပါချေ။

"မိပို"

ကားလာရာဘက်ဆန့်ထားသည့်လည်တိုင်လေးက ဖျတ်ခနဲလှည့်လာလေ၏။ ကြည့်စမ်း! ဒီနေ့မှ ထူးထူးခြားခြား သနပ်ခါးပါးကွက်ကျားတွေဘာတွေ ဆွဲလို့ပါလား။ နင်တော့ ဟိုလူကြီးကို ညှို့မြူလုပ်မယ်မကြံနဲ့ မိပိုရေ။ ငါ့လက်သီးနဲ့တော့ နီးတော့မယ်ထင်ပါရဲ့။

"မိစု နေမကောင်းရင် ငါလိုက်ပို့ပေးမှာပေါ့။ ဘာလို့မစောင့်တာလဲ"

"နင်မှမအားဘဲ အလင်းရယ်။ နေ့တိုင်းသွားနေရတဲ့အလုပ်ပါဟဲ့။ ငါ့ဘာသာ သွားတတ်ပါတယ်။ ကလေးမှမဟုတ်တာ"

"အေးပါ၊ နင် ကလေးမဟုတ်ကြောင်း သက်သေတွေ သိပ်မပြစမ်းပါနဲ့။ တော်ကြာ. . . ဟိုလူကြီးက နင့်ကို ငုံးကြော်စားသလို တကျွတ်ကျွတ်နဲ့ ဝါးစားသွားမယ်မှတ်။ ငါမပြောလိုက်ချင်ဘူး။ ဟွန်း. . ."

သူမမျက်နှာလေး ပြုံးစိစိဖြစ်သွားရပါ၏။ ဟုတ်တယ်လေ၊ မပြောလိုက်ချင်ဘူးဆိုတဲ့လူက ပြောသွားလိုက်တာမှ ထောင့်ကိုစေ့နေတာပဲ မဟုတ်လား၊

"ဘာပြောင်စပ်စပ်လုပ်နေတာလဲ၊ ငါထုမိတော့မယ်"





"အား. . ."

စကားမဆုံးခင် လက်သီးဆုပ်ကြီးက ဒုန်းခနဲ သူမခေါင်းပေါ်ကို ထိုးချေပြီ။ အလင်းတို့က အဲဒီလိုခြေမြန်လက်မြန်ရှိတာလေ။ ဒါကြောင့်လည်း သူ့ကို သူမအားကိုးတကြီးရှိရတာလေ။

"နင်ကလည်း ငါဘာမှမလုပ်ရသေးဘဲ ထုတာက အရင်ပဲ"

"အံမာ! ဘာမဟုတ်တာလုပ်ချင်လို့လဲ။ ဒီမှာတွေ့လား"

လက်သီးဆုပ်ကြီးက မျက်စိရှေ့ရောက်လာပြန်တာမို့ သူ့လက်ကို ဖျတ်ခနဲပုတ်ချလိုက်မိ၏။ သူ့မျက်နှာမှာ အပြုံးအရယ်မရှိ ခုထိ ရှုံ့တည်တည်ကြီးဖြစ်နေတုန်းပါလေ။

"ကြည့်ပါလား။ နင့်ဟာနင် အိမ်မှာပြဿနာဖြစ်လာတာနဲ့ ငါ့ကို လာရမ်းနေပြီးတော့"

"တော်စမ်းပါ၊ ဒီပိတွေးကိုများ စာရင်းထဲထည့်ပြီး ခေါင်းရှုပ်မခံနိုင်ဘူး။ တစ်နေ့ ငါရုန်းထွက်နိုင်မှပဲ ဒီဝဋ်က ကျွတ်မှာကို သိထားပြီးသား"

"နင် ဘယ်ကိုထွက်သွားမလို့လဲဟင်"

လက်မောင်းကိုကိုင်၍ ခေါင်းမော့မေးနေသည့်သူမကိုကြည့်ပြီး သူပြုံးလိုက်မိပါ၏။ အင်း၊ ခုနေများ မပြောကောင်းမဆိုကောင်း သူသေ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် မိပိုတစ်ယောက် ရှုံးတောင်ရှုံးသွားလေမလား မသိနိုင်ပါလေ။

"ကမ္ဘာဝင်ရိုးစွန်းကိုလေ, နင်လိုက်မယ်မဟုတ်လား၊ လာ"

"ဟဲ့"

လက်ကောက်ဝတ်ကိုဆွဲခေါ်လိုက်တာမို့ အလန့်တကြားဖြစ်သွား ပါ၏။ bus ကားပေါ်တက်မှပဲ သူမ ပြုံးနိုင်တော့သည်လေ။ အလင်းတို့ ကတော့ လုပ်လိုက်မှဖြင့် အထိတ်တလန့်နှင့်မဟုတ်လား။

"နင့်ပါးပေါ်က သနပ်ခါးတွေ ဖျက်လိုက်စမ်းပါ မိပိုရာ"

"ဘာဖြစ်လို့လဲ၊ မလှလို့လား"

ငါနော်၊ စိတ်ရှိလက်ရှိထုလိုက်ရ (ကားပေါ်မှာမို့) မကောင်းတော့ ဘူး။ ဒင်း, နှုတ်ချက်အ,ချက်ကတော့ တစ်ဆုံးလေ။ မိန်းကလေးတွေရဲ့ ပါးမို့မို့ထက်က သနပ်ခါးဘဲကျားလေးတွေဟာ ယောကျ်ားလေးတွေရဲ့စိတ် ကို မရိုးမရွဖြစ်စေတဲ့အန္တရာယ်ကို ဒင်းမသိလေရော့သလား။

"မလှဘူး. . . ဖျက်"

"ဟင်! နင်ကလည်း ဖေဖေလက်ဆောင်ရလာလို့ ဒီရှင်မတော် လေး လူးလာမိပါတယ်။ တစ်နေ့လုံး သနပ်ခါးနံ့လေးများ မွှေးနေမလား လို့"

"ဖျက်ဆိုဖျက်ပေါ့။ နင့်သနပ်ခါးကို နင်မမွှေးရဘဲ သူများလာမွှေ





သွားမယ်"

"အဲဒါ ဘာစကားကြီးလဲ"

"ဒီစကားကြီးပဲ။ ငြိမ်ငြိမ်နေ"

အင်္ကျီအိတ်ကပ်ထဲက လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာထက်သုတ် ပေးချေပြီ၊ ကားစီးနေရင်းမို့ ရှက်မိပေမယ့် သူမလက်ဆောင်ပေးထားသည့် ပဝါလေးဖြင့် သုတ်ပေးတာမို့ ကျေနပ်မိပါ၏။ အလင်းကတော့ လူရှေ့ သူ့ရှေ့မရှောင် ပိုင်စိုးပိုင်နင်းလုပ်လိုက်ရမှလေ။

"ကုန်ပါပြီဟယ်။ နှမြောစရာကြီး"

"ဘာနှမြောတာလဲ။ နင်လိမ်းချင်ရင် အိမ်ထဲမှာပဲလိမ်း၊ အပြင် ထွက်ရင် မလိမ်းနဲ့"

"သနပ်ခါးလိမ်းတာပဲ၊ အပြင်ထွက်ဖို့မလိမ်းရရင် ဘာသွားလုပ် တော့မှာလဲ"

"ငါပြောရင် ပြောသလိုလုပ်လေ။ Do as I say, Mi Po သွားမရှည်နဲ့။ နင်ကြိုက်လို့ လိမ်းတာလား၊ သူများကြည့်တာခံချင်လို့ လိမ်းတာလား"

"ကြိုက်လို့ပေါ့"

"အေး. ကြိုက်ရင် အိမ်မှာပဲ ပါးကွက်လိမ်း။ အပြင်ထွက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှမေလိမ်းနဲ့ တောသူမရဲ့"

"ဪ, ပါးကွက်လူးတာ တောသူနဲ့တူလို့လား"

ပြုံးတုံ့တုံ့လေးဖြစ်သွားသည့်သူမကို မျက်စောင်းခဲ၍ လက်ကိုင်ပဝါကို အိတ်ကပ်ထဲပြန်ခေါက်၍ ထည့်သိမ်းလိုက်ပါ၏။ ပြဿနာပဲ။ မိပိုရဲ့သနပ်ခါးနံ့ကို သူ အနီးကပ်ရှူရှိုက်ခွင့်ရနေတာလေ။

ခက်တော့နေပြီ မိပို။ ငါလုပ်တာ လွန်များလွန်သွားလေသလား။ ဘေးမှာရပ်နေသည့် ခရီးသွားတွေအပြုံးစိစိကြည့်နေတာကို ပြုံးဟက်ကြည့်ဖြင့် ပြန်ကြည့်လိုက်ပြီး မိပိုလက်မောင်းကိုဆွဲ၍ သူ့ရှေ့မှာ ရပ်စေလိုက်သည်။

"ဘာလဲ"

အနီးကပ်မေ့မေးလိုက်တာကို ခေါင်းခါ၍သာ ဖြေလိုက်ပါ၏။ သူ့မေးစေ့အောက်နားမှာရှိနေသည့် သူ့ပခေါင်းထက်ရှိ ဆံနွယ်များထံမှ ရှမ်ပူနံ့သင်းသင်းလေးကို ရလိုက်လေသည်။

မိပို, နင့်လက်ကိုကိုင်ရလို့ ဆင်ခြင်ဖို့ တစ်ခါမှ ငါမတွေးခဲ့မိတာ အမှန်ပဲ။ အမေ ချွေးမတော်ချင်တယ်ပြောခဲ့တာကိုလည်း ငါမကန့်ကွက်ခဲ့ဖူးလေခဲ့။

နင့်ကို သူများတွေ ပိုင်သွားမှာကိုတော့ ငါကြောက်တာအမှန်ပဲ





ဒီလက်ဖဝါးနုနုလေး ဒီလက်မောင်းအိအိလေး ဒီဆံနွယ်ပျော့ပျော့လေးတွေကို ငါကလွဲပြီး ဘယ်သူကိုမှ ပေးမထိရဘူးနော်။ ငါသိပ်လောဘကြီးတတ်တာ နင်အသိဆုံးပဲမဟုတ်လား သဒ္ဒါပို။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

''အဲဒါ ဘယ်သူလဲ''

မိရ ကောင်တာမှအိတ်တွေကို ဖုန်ခါနေစဉ် သက်သက်ထံမှမေး ထွက်လာလေ၏။ သက်သက်က stationary ကောင်တာမှို ပိုရောင်း အားသွက်တာ မှန်ပေမယ့် ဒီနေ့ သက်စုမလာသည့်အတွက် သူမနှင့်သက် သက်တို့က ဒီကောင်တာကို အတူခွဲဝေတာဝန်ယူလိုက်ရတာပင်။

''ဘာကိုပြောတာလဲ သက်သက်ရဲ့''

''မနက်က မပိုကို ဆိုင်ရှေ့လာပို့ပေးတဲ့ကောင်လေးကိုပြောတာ လေ''

''သြော်. အဲဒါ ပို့သူငယ်ချင်းပါ သက်သက်ရဲ့။ ဘာဖြစ်လို့လဲ''

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



''ဘာမှမဖြစ်ပါဘူး။ ဟိုဒင်း ချောလို့မေးကြည့်တာ''

အံမယ်! အလင်းကိုချောတယ်တဲ့။ အလင်းရုပ်လေးက (နို့ချ

ပေမယ့်) သန့်ပြန့်နေတာလေ။ ဝပ်ရှော့လုပ်တယ်ဆိုပြီး ဘယ်တော့

စုတ်စုတ်ပြတ်ပြတ်နဲ့ ညစ်ပေတာတွေ မဝတ်တတ်ပေ။ အလုပ်မှာတော

ဝတ်ရမှာပေါ့နော်။ ဒါပေမဲ့ အလင်းက ဘယ်တော့မဆို ရေမိုးချိုး

သပ်သပ်ရပ်ရပ်နေတတ်တာပါလေ။

''ခင်တာကြာပြီလားဟင်''

''အင်း အလင်းနဲ့ပိုက ငယ်ငယ်ကလေးဘဝတည်းက ကျောင်

အတူတက်ပြီး လည်ပင်းဖက်ပေါင်းရင်း ကြီးလာကြတာ သက်သက်ရဲ့''

''ဒါဖြင့် ငယ်သူငယ်ချင်းပေါ့နော်''

''အင်းပေါ့''

''ခုထိ သူငယ်ချင်းပဲလား''

''ဟောတော်. သက်သက်က ဘယ်လိုထင်နေလို့လဲ''

''ဟိုလေ. အလုပ်ကိုလိုက်ပို့ပေးတာဆိုတော့ ဟိုဒင်းလားလို့''

ကြည်ပြာနှင့် မိုးစန္ဒာတို့အကြည့်တွေက စိတ်ဝင်တစားရှိနေ

လေ၏။ ဒီကို သက်သက်နှင့်ရှေ့ဆင့်နောက်ဆင့်ရောက်ကြတာမို့ အလင်

ကို ဒီနှစ်ယောက် မမြင်လိုက်ရပါလေ။ အခုလည်း သူမကို အလုပ်အ





က်ပို့ပေးတဲ့လူရှိတဲ့သတင်းကြားရုံနဲ့ မရိုးမရွတွေဖြစ်နေတာလေ။

တကယ်ဆို ဦးနိုင်နဲ့သမုတ်နေတဲ့ကိစ္စကြောင့် ပို့မှာ ဦးနိုင်ထက်

ယ်နဲ့ချောမောတဲ့ကောင်လေးရှိတယ်ဆိုပြီး ကြားလုံးထုတ်ပြလိုက်ချင်

ာပါ။ ဒါပေမဲ့ ဘာမှမဟုတ်ပါဘဲ အလင်းရဲ့သိက္ခာတွေ ကျဆင်းကုန်

ိုလည်း စိုးရိမ်မိတာလေ။ အလင်းဘာသာအလင်း ကူညီပေးတာက

ိစ္စမရှိ။ သူမကြောင့် အလင်းစိတ်ဆိုးသွားမှာကိုသာ စိုးရိမ်နေမိတာ

ဟုတ်လား။

''မဟုတ်ပါဘူး သက်သက်ရဲ့။ သက်စရော အလင်းပါ ပိုနဲ့ငယ်

သူငယ်ချင်းတွေပါ''

''ဟုတ်လား''

''သက်သက်.ခင်ချင်ရင် အလင်းနဲ့ပို မိတ်ဆက်ပေးမယ်၊ စိတ်ချ''

''သူပါ ဖယ်ရိစီးမှာလား''

''မစီးပါဘူး။ ဒီနေ့ သက်စမလာတော့ ပိုကို တစ်ယောက်တည်း

ိတ်မချလို့ ဖယ်ရီစီးခိုင်းမှာမဟုတ်ဘူးလေ။ သူနဲ့အတူ လိုင်းကားစီးပြီး

ြန်ရမှာပေါ့''

ကြည်ပြာနှင့် မစန္ဒာ မျက်နှာမဲ့ပြလိုက်တာကို မြင်လိုက်ရလေ၏။

ာင်း. မနာလိုမရှုစိမ့်တွေကလည်း များလိုက်တာနော်။ တစ်ဆိုင်တည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြီး ဝန်ထမ်းအချင်းချင်း ချစ်ခင်စည်းလုံးဖို့မစဉ်းစားဘဲ ကဲ့ရဲ့ ရှုံ့ချသည့်အမူအရာတွေပဲ အမြဲပြနေတဲ့ senior နှစ်ယောက်ပေကိုး။

''ဒီနေ့ လူမစုံဘူးလားဟေ့''

ဆိုင်ထဲဝင်လာသည့်ဦးနိုင်ကြီးကို ဦးညွှတ်ကြိုလိုက်ကြပါ၏။ ခု ချိန်ထိ သက်စုကောင်တာမှာ နှစ်ယောက်တွဲရပ်နေတာမို့ ဦးနိုင်ကြီး၏ အကြည့်က သူမဆီရောက်လာလေသည်။

''ပိုက ဘယ့်နှယ့် သက်စုကောင်တာကို ရောက်နေရတာလဲ''

''ဒီနေ့ သက်စုနေမကောင်းလို့ ခွင့်တိုင်ထားပါတယ် ဦး။ အဲဒါ ပိုနဲ့သက်သက် ဒီကောင်တာကိုပေါင်းပြီး တာဝန်ယူထားတာပါ''

''မဖြစ်ဘူးလေ၊ သက်သက်က stationary ရောင်းရတာ လက် မလည်တဲ့ဟာကို။ ကြည်ပြာ. အဲဒီမှာ စန္ဒာနဲ့လွှဲခဲ့။ အိတ်ကောင်တာက လူမရှိလို့မဖြစ်ဘူး။ နင်တို့ရေမွှေးတွေ Make-up တွေက တစ်ယောက် တည်း ရောင်းလို့ရတယ်။ ဒီဖိနပ်တွေအိတ်တွေက လူလစ်တာနဲ့ အလစ် သုတ်ခံရတတ်တာ မကြာခဏပဲဟာကို။ ပို. ကိုယ့်ကောင်တာ ကိုယ်ပြန် နေ။ သက်သက်ရောပဲ''

ကဲ. ဘယ့်နှယ့်ရှိစ။ သက်သက်နှင့် တစ်ယောက်မျက်နှာတစ် ယောက်ကြည့်လိုက်မိပြီး ကိုယ့်ကောင်တာဆီ ကိုယ်ပြန်ဝင်လိုက်စဉ်





ကြည်ပြာက မျက်နှာရှုံ့ပုပ်လျက် သက်စုကောင်တာသို့လျှောက်လာလေ ၏။ ဦးနိုင်ကြီးက ရုံးခန်းတံခါးကိုဖွင့်၍ ဝင်ရန်ပြင်လိုက်ပြီးမှ လှည့်ပြော လိုက်ပါသည်။

''သြော်. မနေ့ကအရောင်းစာရင်းတွေ ယူလာပေးပါဦး ပို။ စန္ဒာ သိမှာ တခြားကောင်တာက အပ်ထားတဲ့စာရွက်တွေပါရှိမယ်။ အဲဒါပါ ယူခဲ့ပေး။ အားလုံး အစောင် (၂၀)နော်။ သေချာရေလာခဲ့''

''ဟုတ်ကဲ့ပါ ဦး''

မစန္ဒာဆီ စာရွက်သွားယူတော့ မျက်နှာစူလျက်ဖြင့်ပေးလေ၏။ (၁၇)စောင်မို့ သူမနှင့် သက်စုအပြင် သက်သက်ဆီမှပါဆို အစောင်(၂၀) ပြည့်ပြီလေ။ အရင်က ဒီအလုပ်ကို ပိုးစန္ဒာပဲလုပ်ရပါလျက် ဒီနေ့မှ ထူး ထူးခြားခြား သူမကိုခိုင်းချေသည်ကိုး။

''ရပါပြီ ဦး. ဒီမှာပါ''

''ခဏထိုင်ဦး ပို။ ကိုယ်ပြောစရာရှိသေးတယ်''

စားပွဲရှေ့ရှိထိုင်ခုံမှာ ဝင်ထိုင်လိုက်ရပါ၏။ ဘာများပြောဦးမလို့ ပါလိမ့်။ (၁၀)နာရီထိုးနေပြီမို့ customer တွေ ဝင်လာကြတော့မှာ ...။

''ပို ဒီနှစ်စာမေးပွဲဖြေပြီးရင် အဲဒီကောင်တာမှာ ထိုင်ဖို့မလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သိလား"

"ရှင်!"

အရောင်းကောင်တာမှာ မနေရတော့ဘူးဆိုရင် အလုပ်များ ပြုတ်လိုက်မလို့လား။ တအံ့တသြဖြင့် မျက်လုံးလေးတွေပါ ဝိုင်းသွားရလေ၏။ ဦးနိုင် ဘာများဆိုလိုတာပါလိမ့်နော်။

"ပို့ကို, ပို့ကိုအလုပ်ဖြုတ်လိုက်တာလားဟင်"

"ဟာ. . . ဘယ်ကသာ အလုပ်ဖြုတ်ရမှာလဲ ပိုရဲ့။ ကျောင်းပြီးမှ မန်နေဂျာရာထူးပေးလို့ရမှာမို့ ကြိုပြောထားတာလေ"

"ရှင်!"

"မန်နေဂျာဆိုတာ အခုကိုယ်လုပ်တဲ့စားပွဲမှာထိုင်ပြီး ငြိမ်ငြိမ်လေး လုပ်ရမှာကိုပြောတာလေ။ ကိုယ်က မမရဲ့ရွှေဆိုင်မှာရော ကိုကြီးကုမ္ပဏီမှာပါ ရှယ်ယာတွေဝင်ထားတော့ ဆိုင်မှာ အကြာကြီးလာမထိုင်နိုင်တော့ဘူး။ မမဆိုင်က အကြောင်းမဟုတ်ပေမယ့် ကုမ္ပဏီမှာက Member တွေ Meeting မကြာခဏထိုင်ကြတော့လေ"

ပြောချင်ရာတွေ ဖွတ်ပြောနေတာမို့ ဘာမှနားမလည်ပေမယ့် ငြိမ်ငြိမ်းနားထောင်နေရလေ၏။ အမယ်လေးနော်၊ ရုံးခန်းထဲထိုင်ရမှာတော့ သူ့ အချိန်မရွေးဝင်ထွက်လို့ရတော့မှာပေါ့။ အခုတောင်မှ သူမနဲ့ အမနာပ





ပြောဆိုနေကြတာ။ အဲဒီအနေအထားမျိုးနဲ့သာဆို ပြောဖွယ်ရာမရှိတော့ ဘယ်လိုပဲ တော်လို့ခန့်ခန့် BOSS ကိုကပ်ချွဲပြီး ဒီရာထူးရတယ်လို့ အပြောခံရမှာ အသေအချာပါလေ။

အလင်းရေ့ ငါ့ကို ဒီအလုပ်က မြန်မြန်ထွက်အောင် နင်ဆုတောင်း ရိုးမှန်ရင် နင့်ဆန္ဒတွေပြည့်တော့မှာ အမှန်တကယ်ပါပဲ။

"ကိုယ်ပြောတာ နားလည်လား"

"ဟင့်အင်း"

"ကျွတ်! ခက်တာပဲ။ ကဲကဲ. . . လောလောဆယ် ကောင်တာမှာ နေပါဦး။ နောက်မှ ဒီအလုပ်တွေကို ဖြည်းဖြည်းချင်း ကိုယ်သင်ပေးပါ့ ယ်"

"ဟုတ်ကဲ့"

ခပ်မြန်မြန်လေးခေါင်းညိတ်ပြကာ သုတ်သုတ်ထွက်လာခဲ့ပါသည်။ မယ်လေးနော်၊ သူနဲ့အနီးကပ်နေရပြီး သင်ပေးသမျှ နားထောင်ရရင် လင်းတစ်ယောက် ပေါက်ချလာတော့မှာပါပဲ။ မနက်ကပဲ လက်သီးပြ သေးတာ။ ဒီလိုရုံးခန်းထဲ ထိုင်ရမှာများသိလို့ကတော့ အမယ်လေး! က်သီးတွေ ထလိုက်တာနော်။

"ဟော. . ."



www.burmeseclassic.com

www.burmeseclassic.com



ကောင်တာတွေရှေ့မှာ လက်ပိုက်၍ ဖြည်းဖြည်းချင်းလျှောက်ကြည့်နေသည့်အန်တီချောချောကြီးကြောင့် လန့်သွားရပါ၏။ သူမကောင်တာရှေ့မှာမှ ခြေစုံရပ်လိုက်သည်ကို။ ရုံးခန်းရှေ့မှ ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် ကိုယ့်ကောင်တာဆီ မြန်မြန်လေးလှမ်းလိုက်ရလေသည်။ ဒီနေ့တော့ ငါးသောင်းဝန်းကျင်လောက် ရောင်းရချည်ရဲ့။

''မင်္ဂလာပါ အန်တီ''

''ဪ. မင်္ဂလာပါကွယ်''

''ဖိနပ်လေးဘွေကြည့်ချင်လို့လား အန်တီ။ ဒီမှာ sliper ရိုးရိုးရှင်းရှင်းလေးတွေလည်း ရှိပါတယ်။ တစ်လက်မခွဲလောက် တစ်ပြေးညီဒုံထူတွေလည်းရှိတယ်၊ အန်တီ့ခန္ဓာကိုယ်က fit ဖြစ်တော့ ဒေါက်ကလေးနဲ့ စီးလို့လည်းဖြစ်ပါတယ်။ နှစ်သက်ရာရွေးချယ်ပါရှင်''

ဒေါ်တင်တင်မျက်နှာက လမင်းကြီးလိုဝင်းပသွားလေ၏။ ကောင်မလေးငါ့ရင်ဘတ်ဆီမှ Name card ကို ခပ်ဝဲဝဲလေးကြည့်လိုက်မိသည်၊ သေချာပါတယ်၊ ဒါ သမီးပြောလိုက်တဲ့ သဒ္ဒါပိုဆိုတဲ့မိန်းကလေးပါလေ။

ပုံစံက အေးအေးလူလူလေးဖြစ်ပေမယ့် အသွက်စားလေးပါပဲ။ သမီးကိုတော့ ဘယ်လိုစျေးရောင်းခဲ့သည်မသိ၊ မိမိလို (၄၀)ကျော် (၅၀)





ဝန်းကျင်မိန်းမကြီးကို မငယ်ဝယ်ချင်အောင် (အပိုမဟုတ်ပါဘဲ) ပြောဆိုတတ်ပုံကတော့ အမှတ်တွေပိုတိုးစေတာ အသေအချာပါလေ။

မဆိုးဘူး၊ သမီးသိပ်တော်တယ် သွန်းနှင်းခ။ လူကဲခတ်တဲ့နေရာမှာ မာမို့နီးနီး.တော်နေတာပါလား. . .

''အမှန်က ဖိနပ်ဝယ်ချင်လို့ အန်တီရောက်လာတာမဟုတ်ဘူး သမီးရဲ့''

''ရှင်! ''

''သမီးကိုမြင်ဖူးချင်လို့ လာကြည့်တာလေ''

''ရှင်! ''

ဒုက္ခပါပဲ၊ ဒီနေ့တော့ အံ့သြစရာတွေ ထိပ်တိုက်ကြီးကို မကြားဘာကြုံနေရတာပါလား၊ ပြက္ခဒိန်ထဲမှာ ဒီနေ့ ရက်ရာဇာလား ပြဿဒါးလား သူမသေချာမသိပါ။ သေချာတာကတော့ သူမအတွက် ဒီနေ့ဟာ အထိတ်တလန့်နေ့ ဖြစ်နေတယ်ဆိုတာပါပဲ၊

''ဟိုတလောက သမီးဆီမှာ ဖိနပ်လာဝယ်သွားတဲ့မိန်းကလေးကို မှတ်မိလား''

''ဘယ်သူ့ကိုပြောတာပါလဲ အန်တီ။ ပို နေ့တိုင်းတွေ့ရတဲ့ customer တွေထဲမှာ မိန်းကလေးတွေ အများကြီးမို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှတ်မိမှာပါ. . . သမီးကို နာမည်ပြောပြခဲ့တဲ့တစ်ယောက်လေ"

"ဪ၊ သိပြီ၊ သွန်းနှင်းခဆိုလား လှလှချောချောလေး"

"ဟင်းဟင်း. . . ဟုတ်တယ်သမီးရဲ့။ အန်တီက သူ့အမေ ဒေါ်တင်တင်ခလေ"

"ဪ၊ ဟုတ်ကဲ့"

"ဒီမှာ အန်တီ့ Visiting Card ယူထားလိုက်နော်။ သမီး ဒီမှာမလုပ်ချင်တော့ရင် အန်တီ့ဆိုင်ကို အချိန်မရွေးလာခဲ့ပါ"

"ဟုတ်ကဲ့"

ဘာမှန်းတိတိကျကျမသိလိုက်ပါဘဲ ခေါင်းညိတ်လိုက်မိပြန်ပါရဲ့။ အနားမှာ အလင်းသာရှိနေရင် ခေါင်းကိုဒုန်းခနဲထုလိုက်မှာ အသေအချာပဲ။ လက်ထဲရောက်လာသည့်ကတ်လေးကို ဖတ်လိုက်တော့မှ မျက်လုံးပြူးသွားရလေ၏။

ဘုရားရေ! စိန်တိုက်နဲ့တွဲဖွင့်ထားတဲ့ ရွှေဆိုင်ကြီးဖြစ်နေပါရောလား။ 'ဒီလှိုင်းခ'တဲ့။ အတော့်ကိုနာမည်ကြီးနေတဲ့ဆိုင်ကြီးပါလေ။

"ဒီမှာထက်စာရင် သမီးအတွက် ပိုပြီးသက်တောင့်သက်သာလည်းရှိမယ်။ ပြီးတော့ လစာလည်း ကောင်းမှာလေ။ သမီးလာချင်ရင်





မိုးနှင်းကို အန်တီ phone ဆက်ပြောလိုက်ရုံပါပဲ။ သိပ်မခက်ပါဘူး"

"မိုးနှင်း"

"အင်းလေ၊ ဒီဆိုင်က သမီးတို့ Boss က အန်တီ့ cousin လေ သမီးရဲ့"

အမယ်လေးလေ၊ လက်စသတ်တော့ ဦးနှင်းနဲ့ရင်းနှီးသွားမှာစိုးလို့ ဒီကနေ ပထုတ်နေတာပါလား။ မုံးက ဘယ်လိုမှမထင်ရပါချေ။ မျက်နှာပြုံးပြုံးလေးနဲ့ ကတ်လေးကို လူကြားထဲပေးပြီးပြောနေပုံက ပညာရှိလိုက်တာနော်။ ဒါကြောင့် 'မြူးနေရင်သတိထား'ဆိုတဲ့ဆောင်ပုဒ်ပေါ်လာတာကိုး။

"ဟိုလေ၊ အန်တီ၊ မိုက အန်တီထင်နေသလိုမျိုးမဟုတ်ရပါဘူး"

"ဘာလဲ၊ သမီး ဒီကထွက်ရင် မိုးနှင်းဆူမှာစိုးလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲကွယ်"

"မိုက နောက်ဆုံးနှစ်ဖြေဖို့ကျန်ပါသေးတယ် အန်တီ။ အဲဒါ စာမေးပွဲဖြေရင် ဒီကထွက်မှာမို့ပါ"

"ဟုတ်လား၊ မိုးနှင်းက သမီးစာမေးပွဲဖြေဖို့ ခွင့်မပေးဘူးလား ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟောတော်၊ ဒီလိုပြောနေပုံထောက်ရင် သူ့မထင်သလိုမဟုတ် ဘူးနော်။ တကယ်ပဲ ရွှေဆိုင်ကိုပြောင်းစေချင်တာများလား၊ လူကဲခတ် ညံ့လွန်းသည့် ကိုယ့်ကိုယ်ကို စိတ်တွေတိုလာပြီး စကားဆက်ရန် အစ ရှာ၍မရတော့ပါချေ။

"အဲဒါတော့ ဘယ်ကောင်းမလဲကွယ်။ ဒါဆိုရင်လည်း စာမေးပွဲ ဖြေပြီးတာနဲ့ အန်တီ့ဆိုင်ပြောင်းဖို့ အခုပဲသွားပြောလိုက်မယ်။ သူရှိ တယ်မဟုတ်လား"

"ရှင်! ဟိုဟို. . . မပြောပါနဲ့ အန်တီ။ ဦးက ခွင့်ပေးပါတယ်"

"ဒါဆို သမီးက မလုပ်ချင်တော့တာပေါ့"

"ဟုတ်. မေမေ့ကျန်းမာရေးအခြေအနေရှိသေးလို့ပါ"

"အို! တော်တော်များ စိုးရိမ်ရလားသမီးရယ်။ ဘာရောဂါများ ကြီးကြီးမားမားရထားလို့လဲ"

ဖွ. လွဲပါစေ ဖယ်ပါစေ၊ ဒနေ့ငါးလိုင်းသုံး ပြေမှုကို ရောဂါသည် ဖြစ်နိုင်းစေတာလေ။

"နှလုံး,သွေးတိုးလောက်ပါပဲ အန်တီ"

"ဩော်. ဒါများသမီးရယ်၊ အန်တီတို့အရွယ်မှာ ဒါမျိုးဖြစ်တတ် တာ သဘာဝပါကွယ်။ အဆန်းမှမဟုတ်တော့တာ၊ ကဲပါလေ. သမီးသာ





အန်တီ့ phone ကိုဆက်လိုက်ချည်။ အန်တီသွားဦးမယ်နော်"

"ဟုတ်ကဲ့ရှင့်"

အန်တီကြီးထွက်သွားမှ သက်ပြင်းငွေ့ငွေ့ကိုသာချမိတော့၏။ ဒီ နေ့ ကံမကောင်းသေးပါလားနော်၊

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သန့်စင်ခန်းထဲမှာ မှန်ကြည့်ရင်း ဆံပင်ရှည်တို့ကို ဘီးဖြင့်သုံးလေး ပြုံးချလိုက်ပါ၏။ သက်သက်က သူမနောက် တကပ်ကပ်ဖြစ်နေတာ ပြုံးလိုက်မိသည်။ ဒီကောင်မလေး အလင်းကို အတော်လေးစိတ်ဝင် နေတာထင်ပါရဲ့။

"သူက သဘောရောကောင်းရဲ့လားဟင် မပို"

"ကောင်းတော့ကောင်းပါတယ် သက်သက်ရဲ့။ ဒါပေမဲ့ စိတ်တော့ ညည်းဆတ်တယ်"

"ဟင်! အဲဒါဆို အသက်နဲ့မိတ်ဆက်ပေးလို့ဖြစ်ပါ့မလား မပိုရဲ့။ ကြာ အော်ဟွတ်ရင် ဘယ့်နှယ့်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မအော်ပါဘူး သက်သက်ရယ်။ လာ. ထွက်ကြစို့"

ကျန်သည့်လူတွေက မျက်နှာကို Cream Puff မို့၊ နှုတ်ခမ်းဆေးဆိုး ဆပ်ဆိုးနေကြ၍ မထွက်ဖြစ်ကြသေး။ ဖယ်ရီကလည်း လူစုံမှထွက်တာမို့ အချိန်ဆွဲနေကြတာလည်းဖြစ်ပါ၏။ ဆိုင်မှန်တံခါးကို တွန်းဖွင့်လိုက်စဉ် အပြင်မှာ ရပ်စောင့်နေပါသည့်သူ့ကို တွေ့လိုက်ရပါသည်။ လိမ္မာလိုက်တဲ့အလင်းပါလားနော်။

"ဘာတွေလုပ်နေလို့ ဒီလောက်ကြာနေတာလဲ။ ပြန်တဲ့လူတွေ ပြန်ကုန်ကြပြီ"

စလာပြီ. ဆူတဲ့အလုပ်။ တကတည်းမှပဲ သူမွေးထားတဲ့ကလေးသာဆို နားပူလို့ အိမ်ပြေးဖြစ်လောက်ပြီ။ အခုပဲ ကြည်လင်သည့်စိတ်က ချက်ချင်းပြယ်ရလေပြီ။ သူမရဲ့အလင်းက အဲဒီလိုပါလေ။

"နည်းနည်းယါးယါး ရေအိမ်တော့ တက်ရမှာပေါ့အလင်းရဲ့။ တော်ကြာ လမ်းမှာမအောင့်နိုင်မှ ဒုက္ခဖြစ်ကုန်မှာ"

"အောင့်ထားပေါ့"

"ကြည့်"

"ဒီဆံပင်တွေ ဖြီးလာတာလား။ ညပဲ မှောင်နေပြီ၊ နှင် ရှိုးထုတ်ပြနေလို့ ဘယ်သူမှမကြည့်ဘူး။ စိတ်ချ"





"အလင်းကလည်းဟယ်. . . စတိုထဲ ပစ္စည်းတွေသိမ်းရတော့ ဆံပင်တွေ ရှုပ်ပွသယောင်းကုန်လို့ သုံးလေးချက်လေး ဖြီးလာတဲ့ဟာကို လှချင်လို့မှမဟုတ်ဘဲ"

"ဖြီးရော မှန်း. မျက်နှာမှာရော ဘာညာသာရကာတွေ ရိုက်လာသေးလား"

"ဟဲ့"

မျက်နှာနား ငုံ့လိုက်တာမို့ သူမ အလန့်တကြားဖြင့် ခေါင်းကိုရှောင်လိုက်ရ၏။ ဘေးမှာရှိနေသည့်သက်သက်က မျက်လုံးလေးတွေပြူးလို့ပါလေ။

"ငါ ဘာမှမလိမ်းပါဘူးဟယ်"

"တော်သေးတာပေါ့။ လာလေ. သွားကြမယ်"

"နေဦး"

"လိုင်းကားစောင့်စီးရမှာလေ။ ဒီလောက်မှောင်နေရင် အောက်ထိုက်ကားပဲ ရတော့မှာ"

"ငါ နှင့်ကိုမိတ်ဆက်ပေးမလို့ အလင်းရဲ့"

"မိတ်ဆက်ပေးမလို့. ဟုတ်လား"

"အင်း. ဒါက သက်သက်တဲ့။ stationary ကောင်တာမှာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့တင်ယောက်ပေါ့။ သက်သက်၊ ဒါက လင်းလက်အောင်တဲ့။ ပိုပြော
တဲ့ သူငယ်ချင်းလေ''

''ဟုတ်ကဲ့''

''ကျွတ်! နင်တော်တော်အပိုတွေလုပ်နေတာလား မိပို။ ဘာကို
တခြားမိန်းကလေးတွေနဲ့ လာမိတ်ဆက်နေရတာလဲ။ ရှုပ်ရှုပ်ယှက်ယှက်
တွေ ငါမခင်ချင်ပါဘူး။ ငါ့မှာ သူငယ်ချင်းဆိုလို့ နင်တစ်ယောက်တည်း
ရှိတာ သိတယ်မဟုတ်လား''

''ဟယ်! အလင်းကလည်း သက်သက်ကိုအားနာစရာ''

''ဘာအားနာရမှာလဲ။ ငါမခင်ချင်လို့ မခင်ဘူးပြောတာ အားနာ
ရမှာလား။ နင် နေရာတကာ ဖြောင့်ဖြောင့်ကြီးမြင်မနေနဲ့ မိပိုရဲ့။ လာ
သွားမယ်''

လက်ကောက်ဝတ်ကိုဆုပ်ကိုင်၍ ဆွဲခေါ်ခဲ့တာမို့ ရုန်းရင်းဖြင့် ပါ
လာခဲ့ရလေ၏။ ထိုင်ရွေ့မှာကျန်ရစ်ခဲ့သည့်သက်သက်တော့ မည်သို့ဖြစ်
ကျန်ခဲ့လေပြီမသိပေ။ ဒီမှာတော့ဖြင့် ရင်တွေခုန်၊ ဒူးတွေတုန်ပြီး နှလုံး
သားတစ်ခုလုံး ဖြောင်းဆန်ကုန်တာလေ။

သူမအပေါ် အလင်း မကြာခဏ လက်ပွန်းတတီးဆက်ဆံတတ်
ပေမယ့် အခုလို လူရှေ့သူရှေ့ သူစိမ်းတွေကြားမှာတော့ တစ်ခါမှမသုံ





ခဲ့ဖူးပါချေ။ အခုတော့ သက်သက်ရှေ့မှာ သူမကို ပိုင်စိုးပိုင်နင်းတွေပြု
လုပ်နေတာလေ။

''ငါ့လက်ကိုလွှတ်ဦးလေ၊ နာလှပြီ''

''ဒါလေးကိုင်တာနဲ့ ဖြစ်နေလိုက်တာ။ နင်လုပ်တဲ့အချိုးက ဟုတ်
ရဲ့လား''

''ငါဘာလုပ်လို့လဲ''

''အခုပဲ နင်လုပ်လာတာလေ။ ငါ့ကို တခြားမိန်းကလေးတွေနဲ့
မိတ်ဆက်ပေးတာ ဘာသဘောလဲ''

''ငါက ရိုးရိုးသားသားနဲ့. . .''

''ဘာ, ရိုးရိုးသားသားလဲ. . . ဒီလိုမိတ်ဆက်တဲ့အလုပ်ဆိုတာ
အကြောင်းပြချက်တစ်မျိုးတော့ရှိတယ် မိပိုရဲ့။ နင်မသိချင်ယောင်ဆောင်
မနေနဲ့။ ဒီမှာ ငါ့မျက်နှာကိုသေချာကြည့်။ အဲဒီလိုကောင်မလေးတွေကို
အလင်းဟိုက လုံးဝစိတ်မဝင်စားဘူး။ နင်မိတ်ဆက်ပေးချင်ရင် တိုက်
ရိုက်အားနဲ့ အထက်တန်းကျကျသူဌေးသမီးမျိုးနဲ့ပဲ မိတ်ဆက်ပေးစမ်းပါ''

ရင်ထဲမှာ အောင့်သွားရပါ၏။ 'ရင်' လောက်မှန်းမှ ဒူးလောက်ရ
တယ်' ဆိုတာ မှန်ပေမယ့် အမြင့်မှန်းရင် ပြုတ်ကျတတ်တယ်ဆိုတာကို
သူမေ့နေတာပဲလား။ သူဌေးသမီးကိုမှ လူလို့ထင်၊ ရွှေသားင်ဆိုပြီး ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတဲ့အလင်းအတွက် သူမက သူငယ်ချင်းအဆင့်နဲ့ပဲ အရာဝင်တော့တာပေါ့လေ။ ဘယ်သူမဆို ချမ်းသာချင်ကြတာ ဓမ္မတာပေမယ့် သူမကတော့ ကိုယ့်အစွမ်းအစနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ချမ်းသာချင်တာပါ။ ငွေကြေးချမ်းသာမှုထက် စိတ်ချမ်းသာမှုကိုသာ ပိုပြီးလိုလားတာအမှန်ပါလေ။

''ဟဲ့. နေဦးလေ''

ရှေ့ကိုခြေလှမ်းတိုး၍ ဘောက်ဆတ်ဘောက်ဆတ်လျှောက်တော့ လက်မောင်းကို လာဆွဲပြန်လေ၏။ လူကို ရုပ်သေးရုပ်များ ထင်နေလေသလား။ သူစေရာသွား၊ သူခိုင်းရာလုပ်ရအောင် ပိုနှဲ့အလင်းက သူငယ်ချင်းအဆင့်မှာသာ ရပ်တည်နေတာပါလေ။

''ငါ့ကိုမထိပါနဲ့''

''ဟာ. ဘာဖြစ်တာတုန်း။ နေရင်းထိုင်ရင်း အထိမခံကြွေပန်းကန်ဖြစ်သွားရတယ်လို့''

''ငါ့ကိုလာမထိနဲ့လေ။ နင်က သူဌေးသမီး နုနုရွရွ လှလှလေးတွေကိုမှ ထိချင်တို့ချင်နေတာမဟုတ်လား။ သူတို့ကိုပဲ သွားထိလေ။ ငါ့အသားက ဆင်းရဲသားမို့ ကြမ်းတယ်အလင်းရဲ့။ နင့်လက်တွေ ပွန်းရကုန်မှာစိုးလို့ လာမထိပါနဲ့''





သူက သဘောကျစွာဖြင့် တဟားဟားအော်ရယ်လေတော့၏။ ဘာရယ်စရာများပါလို့ပါလဲ။ မှန်းချင်လိုက်တာနော်။ အမြင်ကပ်လို့ ရွဲ့ပြီးပြောမှန်းလည်း မသိပါလား။

''မိပို''

''ဘာလဲ''

''နင် ၂ ဝင်နေတာပေါ့လေ''

''ဘာ. . . ဘာပြောတယ်''

''ငါ. သူဌေးသမီးနဲ့ကြိုက်သွားမှာကို နင် မနာလိုတိုရှည်ဖြစ်နေတာ မဟုတ်လား။ ငါသိပါတယ် သာလိကာရယ်''

''ဟင်! အဲဒါ ၂ ဖြစ်ဦး။ နင့်ဟာနင် သူဌေးသမီးမကလို့ သူဌေးအဘွားကြီး သွားကြိုက်လည်း ငါက ဂရုမစိုက်ဘူးအကောင်ရဲ့။ နေသာသပဲ့ ရွှေသွားကပဲ။ ကဲ''

စိတ်တိုတိုဖြင့် သူ့ကျောကိုရော၊ လက်မောင်းကိုပါ လက်သီးဆုပ်ဖြင့် ခပ်နာနာထုလိုက်ပြီး လက်ထဲကိုင်ထားသည့် စတီးချိုင့်ဖြင့်ပါ ရိုက်တော့ သူ့အော်သံက 'အားခနဲ'။

ကောင်းတယ်. . . ဒင်းက နာမှမှတ်မဲ့ကောင်။

''ဟာ. မိပိုရာ။ ချစ်တာကလည်း ကြမ်းလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

"ဩော်. သူငယ်ချင်းလိုချစ်တာကိုပြောတာပါဟ၊ တော်ပြီလေ"

လက်ကိုထပ်ရွယ်တော့ သူက လက်နှစ်ဖက်ဖြင့်ကာ၍တားလေ၏။ တစ်နေကုန် ဆီနဲ့အလူးလူးဖြစ်နေသည့်လူက Lux ဆပ်ပြာနံ့ဖြင့် မွှေးနေပြီး ဆိုင်ထဲအရိပ်မှာ လုပ်ရသည့်သူမက ချွေးနံ့တွေ ထွက်နေရသည်ပဲ မနာလိုစရာကောင်းလိုက်တာနော်။

"ကားလာပြီ"

ကားသေးလေးဖြစ်နေတာကြောင့် နှာခေါင်းရှုံ့လိုက်မိ၏။ လူကြားသူကြားထဲ ကုန်းကွပြီး ဝင်ရတာလောက် စိတ်ရှုပ်စရာကောင်းတာမရှိတော့ချေ။ တစ်ခါတလေ လည်ပင်းအပေါ်က်ဝတ်လေ့ရှိသည့်မိန်းကလေးတွေ တက်လာတာကို ကောင်လေးအချို့က ပြူးဆိမ့်မျက်နှာဖြင့် ကြည့်တတ်ကြသေးတာလေ။ အဲဒီလိုကောင်လေးမျိုးထဲမှာ အလင်းရောပါနေမလား

"ငါ ကားသေးမစီးချင်ဘူး"

"မစီးလို့မရဘူးလေ။ ဒီအချိန်ကားရှားပြီ မိပိုရဲ့။ နင် မကျစ်နဲ့ဟာ"

"ကျစ်တာမဟုတ်ဘူးဟဲ့၊ ကုန်းကုန်းကွကွတက်ရတာကို မကြိုက်လို့ပြောတာ။ ပြီးတော့ အလယ်ခုံမှာထိုင်ရရင် နောက်ကိုထပ်ရွှေ့နိုင်းတာမပြီးတော့ဘူး၊ အလုပ်ရှုပ်ကရှုပ်နဲ့"





"အေးပါ၊ နင်ဘေးခုံမှာထိုင်ရအောင် ငါပြောပေးပါ့မယ်။ လာ"

ကဲ, ပြောကိုမပြောချင်တော့ပါဘူး။ လက်ကို ဖျတ်ခနဲဆွဲခေါ်နေပြီမို့ ရှေ့ကိုကျော်ရပ်သွားသည့်ကားနောက် အပြေးလိုက်ရပြန်လေ၏။ စပယ်ယာကို သူဘယ်လိုပြောလိုက်သည်မသိ။ ဘေးအစွန်ဆုံးမှလူက အပြင်မှာတွယ်လိုက်ရန် ထွက်လိုက်သည်မို့ သူမ နေရာရသွားပါသည်။ အဲဒီလိုအလိုက်တသိလည်းရှိသည့်အလင်းရယ်ပါလေ၊

"နှစ်ယောက်"

သူ ကားခပေးလိုက်ပြီမို့ မျက်နှာကိုမမြင်ရဘဲ တွယ်စီးနေသည့် သူ့ကို လှမ်းမော့ကြည့်လိုက်မိ၏။ ကားက ဝူးခနဲမောင်းထွက်စဉ် သူ့ရင်ဘတ်အင်္ကျီစကို လှမ်းဆွဲထားလိုက်မိလေသည်။

"ဘာလဲ"

"သေချာကိုင်ထားနော်၊ ပြုတ်ကျသွားဦးမယ်"

စိတ်မချသလို လွှတ်ခနဲပြောထွက်သွားတာမို့ ကားထဲမှလူတွေ ပြုံးလိုက်ကြလေ၏။ ဘာဖြစ်လဲ?. . . သူငယ်ချင်းကိုလည်း စိုးရိမ်ပိုင်ခွင့် ပို့မှာ ရှိနေတာပဲနော်။

"အလင်း"

"ဘာလဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် အိပ်မပိုက်နဲ့နော်။ တွယ်စီးတာ အန္တရာယ်ရှိတာ သိတယ်မဟုတ်လား"

"အမယ်လေးအစ်မရယ်။ နေ့တိုင်း စပယ်ယာလုပ်သူတွေကို အားနာပါဦး။ စိုးရိမ်ရန်ကော"

"ရှင်တို့က ကျွမ်းကျင်တော့ စိုးရိမ်စရာလားရှင့်။ ကျွန်မသူငယ်ချင်းက ဒီလိုတစ်ခါမှတွယ်စီးဖူးတာမဟုတ်ဘူး။ ဒါကြောင့်ပြောရတာ"

"ကဲ. တော်ပါမိပိုရာ။ နင်ပြောတာနဲ့ ငါရယ်ချင်လွန်းလို့ လက်မနိုင်ချင်တော့ဘူး"

"ဟယ်! နင်မလွှတ်လိုက်နဲ့နော်အလင်း။ ငါပြောတာ ကြားရဲ့လား ဟဲ့"

"အေးပါဟ"

ပြုံးစိစိဖြစ်နေသူတွေထံမှ ရယ်သံထွက်လာတော့ အားလုံးကိုမျက်စောင်းဝေ့ထိုးလိုက်ပြီး အလင်းကိုကိုင်ထားသည့်လက်ကို ရုတ်လိုက်မိ၏။ သူက အထဲကိုလှမ်းငုံ့ကြည့်လိုက်ရင်း သူ့မလက်ကိုပြန်ဆွဲကာ သူ့အင်္ကျီစကို ပြန်ကိုင်ထားစေလေသည်။ ကဲ. ဒီလူတွေမှ ရယ်စရာမဖြစ်ရင် ဘယ်သူက လာဖြစ်တော့မှာလဲ။

"ရှေ့မှာဆင်းမယ်"





"အင်း"

လက်ကိုဆုပ်၍ပြောလိုက်တာမို့ ခေါင်းညိတ်ပြလိုက်မိ၏။ ကားရပ်သွားစဉ် အပေါက်မှပိတ်ရပ်နေသည့် လူကြားထဲက လက်ကိုဆွဲ၍ဆင်းနေပြီမို့ ခြေမချော်အောင် သတိထားပြီး ဆင်းလိုက်ရသည်။

"ဟူး. . . ခုမှပဲ အသက်ရှူလို့ရတော့တယ်"

"ခုန ဘာဖြစ်လို့လဲ"

"နင်ပြုတ်ကျမှာစိုးရိမ်နေလို့လေ. အကောင်ရဲ့"

"ဟင်းဟင်း. . . ငါသာသေသွားရင် နင်ငိုမှာပဲလား မိပို"

"အလင်းနော်. နင်"

"ဟော. တွေ့လား. . . အခုပဲ မျက်ရည်ကဝဲနေပြီ၊ နင်ဟာလေ ငိုလို့စမှန်းလည်းမသိ။ ဘယ်လိုကောင်မလေးလဲ"

"ဒါ စ.စရာမဟုတ်ဘူး အလင်းရဲ့။ မပြောကောင်းမဆိုကောင်းတွေ"

လမ်းသွယ်ထဲ ဝင်လာခဲ့၏။ လသာနေသည်မို့ လမ်းပေါ်မှချိုင့်ခွက်တွေကို မြင်နေရပါသည်။ အလင်းက သူ့မအပေါ် စောင့်ရှောက်တာမှန်ပါလျက် အခုလိုကြိုပို့လုပ်တိုင်း သူ့မလက်ထဲမှထီးတို့ချိုင့်တို့ကို ယူကိုင်ပေးလေ့မရှိပါ။ လုံချည်ပြင်ဝတ်ရန် ခဏတစ်ဖြုတ်ကိုင်နိုင်းရင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကျသည်ဟု ကန့်လန့်ပြောတတ်တဲ့ကောင်လေးပါလေ။

"နင် ဆုတောင်းပြည့်တော့မှာ"

"ဘာလဲ"

"ငါ Mart က ထွက်တော့မယ်"

"နင့်ကို ဟိုလူကြီး ဘာလုပ်လိုက်သလဲ"

"ဩော်, ပြောလိုက်ရင် အလန့်တကြားနဲ့။ ဘာမှမလုပ်ပါဘူး အလင်းရဲ့။ ငါ့ကို စာမေးပွဲပြီးရင် မန်နေဂျာနေရာမှာ နေရမှာတဲ့"

"ဘာ! ဒီကြောင်သူတော်ကြွက်သူခိုးက သူ့ကျင်းထဲ နင့်ကို ဆွဲခေါ်ပြီပေါ့လေ"

"ဟယ်! မဟုတ်တာ၊ အလင်းကလည်း"

"ဘာမဟုတ်ရမှာလဲ၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာ ယောက်ျားချင်း ငါသိပြီးသား။ တော်ပြီ. နင်အလုပ်ထွက်တော့။ မနက်ဖြန်ကစပြီး သွားစရာမလိုတော့ဘူး၊ ဒါပဲ"

"နင်ကလည်းလေ၊ ဦးနိုင်ကိုအပြစ်ချည်းမြင်နေတော့တာပဲ။ ဦးနိုင်တို့အမျိုးတွေက သဘောကောင်းကြပါတယ်ဟဲ့။ ငါ့ကိုလေ အဲဒီမှာ မလုပ်တော့ရင် ရွှေဆိုင်မှာလာလုပ်ဖို့ သူ့အစ်မက လာပြောတယ်ဟဲ့"

"ဘာ! အဲဒါမှပိုဆိုးမှာ။ ရွှေဆိုင်လိုဟာမျိုးက သိန်းချီပြီးအလျှော်





အစားရှိတာဟ။ မဖြစ်ပါဘူး၊ အဲဒီရွှေဆိုင်မှာလည်း လုပ်ဖို့မစဉ်းစားနဲ့။ တော်ကြာ. သုံးလေးသိန်းနဲ့ နင့်ကိုအကြွေးသိမ်းသလို သူ့မောင်နဲ့ပေးစားနေဦးမယ်။ လုံးဝမဖြစ်ဘူး"

သူမ ပြုံးစိစိဖြစ်သွားပါ၏။ ဒီလိုတော့ စိုးရိမ်ရှာသားပါပဲလား။ သူ့ဟာသူ. သူ့ဒွေးသမီး ချိန်ချင်တာမှန်ပေမယ့် သူမကိုတော့ မတော်တရော်နဲ့ရသွားမှာကို အစ်ကိုတစ်ယောက်လို စိုးရိမ်ပေးရှာတာလေ။

"ဘာဖြစ်လဲ။ ဦးနိုင်နဲ့ရရင် သူ့ဒွေးကတော်လို့တောင် အခေါ်ခံရဦးမှာ။ အဲဒီ Mart တင် အနည်းဆုံးသိန်းရာချီတန်တာ။ ပြီးတော့ ရွှေဆိုင်မှာရော၊ ကုမ္ပဏီမှာပါ ဦးနိုင်က ရှယ်ယာတွေထည့်ထားသေးတယ်လို့ ငါ့ကိုပြောတာဟ"

"တော်တော့. နင့်ပါးစပ်ပိတ်တော့နော် မိပို။ ငါလည်းပင်းညှစ်မိတော့မယ်။ နင်လိုချင်ရင် တခြားလူကိုပဲ ရှာယူပါ။ ဒီလူကြီးနဲ့တော့ ငါလုံးဝသဘောမတူဘူး၊ ဒါပဲ။ ထပ်မပြောနဲ့"

သူမ ရယ်ချလိုက်တော့ သူက သူမဆံပင်တွေကို ခပ်နာနာလေးဆောင့်ဆွဲလိုက်လေ၏။ နာသွားတာမှန်ပေမယ့် စိတ်မဆိုးဖြစ်ပါချေ။ ဒီကောင်လေးရဲ့စိတ်ထဲ မနာလိုတာတွေဖြစ်တာကို သူမ ကျေနပ်မိသည်ဒါ ဒါ ကားပဲရှိသေးတာပါအလင်းရယ်။ ငါသာ တခြားကောင်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲဖြစ်သွားရင် နင်ဘယ်လိုဖြစ်မလဲဆိုတာ စောင့်ကြည့်ချင်ပါရဲ့။

"အမယ်! နင်တောင်မှ သူဌေးသမီးရှာယူမယ်ပြောသေးတဲ့ဟာကို"

"ငါ့ဟာငါ ဘယ်သူ့ယူယူ အကြောင်းမဟုတ်ဘူး။ နင်သာ လူဌေးမှားသွားရင် ဘဝကြီးကျွမ်းထိုးမှောက်ခုံဖြစ်ကုန်မှာကိုသိစမ်းပါ မိပိုရဲ့။ ဘယ်အပေါ်ကိုပဲကျကျ ဖက်ပဲနစ်နာမှာကို နင်သဘောပေါက်။ ငါမပြောလိုက်ချင်ဘူး"

"ဒါဖြင့် ငါက ဘယ်လိုလူကိုယူရမှာလဲ။ ပြောပါဦး"

"တော်တော်ရှုနေ။ final ဖြေဖို့ စာကျက်ရမှာကိုပဲ အာရုံစိုက်စမ်း။ အချိန်တန်ရင် နဖူးစာရွာလည်ပြီး နင်ယောကျ်ားကောင်းကောင်းရမှာပဲ"

"သူဌေးလား. . . သူဌေးသားလား"

"ငါ့လက်သီး"

"အ!"

လက်သီးဆုပ်က နဖူးပေါ်သို့ ဒုံခနဲကျလာလေ၏။ ညဦးယံမှာ သူမရယ်သံက တိုးသဲ့သဲ့။ ည(၁၀)နာရီမှပိတ်သည့် လက်ဖက်ရည်ဆိုင်ထဲမှသီချင်းသံက ခပ်တိုးတိုးပျံ့လွင့်လာလေ၏။





ဒါ 'မဒီ'ရဲ့ 'အဖြူရောင်ပြတိုက်'သီချင်းပဲကိုး. . .

အဖြူရောင်ဆိုတာ သိပ်ကိုစင်ကြယ်လွန်းတာမှန်ပါတယ်။ ဒါပေမဲ့ ဒီအဖြူရောင်ပေါ်ကို အပြာပဲဆိုးဆိုး၊ အစိမ်းပဲဆိုးဆိုး၊ ဘာအရောင်မဆို စွန်းလွယ်ကူတာကို နင်နားလည်ပါရဲ့လား။ နင့်အတွက် ငါက အမြဲတမ်း သွယ်ချင်းပဲလားဟာရဲ၊ တခြားသူတွေရဲ့အမြင်မှာ သဒ္ဒါပိုဟာ လင်းလက်အောင်နဲ့အသက်ဆိုင်ဆုံးသူလို့ပဲ ယူဆထားကြတာပါ။

သူတစ်ခါထုတိုင်း ရင်ထဲလှုပ်ခတ်မှုဖြစ်ရတာ အကြိမ်ကြိမ်ပါ။ တခြားကောင်လေးတွေကပ်လို့မရအောင် ကာကွယ်ပေးတာ ဝန်တိုမှုမဟုတ်ဘူးလား။ သူ့ဘက်က ပြောင်းလဲခြင်းမရှိသေးသရွေ့ ပိုလို မိန်းကလေးက ဘာများတတ်နိုင်မှာတဲ့လဲ။

အလင်းရယ်၊ 'ငယ်ကအချစ် အနှစ်တရာမမေ့သာ'ဆိုတဲ့စကား ငါတို့နှစ်ယောက်အတွက်မှမဟုတ်ပါရဲ့လား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

**Life is Money.**

ဘဝဆိုတာ ငွေ

## အခန်း (၇)

"မြေနိုင်ရဲ့လား"

"အင်း"

"ဒီနှစ်မြန်မြန်ကျွတ်မှပါပဲ၊ နို့မို့ အိမ်ကဘွားတော်နဲ့ တကျိန်းကျိန်း များနေရမှာ"

"ဪ. နင်စာမေးပွဲပြီး ဘွဲ့ရတော့ ဘယ်မှာနေမှာမို့လို့လဲ"

"ငါအလုပ်မှာပဲနေတော့မယ်မိမိုရာ။ တစ်နေ့တစ်နေ့ အဲဒီမိထွေး ယ်ဘူးကွ။ ကြာရင် အပေနဲ့ငါပဲ ပြဿနာတက်မှာ"

"နင် အဲဒီဝပ်ရှော့မှာပဲ တစ်သက်လုံးလုပ်ဖို့စိတ်ကူးထားသလား။ ဘဝတိုးတက်ရာတိုးတက်ကြောင်းလည်း ရှာဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကောအပြောင်းသွားရပါ၏။ သူမတို့ Major တွေက အပြင် state ကျောင်းမှာဖြေရတာမို့ လမ်းမကြီးဘက်ထွက်ကာ ပြန်ရမည့်ကားက နှစ်ဆင့်ရယ်လေ။ ဒါကြောင့် အလင်းက ဒီ(၆)ရက်အတွင်း Taxi ဖြင့် အသွားအပြန်ငှားပေးတာမို့ အဆင်ပြေသွားရတာပါ။ အားလုံးလိုလို သုံးလေးယောက်တစ်စီးစီ စုငှားကြတာမို့ သူမတို့ငှားရန်ကားက တော်တော်နှင့်မရတော့ချေ။

"နေပူလာပြီလေ၊ အရိပ်မှာနေမှပေါ့"

"ကားလာလားလို့ ကြည့်တာပဲကို"

"မကြည့်နဲ့. . . ကားငှားတာ,တားတာ ငါ့အလုပ်။ နင်နော် ဟိုကုလားမင်းသမီးလိုမျိုး ကားတားချင်လို့လား။ နာဦးမယ်"

သူမမျက်နှာလေး ရှဲခနဲဖြစ်သွားပြီး သူ့ကျောကိုဖျတ်ခနဲထုလိုက်မိလေ၏။ ဟုတ်တယ်လေ။ အဲဒီတုန်းက သူမ ငှားကြည့်တဲ့အခွေက ကုလားကျောင်းသားကား။ မင်းသားက 'အမားရ်ခန်'၊ မင်းသမီးက 'ဂျူဟီချော်လာ'လေ။ picnic ထွက်တော့ လမ်းတစ်ဝက်မှာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့တာ။ လာသမျှကားကြုံကို မင်းသား မည်မျှငှားငှားမရတော့ မင်းသမီးက လှောင်ပါလေရော။

သူမ ငှားပြမည်ဆိုပြီး အမိုးပျောက်ကားကို စကပ်လေးအသာ





'မ'ပြီး တားလိုက်တာလေ။ ကဲ, မင်းသမီးက ဇာတ်လမ်းအရ ဟိုဖော့ဒီဖော်လုပ်တာအကြောင်းလား။ ပိုကို အဲဒီမင်းသမီးနဲ့နှိုင်းတော့လည်း ရှက်မိတာပေါ့နော်။ ပိုက မြန်မာမိန်းကလေးလေ။

"ငါ့ကို ကိုမျိုးက 'မလေး'သွားမလားလို့မေးတယ်ဟ"

"ဘာသွားလုပ်မှာတုန်း"

"ငါတတ်ထားတဲ့အတတ်ပညာနဲ့ အလုပ်ရနိုင်တယ်ပြောတာပေါ့။ Mechanic ရော၊ Electronic ရော ကျွမ်းကျင်ရင် ပိုကောင်းတယ်ပြောလို့ ငါ သင်တန်းတွေ ထပ်တက်ဦးမှာ"

"နင် နိုင်ငံခြားသွားမှာလား"

"သွားလည်းသွားချင်တယ်၊ မသွားလည်းမသွားချင်ဘူး"

သူမ တွေဝေသွားမိပါ၏။ အလင်းသာ နိုင်ငံခြားထွက်သွားရင် သူမဘယ်လိုနေမလဲ။ ဘယ်ပဲသွားသွား အလင်းနဲ့မှ နှစ်ယောက်အတူတူပြီးသွားလေ့ရှိခဲ့တာလေ။

အလင်းဟာ သဒ္ဒါပိုရဲ့အရိပ်လေးဆိုပြီး state ကျောင်းတော်မှာအသည်းက နာမည်ကြီးခဲ့တာအမှန်ပါပဲ။ ခုတော့ဖြင့် သူမရဲ့အရိပ်လေး ခုတော့မှာထင်ပါရဲ့။

"သွားချင်တယ်ဆိုတာက ချမ်းသာချင်လို့၊ မသွားချင်တာက"



www.burmeseclassic.com

www.burmeseclassic.com



စကားကိုမဆက်ဘဲရပ်ထားတာမို့ မော့ကြည့်လိုက်မိ၏။ အလင်းက သူမထက် ခေါင်းတစ်လုံးစာမြင့်သည့်သူမို့ အမြဲမော့ကြည့်ရစမြဲပေလေ။

''မသွားချင်တာက ဘာလဲ''

''နင့်ကိုထားခဲ့ရမှာ စိတ်မချလို့''

ရင်ထဲမှာ လှိုက်ခနဲဖိုသွားရပါ၏။ ဒီနေ့စာမေးပွဲနောက်ဆုံးနေ့မို့ ဖွင့်ပြောဖို့များ ရည်ရွယ်ထားလေသလား။ အတွေးကြောင့် မျက်နှာကနွေးခနဲဖြစ်သွားပါသည်။ အို! ဘာမှမသေချာပါဘဲ သူမ ဤမျှထိ စိတ်လှုပ်ရှားမှုဖြစ်စရာလား. . .

''ငါက ကလေးမှမဟုတ်တော့တာ''

''ကလေးမဟုတ်လို့ စိတ်မချတာပေါ့။ ကလေးဆို နင့်နောက်ကို ဘယ်ကောင်မှလိုက်ကြမှာမဟုတ်ဘူး။ အခုအလှပ်ဝင်တာတောင်မှ နောက်ယှက်ခံနေရတုန်း မဟုတ်လား။ မယုံရင် ကြည့်လိုက်။ နင့်ကို ဟိုလူကြီး မကြာခင်ဖွင့်ပြောတော့မှာ။ အသက်ကဖြင့် ဖင်ဆောင့်နေပြီ၊ မြက်နုလေးပဲစားချင်တဲ့နွားကြီး''

သူမ ဟက်ခနဲရယ်လိုက်မိလေ၏။ သူပြောမှပဲ ဦးနိုင်တော့ နွားလုံးလုံးဖြစ်တော့တာကိုး။ Mart က ကောင်မလေးတွေ ဘယ်လိုပဲသမုတ်





ကြသမုတ်ကြ ကိုယ့်ကိုဘယ်သူစိတ်ဝင်တစားရှိလဲဆိုတာကို မိန်းကလေးတိုင်း အလိုလိုသိရှိကြသည်သာ။ ဦးနိုင်တစ်ယောက် သိပ်မကြာခင် ဖွင့်ပြောတော့မှာကိုသိလို့ စာမေးပွဲဖြေရန် ခွင့်ယူစဉ်ကတည်းက ထွက်စာတင်ပြီး ရှောင်ခဲ့တာပါ။ ဒါကိုသိသိကြီးနဲ့ ခုထိ ဦးနိုင်အပေါ် အခဲမကျေပြောနေတုန်းကိုး။

''ဘာရယ်တာလဲ၊ ဒါရယ်စရာမဟုတ်ဘူး''

''အလင်းရယ်၊ နင်ပြောမှပဲ ငါ့နောက်တကောက်ကောက်လိုက်ခဲ့လူတွေအားလုံး တိရစ္ဆာန်ဖြစ်ကုန်ပြီ၊ ဟိုနွားကြီး၊ ဒီဘဲကြီး၊ ဒီကြောင်ကြီးနဲ့ စုံနေတာပဲ''

''မဟုတ်လို့လား။ နင့်နောက်က ပါလာတိုင်း နင့်ကိုအတည်ယူမယ့်သူ ထင်မနေနဲ့ မိပိုရဲ့။ အပျော်ကြံမယ့် ကြံချောင်းတွေ''

''ဒါဆို ဘယ်လိုလူကို ငါညည်းစားတော်ရမှာလဲ။ ပြောပါဦး''

''နင်သဘောကျတဲ့လူတွေ့ရင် ငါ့ရှေ့ခေါ်လာခဲ့ပေါ့။ ငါကြိုက်မှ ရွေးလို့ရမှာ။ ဒါပဲ''

''သေချာတယ်။ ငါတော့ အပျိုကြီးဖြစ်ဖို့ တစ်ရာ့ရာခိုင်နှုန်းပဲ။ ငါခေါ်လာသမျှ အကုန်ပယ်ချတော့မှာကိုး''

''ဒါပေါ့ နင့်မှာအစ်ကိုရှိတယ်ဆိုပြီး ငါနဲ့လာမိတ်ဆက်ပေးချည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုမျက်စိနဲ့မတွေ့လို့ကတော့ အဲဒီကောင့်နာပြီပဲ"

"နင်က ငါ့အစ်ကို"

"အေးလေ"

"ယုံပါလိမ့်မယ် အားကြီးကြီး။ ငါက ဖြူဖြူ နင်က မဲမဲ"

"အံမာ! အသားဖြူ အလကားလှ၊ အသားမဲ ပတ္တမြားခဲတဲ့ မှတ်ထား။ ယောကျ်ားဆိုတာ အသားညိုမှ ကြည့်ကောင်းတာ၊ နေမထိ လေမထိ အိမ်တွင်းအောင်းတဲ့ ပိုးဟပ်ဖြူလိုကောင်စားမျိုးကို မျက်စိမကျ စမ်းပါနဲ့"

"ဟုတ်ပါပြီ, ဟုတ်ပါပြီ။ ငါ့လိပ်ကလေး ဘယ်ထွက်ပြေးလဲမှတ် တယ်၊ လက်စသတ်တော့ ဒီမှာကိုး"

"မိပိုနော်"

သူလက်ရွယ်တာကိုရှောင်လိုက်စဉ် နောက်နားမှာရပ်နေသည့် လူအုပ်က ရှေ့အတိုးနှင့်တိုက်မိသွားရလေ၏။ အရှိန်နှင့်တွန်းသလိုဖြစ် သွားတာမို့ လူကယိုင်သွားပြီး platform ပေါ်မှ ခြေချော်ကျသွားလေ သည်၊

"ဟာ. . . မိပို"

သူအလန့်တကြားခေါ်ပြီး လှမ်းအဆွဲမှာ ကတ္တရာလမ်းထက်မှ





ကားတစ်စီးက ဖြတ်အမောင်းနှင့်ကြုံရလေ၏။ လူက တုံ့ခနဲဖြစ်သွားရ ပြီး နားထဲအူကာ ထူပူသွားရပါ၏။

"ဟာ! တိုက်ပြီဟေ့"

ကျွီခနဲ brake အုပ်သံနှင့်အတူ ညာလက်မောင်းတစ်ခုလုံး နာ ကျင်သည့်ဝေဒနာကို ခံစားလိုက်ရလေ၏။ လူတွေအုံသွားသည့်ကြားမှ အလင်းက သူ့မော့ကိုပွေ့ထူလိုက်လေသည်။

"မိပို့,မိပို. . . ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း, လက်က တအားနာတယ်"

"တော်သေးတာပေါ့။ ကားက အရှိန်နဲ့ဟပ်သွားရုံကို လန့်ပြီး ပစ်လဲကျတာ. . . ကျွတ်. . . ကျွတ်"

ဘေးမှလူကြီးက အမြင်အတိုင်းပြောလိုက်ပေမယ့် သူ မကျေနပ် လှပါ။ ကားကိတ်လိုနေရာရှေ့မှာ ဒီလောက်အရှိန်နဲ့မောင်းစရာလား။ ပိုက် ဆံရှိလူတန်းစားတွေရဲ့စရိုက်က ဒါမျိုးထင်ပါရဲ့။

"ဘာဖြစ်သွားသေးလဲ။ ကိုယ့်ကားနဲ့မတိုက်မိပါဘူးနော်"

လူအုပ်ကြားထဲမှတိုးဝင်လာသည့်လူကို သူ ဆတ်ခနဲကြည့်လိုက် ပါ၏။ ထိုလူက နေကာမျက်မှန်ကိုချွတ်ကိုင်ကာ သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေလေသည်။ ပုံစံကိုက ရုပ်ရှင်မင်းသားလိုလို အဆိုတော်လိုလို



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထောင့်ကိုမကျိုးသည့် ရုပ်သန့်သန့်ပေကိုး။

"ထလို့ရရဲ့လား။ ကိုယ် ဆေးခန်းပို့ပေးမယ်လေ"

"မလိုပါဘူး"

သူက မိပိုကို ပခုံးမှကိုင်၍တွဲထူလိုက်ပါ၏။ တံတောင်မှ ပွန်းရှရာကြောင့် သွေးစတို့ပွန်းပေကာ မိပိုမျက်နှာလေးက ငိုမဲ့မဲ့လေးရယ်လေ။

"နာနေလား"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ သူက အိတ်ကပ်ထဲမှပဝါကို နှိုက်ယူရန်ပြင်လိုက်စဉ် ကားပိုင်ရှင်၏အဖြူရောင်ပဝါလေးက မိပိုလက်ပေါ်သို့ ရောက်လာလေသည်။

"အို! နေပါစေ"

"ပတ်ထားလိုက်ပါ။ ကိုယ် ဆေးခန်းလိုက်ပို့ပေးပါ့မယ်"

"ရတယ်၊ မလိုဘူး"

"နေပါဦး ကိုယ်က ဒဏ်ရာရသွားတဲ့လူကိုပြောနေတာ။ မင်းက ဘာလို့ကြားထဲက ဝင်ပြောနေရတာလဲ"

"ဒါ ကျုပ်ညီမဗျ။ ခင်ဗျား. ကားကိုအရမ်းမောင်းပြီး ပွတ်လည်း ပွတ်သေးတယ်။ စကားပြောပုံကိုက မာရေကျောရေနဲ့"





"Sorry... ဒါကြောင့် ကိုယ်"

"တော်ပြီဗျာ။ ခင်ဗျားသွားပါတော့"

"ကိုယ်တောင်းပန်ပါတယ် ညီမလေး။ ကိုယ့်ပယောဂ မကင်းမှန်းသိလို့ ဆင်းပြီး လာတောင်းပန်တာပါ"

"ရပါတယ်ရှင်"

ဖျတ်ခနဲမော့ကြည့်၍ ပြောလိုက်သည့်မိန်းကလေးနှင့် အကြည့်ချင်းဆုံသွားစဉ် သူ့ရင်ထဲ ဒိန်းခနဲမြည်သွားလေ၏။ ဘုရားရေ! ဘာဖြစ်သွားတာလဲ။ ဤမိန်းကလေးရဲ့မျက်ဝန်းလေးတွေက သူ့နှလုံးသားကို ဆွဲကိုင်လှုပ်ချေပြီလေ။

"ဆေးခန်းမပြရင်လည်း ညီမလေးရဲ့လိပ်စာလေး"

"ခင်ဗျား. တော်တော်အသားယားနေပြီထင်တယ်နော်။ ကျုပ်လက်သီးမြည်းချင်နေပြီလား"

"ဟယ်! အလင်းကလည်း"

"ငါ့ကို လာမတားနဲ့။ ဒီလူအချိုးကို နင်မြင်တယ်မဟုတ်လား။ အောက်! "

"တော်ပါတော့ အလင်းရယ်။ လာ. သွားကြစို့"

ကောင်လေး၏လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



လက်သွယ်သွယ်လေးကို ငေးခနဲကြည့်မိသွားရပါ၏။ လှလိုက်တာနော်။ ဒီလုတပတကောင်မလေးကိုမှ ကားနဲ့ပွတ်မိရတယ်လို့။ မောင်နှမတဲ့။ ကိုကိုလို့ခေါ်တာမျိုးမဟုတ်ပါဘဲ နှင်နဲ့ငါပြောပုံအရ cousin တောင်မဖြစ် လောက်ပါဘူး။ အလင်းလို့ခေါ်လိုက်တဲ့အသံချိုချိုလေးထဲမှာ ဒီကောင် လေးအပေါ် အဘယ်မျှသံယောဇဉ်ရှိသလဲဆိုတာကို ရိပ်မိစေတာလေ။

မင်းတို့နှစ်ယောက် ချစ်သူတွေလားဟင်။ မဖြစ်နိုင်ဘူး။ ကောင် လေးက ညီမလို့ပြောမှတော့ သူငယ်ချင်းပေါ့နော်။ Taxi ကိုလှမ်းတား ပြီး တက်သွားပြီမို့ သူ ကားရှိရာဆီ ဆက်လျှောက်လာခဲ့ရလေ၏။

မေမေ့,မေမေ့သားရဲ့နှလုံးသားကိုဖမ်းစားနိုင်တဲ့ အချစ်နတ်သမီး ကို ဒီနေ့ ကျွန်တော်တွေ့ခဲ့ပြီလေ။

"တောက်! ငါနော်, ရှုပ်ကိုက"

"တော်ပါတော့အလင်းရယ်။ ဒီမှာ နာရတဲ့ကြားထဲ၊ နှင်က တစ် မျောင့်"

"အဲဒါ နှင် နမော်နမဲ့နိုင်လို့ဖြစ်တာလေ။ တွေ့လား နှင့်ကိုမြင် တာနဲ့ ဇာတ်လမ်းက ထွင်ချင်နေတာ"

"မသိဘူး နာတာပဲသိတယ်။ တကတည်း. . ."

"အေး, မသိနဲ့ ငတုံးမရဲ့။ ဟိုက မျက်လုံးကျွတ်ကျမတတ် ကြည့်





လို့ကြည့်မှန်းလည်းမသိ။ ကိုယ့်အသက်အန္တရာယ်ကိုလည်းမမြင်။ နှင် ဘာအသုံးကျသလဲ"

"ကဲပါ အဖေ. . . ဆူချင်လည်း အိမ်ရောက်မှဆူပါတော့။ ဒီမှာ အရမ်းနာနေပြီ"

"အဲဒါ ခုနကတည်းက ပြောပါလား။ အရိုးများ အက်သွားလား မသိ"

"သူ့ရှေ့မှာပြောလို့ကောင်းမလားဟဲ့။ ကိုယ့်ဟာကိုယ် မဆင်ခြင် လို့ဖြစ်တဲ့ဟာကို"

"ဘာဖြစ်လဲ၊ ဒီကိစ္စ သူနဲ့ဆိုင်တဲ့ဟာကို။ ဒီလိုမှန်းသိရင် သုံး ပုလင်းလောက် ရိုက်ထည့်လိုက်ပါတယ်"

"ဘာလဲ သုံးပုလင်း"

"သုံးသောင်းလို့ပြောတာလေ ငနုံမရဲ့။ ပုလင်းလောက်ဆို နည်း သေးတယ်၊ ပုံးလောက်မှ"

"လာပြန်ပြီ၊ ဘာပုံးလဲ"

"သိန်းဂဏန်းကိုပြောတာဟ ငထူရ။ နှင်ဟာလေ. . . အရေး အကြောင်းဆို တုံးပြီ။ ငါနော် လက်နာနေတယ်ဆိုလို့ သက်သာတယ် မှတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ နင့်ပါးစပ်ထဲ ငါလည်း ရစရာကိုမရှိတော့ဘူး။ ကားတိုက်လို့မသေဘဲ နင်ထုတာနဲ့ ငါသေမှာ"

"သေစရာလား၊ ငါ့မိမိုလေးက ငါထုလို့ ပိုပြီးမာနေတဲ့ဟာကို"

ဆံပင်တွေကိုအသာပွတ်၍ ဖွလိုက်တာမို့ မျက်စောင်းသာ ခဲလိုက်မိ၏။ သူမ စိတ်ဆိုးနေတိုင်း ဤသို့ခေါင်းကိုင်ကာ ဆံပင်ဖွ၍ ချော့တတ်တာ အလင်းရဲ့အကျင့်ပါလေ။ သူမကလည်း သူမပါပင်။ အလင်းနှင့်တစ်ရက်လေးစကားမပြောဘဲ စိတ်ကောက်တာတောင် နေမသိထိုင်မသာကိုဖြစ်လို့။ မေမေဆို ပိုကို သုံးမိနစ်မိုပိုလို့ ချစ်စနိုးခေါ်သေးတာလေ။ အဟုတ်ကိုပဲ ပို စိတ်ကောက်ချိန်က သုံးမိနစ်နဲ့ အရည်ပျော်ကျသွားတာပဲကိုး။

"ဓာတ်မှန်ရိုက်ကြည့်လိုက်ပါ။ ဆေးစည်းရုံနဲ့မရရင် မကောင်းဘူး"

"ဟုတ်ကဲ့ ဒေါက်တာ"

ဓာတ်မှန်ရိုက်လို့ရသည့်ဆေးခန်းကို ကူးခဲ့ပြန်လေ၏။ ဒီနေ့တော့ ဆေးခန်းတွေကိုလှုပ်ကျွေးရတာနဲ့ စုထားသမျှ တက်တက်ပြောင်ချေပြီကိုး။

"ငါပြန်ပေးပါ့မယ်ဟယ်"





"ဘာကိုလဲ"

"ဆေးခန်းခတွေ၊ ဓာတ်မှန်ခတွေကိုပေါ့"

"ဘာကိစ္စပေးမှာလဲ။ မလိုချင်ပါဘူး"

"မသိဘူးလေ။ နင့်မျက်နှာကြီးက ငွေကုန်လို့ စုပုပ်နေသလားလို့"

"ဘာကိစ္စ ငွေကုန်လို့ ဒီမျက်နှာဖြစ်ရမှာလဲ။ ဟိုလူ့ကိုတင်းနေတာဟ။ တောက်! ငါ့မှာသာ ကားရှိလိုကတော့ ဒင်းကားကို ဝင်အောင်းလိုက်ပြီ"

"တွေ့လား၊ အဲဒီလိုစိတ်ရှိလို့ နင် ကိုယ်ပိုင်ကားမရှိတာပေါ့"

"မိပိုနော်"

POP ကိုင်ထားရသည့်လူနာမလေးမျက်နှာမှာ အပြုံးချိုချိုလေးဖြစ်နေတာမို့ သူမထုဖြစ်တော့ပါချေ။ အဲဒါပဲ အလင်းတို့ မလေးရှားသွားရင် သွားလို့ရပါလျက် ဒီကြိုးလေးကိုဖြတ်လို့မရလို့ မသွားဖြစ်တာပေါ့။

ချမ်းသာအောင်ကြိုးစားချင်ပေမယ့် မိပိုကိုချန်ခဲ့ရမှာ စိတ်ကိုမချနိုင်ပဲကြည့် သူရှိနေပါလျက်နဲ့ သတိလေးတစ်ချက်အလွတ်မှာ ကားမှတ်သွားတာကို ခံလိုက်ရတာလေ။ ဘယ်တော့မဆို သူ့အပေါ်အားကိုးတကြီး



www.burmeseclassic.com

ရှိလှသည့်မိပိုနဲ့ဝေးဝေးမှာ သူဘာကြောင့်မနေနိုင်တာပါလဲ။

ခက်တယ် မိပို။ နင့်ကို ဘာကြောင့်စိတ်မချသလဲဆိုတာကို ငါလည်း မသိဘူး။ နင်နဲ့ဝေးဝေးမှာလည်း ငါမနေတတ်ဘူး။ နင်စိတ်ကောက်တာကိုလည်း ငါမခံနိုင်ဘူး။ အဲဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတာကို ငါ့ကိုယ်စား နင်ဖြေပေးပါလား မိပိုဆိုတဲ့ကောင်မလေးရယ်။

♥♥♥



## အခန်း (၈)

“အမယ်! မျက်နှာကိုက မှိုရတဲ့မျက်နှာလို ပြုးဖြီးဖြီးကြီးဖြစ်နေ လား။ ဆိုပါဦး. ဘာကိစ္စ”

ညနေစောင်း ခြံထဲက ဒန်းမှာထိုင်နေစဉ် ရောက်လာသည့်သူ့ ကြို့လိုက်သည့်သွန်းကြောင့် မျက်နှာက ပို၍ပြုံးစိစိဖြစ်သွားရပါ၏။ Step ပုံစံဆံပင်လေး ညှပ်ထားသည့်ငယ်သူငယ်ချင်းကို တစ်ချက်ကြည့် ဒန်းပေါ်ထိုင်ချလိုက်သည်။

ဟုတ်တယ်. . . တူကိုမတွေ့တာ ဟိုကောင်မလေးက လုတာရော ာတာတွေထက် ပိုပြီးချစ်ဖို့ကောင်းနေတာလေ။ ပြီးတော့ သွန်းနဲ့ ားကြီးကွာခြားနေတာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. မေးတာကိုမဖြေဘဲ ပြုံးစိစိလုပ်နေပြန်ပြီ. . . လျှမ်း!"

"မနေ့က ငါ့နှလုံးသား ကျပျောက်သွားလို့"

"ဘာရယ်. . ."

"ဟုတ်တယ်. မျက်စိထဲက ထွက်ကိုမထွက်ဘူး"

"အသည်းနှလုံးထဲ ခဏခဏမြင်နေတယ်ဆိုရင်တော့ နင်ရှုတ်တာ ၂ ညီညီရဲ့သီချင်းပဲ"

"မနောက်ပါနဲ့ဟာ. ငါအတည်ပြောနေတာ"

အတည်တဲ့၊ ဒါဆိုရင် ဒီလောကထဲမှာ လျှမ်းရဲ့ရင်ကိုခုန်အောင် ပြုစားနိုင်တဲ့ နတ်သမီးပေါ်ပေါက်လာပြီပေါ့။ ယေဘုယျကတည်းက ရှိခဲ့တဲ့ သံယောဇဉ်အတိမ်အနက်နဲ့ ချစ်ခြင်းတစ်ခုဖြစ်တည်စေဖို့ စောင့်စားမျှော်လင့်နေမိတဲ့ တိတ်တခိုးအချစ်တွေ ပျက်သုဉ်းအောင် ရိုက်ချိုးဖျက်ဆီးခဲ့ပြီလေ။

"ဘယ်သူလဲဟင်။ နာမည်ကရော. ဘာလုပ်သလဲ. ဘယ်မှာနေတာလဲ"

"အဲဒီမေးခွန်းတွေက ငါ့ရင်ထဲမှာ ပြည့်သိပ်နေတာ။ အဖြေက Absolutely No..."

"ဟင်! ဘာမှမသိဘဲနဲ့ နင်ဘယ်လိုတွေ့ပြီး ဘယ်လို. . ."





"ငါ့ကားနဲ့ပွတ်မိသွားတာ သွန်းရဲ့"

"ဒါဆို Sorry လို့တော့ ပြောဖြစ်မယ်၊ ပြီးရင် သူ့လက်မောင်းကိုဆွဲထူပြီး ကားပေါ်တင်ခေါ်မယ်၊ ဆေးခန်းပို့ပေးပြီး အိမ်ပြန်ပို့မယ်။ ဒါတောင်မှ ဘာမှမသိဘူးလို့ပြောရင် နင်ညံ့လို့ပဲ"

မျက်လုံးကို မှိတ်ထားလိုက်မိ၏။ ညံ့တာတဲ့၊ ဟုတ်လို့လား. . . တကယ်တမ်း သွန်းပြောသမျှလုပ်သွားသည့်သူက သူမဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက်လေ။ လက်မောင်းအားနဲ့ ပခုံးမှသိုင်းဖက်ပြီး ဆွဲထူလိုက်တာ၊ သူ့ကိုရန်လိုသလိုကြည့်လိုက်တဲ့မျက်လုံးတွေ၊ သက်ပြင်းကို မှုတ်ထုတ်လိုက်မိ၏။ သူက မပြိုင်ခင်ကတည်းက ခြေတစ်လှမ်းနောက်ကျနေတဲ့သူလို ဖြစ်နေတာလေ။

"အဲဒါတွေ ငါဘာမှမလုပ်ခဲ့ရဘူး"

"ဟင်! နင်ဘာမှမတောင်းပန်ဘဲ လစ်ခဲ့တာပေါ့လေ"

"မဟုတ်ပါဘူး။ ငါ သွားတောင်းပန်ဖြစ်ပါတယ်"

"ဒါတောင်မှပဲ. . ."

"နင် ခုနပြောသမျှတွေကို ကောင်လေးတစ်ယောက်က လုပ်သွားတာ"

"သွားပြီ. နင်တော့ နောက်ကောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သေချာလား. . . ခြေတစ်လှမ်းမှမစရသေးခင် အရှုံးနဲ့ရင်ဆိုင်ရ တာတော့ သိပ်သဘာဝမကျလှပေ။ ပြိုင်ပွဲဆိုတာတွေက တစ်ယောက် တည်းနဲ့ ကျင်းပလေ့ရှိတာမျိုးမှမဟုတ်တာလေ။

"အဲဒီကောင်မလေးက တော်တော်လေးကိုလှတာ သွန်းရဲ့"

ကြည့်စမ်း! သွန်းရှေ့မှာ တခြားမိန်းကလေးတစ်ယောက်ကို လှ ကြောင်း ချောကြောင်း ပြောထွက်ရက်တယ်လို့။ တကယ်ဆိုရင် ဒီလို ချီးမွမ်းစကားမျိုးကို သွန်းအတွက်ပဲ ပြောသင့်တာလေ။

သွန်းက မလှလို့လား. . . မပြည့်စုံလို့လား. . . ပညာမတတ်လို့ လား. . . လျှမ်းနှုတ်ကနေ 'နင် ဒီနေ့သိပ်လှနေတယ်' ဆိုတဲ့စကားမျိုး ကိုတောင် တစ်ခါမှမကြားခဲ့ရဖူးတာအမှန်ပါပဲ။ ဘယ်လိုမိန်းကလေးမျိုး မဆို ကိုယ့်ကိုချောကြောင်းလှကြောင်းသာ ပြောတာမျိုးကို လိုချင်တာ လေ။

ခုတော့ သွန်းမဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်ကို ချ ပြောနေပုံက စိတ်တွေလှုပ်နေသည့်နှယ်ပင်။

"သူ့မျက်လုံးလေးတွေက အရမ်းလှတာပဲ။ မျက်သားပြာပြာလေး မှာ မျက်ဆံလေးက နက်နေတာ။ မျက်တောင်ဆိုလည်း ထူပြီးအရှည် ကြီးပဲ။ နင့်လိုစက်နဲ့ကော့ထားတာမျိုးမဟုတ်ဘူးသွန်းရ၊ အဲဒီမျက်တောင်





တွေ ပိတ်ထားရာက ဖျတ်ခနဲဖွင့်ပြီး ကြည့်လိုက်တော့ ငါ့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရတာအမှန်ပဲ။ မျက်ခုံးက မထူမပါး ကွေးကွေးလေးရယ်။ နှာတံ ကလည်း စင်းစင်းလေး။ ပြီးတော့ နှုတ်ခမ်းလေးက ဆိုးဆေးတင်မထား ဘဲ သွေးအလိုလိုလေး ရဲနေတာ. မွေးကင်းစ ကလေးပေါက်စလေးလိုပဲ။ ပါးပြင်လေးတွေကလည်း နက်ပြီး, စင်းစင်းလေး။ အသားလေးက ထိ ရက်စရာမရှိအောင် ဖြူဥပြီး အဝါသွေးနေတာ။ လှတာ ချောတာထက် ပိုပြီးချစ်ဖို့ကောင်းတဲ့မိန်းကလေးက ငါ့နှလုံးသားကို မြင်မြင်ချင်းပဲ သိမ်း ကျုံး ယူငင်သွားတာလေ"

ဘုရားရေ! သူပြောနေတဲ့ပုံစံလေးက သွန်းမြင်ဖူးတဲ့ သဒ္ဒါပိုနဲ့ ဘာဆွတ်ကြီးတူနေတာမဟုတ်လား။ အကယ်၍များ မာမီ့ဆိုင်မှာ သူမ အလုပ်လာလျှောက်ဖြစ်ရင် ဘာတွေဖြစ်လာလေမလဲ။ လျှမ်းက ဆိုင်ကို သော့ သိပ်လာဖြစ်တဲ့သူမဟုတ်ပါလေ။ သဒ္ဒါပိုကိုသာမြင်ရင် လျှမ်း အသက်ရှူရပ်မတတ် အံ့သြမှင်တက်သွားချေလေမည်။

"နင် နာမည်လေးတောင် မမေးခဲ့ဘူးလား လျှမ်းရဲ့"

"ဟင့်အင်း. ဟိုကောင်လေး နှောက်ယှက်တာနဲ့ ဘာမှတောင် ကောင်းကောင်းမတောင်းပန်လိုက်ရဘူး"

"အဲဒီကောင်လေးက သူနဲ့ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ငါနဲ့နှင့်လို သူငယ်ချင်းထင်တာပဲ''

သူငယ်ချင်းတဲ့. ဟုတ်နိုင်ပါ့မလား. . .

'အလင်း'လို့ခေါ်သံရဲ့နောက်မှာ နွေးထွေးတဲ့အရိပ်အရောင်တွေ ပျော်ဝင်နေတာလေ။ ပြီးတော့ အဲဒီကောင်လေးရဲ့လက်မောင်းကို အားကိုးတကြီးနဲ့ဆုပ်ကိုင်လိုက်တဲ့ လက်ချောင်းလှလှလေးတွေ။

မဟုတ်သေးဘူး. . . ဘာဖြစ်လို့ အဲဒီမြင်ကွင်းကိုပဲ သူ ထပ်ကာတလဲလဲမြင်နေရတာလဲ။ သူငယ်ချင်းပဲပေါ့။ သွန်းနဲ့သူလို ငယ်သူငယ်ချင်းတွေရဲ့ချစ်ခြင်းတွေနဲ့ အဖြူစင်ဆုံးချစ်ကြတာမျိုးပဲ ဖြစ်ပါစေလား။ သို့တည်းမဟုတ်လျှင်. . . သက်ပြင်းကို နောက်ထပ်ချလိုက်မိပြန်လေ၏။

''အဲဒါဆိုရင် တော်သေးတာပေါ့။ နှင့်အတွက် မျှော်လင့်ချက်ရှိသေးတယ်''

''မထင်ရဲသေးဘူး သွန်းရယ်။ အဲဒီကောင်လေးကို 'အလင်း' လို့ခေါ်လိုက်တဲ့သူ့အသံထဲမှာ သံယောဇဉ်ရိပ်တွေ ပျော်ဝင်နေသလိုပဲ။ ပြီးတော့ အဲဒီကောင်လေးရဲ့လက်မောင်းကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားတဲ့လက်လေးတွေက အားကိုးတကြီးပုံစံမျိုးလို့ ပါမြင်ခဲ့ရတာပဲ''

''ဟိုကောင်လေးက သူ့ကိုဘယ်လိုခေါ်သလဲ''





''ဟင့်အင်း. နာမည်တော့မခေါ်ဘူး။ နင်နဲ့ငါနဲ့လိုပဲ တရင်းတနှီးပြောတာ။ ပြီးတော့ သူညီမတဲ့''

''ဒါဆို ဝမ်းကွဲလည်း ဖြစ်ချင်ဖြစ်မှာပေါ့''

''မဖြစ်နိုင်ဘူး။ ဘာပုံစံတစ်ခုမှ မတူတဲ့ဟာကို''

''နင် ဘာကိုပူနေလဲ လျှမ်းရယ်''

စကားသံ တိတ်သွားရပါ၏။ ဘာကိုပူနေလဲတဲ့၊ မေးချေပြီကောကောင်မလေးရယ်။ ခဏဆိုမှ မိနစ်ပိုင်းလေးသာ မြင်ခွင့်ရခဲ့တာပါ။ အဲဒီတစ်ဒင်္ဂလေးအတွင်းမှာ ကိုယ့်ရဲ့စိတ်စေတသိတ်ကို မင်းအပိုင်ယူသွားလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူးလေ။

မိန်းကလေးပေါင်းများစွာနဲ့ ရင်းနှီးခင်မင်ခဲ့ဖူးတာပဲ။ လက်ရှိ ဦးဆောင်နေတဲ့ကုမ္ပဏီမှာတောင်မှ Secretary တွေ၊ Manager တွေ Staff တွေထဲမှာ လှတပတမိန်းကလေးတွေ အများကြီးဆိုမှ အများကြီး တွေ့နေရတာပါ။ အဲဒီမိန်းကလေးတွေနဲ့ စကားတွေနေ့စဉ်ပြောနေပါလျက် ဒီလိုထူးခြားတဲ့ခံစားမှုမျိုး တစ်ခါမှမဖြစ်ခဲ့တာအမှန်ပါလေ. . .

ဟုတ်တယ်. . . မျက်ဝန်းလေးက စချစ်သွားမိတာပါ။ အဲဒီမျက်ဝန်းနက်လေးရဲ့ ဖျတ်ခနဲအကြည့်တစ်ချက်မှာ သူ့နှလုံးသား လျှပ်ခနဲပြုံးသွားပြီး ဘုတ်ခနဲပစ်ကျသွားရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ယ်တော့ငယ်ဦးမှာပါ။ လွယ်အိတ်ကလေး လွယ်ထားတာမို့ ကျောင်းမပြီးသေးတဲ့ ကျောင်းသူလေးမှန်း သိသာစေသည်ပဲ။

ဘယ်မှာသွားရှာရမှာပါလိမ့်။ လမ်းပေါ်မှာ ခဏတဖြုတ်တွေ့ခဲ့ ရတဲ့ကောင်မလေးကို ရှာပုံတော်ဖွင့်ရလျှင်ဖြင့် ကောက်ရိုးပုံထဲမှာ အပ် ပျောက်ကိုရှာရသလို ခက်ခဲ့သည့်အလုပ်ပင်မဟုတ်ပါလား။ ခက်ချေပြီ ကော ကောင်မလေးရယ်. . .

''ငါ သူ့ကိုချစ်တယ်''

''ဟင်! ''

''အဲဒါအသေချာဆုံးပဲ၊ ညတုန်းက တစ်ညလုံးလူးလိမ့်ပြီး အိပ် လို့မပျော်ခဲ့ဘူး သွန်းရဲ့။ အချစ်က လူကိုရူးသွပ်စေတယ်လို့ ပြောစမှတ် ရှိခဲ့တာကို ငါမယုံကြည်ဘဲ လှောင်တောင်လှောင်ခဲ့မိသေးတာပါ။ အခု အဲဒီအချစ်ဆိုတာနဲ့ ငါ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရမှ အဲဒီအဓိပ္ပာယ်ကို နားလည်သဘောပေါက်သွားရတော့တယ်၊ ဟုတ်တယ်. . . အချစ်က လူ တွေကို အိပ်ရေးလည်း ပျက်စေတတ်တယ်လေ''

ရွှေ့တည့်တည့်မှာရှိနေသည့် မလေးရှားစကားပွင့်လေးတွေကို ငေးရင်း ပြောနေသည့်သူ့နှုတ်ခမ်းတို့မှာ အပြုံးတို့ဝေဆာနေလျက်သား၊ မျက်ဝန်းများမှ တလက်လက်ဖြာနေသည့်အရည်ကြည်တို့ကို မြင်နေရ





လေ၏။ သူ ဒီကောင်မလေးကို တကယ့်မေတ္တာစစ်နှင့်ချစ်တယ်ဆိုတာ အသေအချာပါပဲလား. . . အနီးဆုံးမှာရှိနေသည့် ပန်းပွင့်လေးရဲ့ရနံ့နဲ့ အလှကို မမြင်၊ မတွေ့၊ မသိနိုင်ဘဲ လစ်လျူရှုပစ်နိုင်တာပေါ့လေ။

ခြော်. လျှမ်းရယ်. . .

''ငါပြောတာ နင်ယုံရဲ့လား''

ရင်ထဲ ဆို့သွားရပါ၏။ ယုံလားတဲ့. . . ဒီရင်ဘတ်ထဲက နှလုံး သားကိုတော့ သူအသိအမှတ်မပြုဘူးပေါ့နော်၊ ငယ်စဉ်ကတည်းက ချည် နှောင်ရစ်ပတ်လာတဲ့ သံယောဇဉ်ကြိုးကို မမြင်နိုင်ဘူးတဲ့လား။ အမြဲ ငုံမက်ခဲ့တဲ့အိပ်မက်ဂေဟာတိုင်းမှာ သူ့လက်ကိုသာတွဲပြီး မျှော်ရှင်ကြည် နူးခဲ့ရတာ ကြွေမ်ဖန်များစွာရယ်ပါလေ။

ခုတော့ဖြင့် သွန်းမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကိုမှ သူ က ချစ်မိသွားလေရဲ့။ ဘယ်လိုများပြန်ပြေရပါ့မလဲ။ လျှမ်းလိုသာ ရင် ခွင်ကြီးဆိုရင် 'ငါလည်း နင့်ကိုချစ်နေတာ' လို့ ပွင့်ပွင့်လင်းလင်းပြော ချင်လိုက်တာအမှန်ပါ လျှမ်းရယ်. . .

''သွန်း. . .''

''ဟင်''

''ငါမေးနေတာ ဖြေဦးလေ''



www.burmeseclassic.com

www.burmeseclassic.com



''အင်း''

''ဘာအင်းလဲ''

''ငါယုံတယ်လို့ပြောတာလေ''

သူပြုံးလေ၏။ ရင်ထဲမှာ ကြည်နူးနေလို့ပေါ့နော်။ ဒေါ်အေးမှာ မျက်ရည်အဝဲသားနှင့် ကြည့်နေသည့်သွန်းကို တစ်ချက်တောင် ငုံ့မကြည့်လေခဲ့။ ဥပေက္ခာပြုတယ်ဆိုတာ အင်မတန်ရက်စက်ရာကျတဲ့ သေမိန့်တစ်ခုပါ လျှမ်း။ အခု နင် ငါ့ကိုပေးတဲ့ဥပေက္ခာတရားက သွန်းရဲ့နှလုံးသားကို တစ်စစီမွမွကြေအောင် ဖျက်ဆီးခဲ့တာကို နင်သိပါရဲ့လား. . .

''တကယ်လား''

''အင်းပေါ့၊ နင် သူ့အပေါ်မှာ မေတ္တာစစ်နဲ့ချစ်ရိုးမှန်ရင် နင်တို့နှစ်ယောက်ကို. . .''

အသံက တိမ်ဝင်သွားရပါ၏။ ရင်ထဲမှလှိုက်တက်လာသည့်ရှိုက်သံကို အတင်းပြန်မျိုချလိုက်ရလေသည်။ ငိုလို့မဖြစ်ဘူးလေ. . . သွန်းမြတ်မြတ်နိုးနိုးချစ်ရတဲ့ချစ်သူရှေ့မှာ ကြည်နူးကျေနပ်မှုကိုပဲ ပြနိုင်ရမှာပေါ့။ အနိုင်မရသူရဲ့အရှုံးမျက်နှာကို သူ့ မမြင်တွေ့ပါစေနဲ့လေ။

''နင်တို့နှစ်ယောက်ကို ကံကြမ္မာက ဆုံစည်းခွင့်ပေးမှာပါ လျှမ်းရယ်''





''အဲဒါတွေကြောင့် နင့်ကို ငါချစ်နေရတာ။ နင်က ဘယ်တော့သို့ ငါ့ခံစားချက်ကို နားလည်ပေးနိုင်တယ်။ အလိုက်တသိနဲ့ပြောပေးတတ်တာကိုလည်း ငါနှစ်သက်တယ်။ ငါ့အတွက် မရှိမဖြစ်သူငယ်ချင်းပြုပါဆိုရင် 'သွန်းနှင်းခ'ဆိုတဲ့ နင်တစ်ယောက်ပဲရှိတယ် သွန်းရဲ့။ တကယ်ပါ''

ပခုံးကိုသိုင်းဖက်လိုက်သည့်လက်များက တင်းတင်းကျပ်ကျပ်နှင့်သွားလေစွ။ ချစ်နေရတာတဲ့. . . လှိုက်ခနဲဝမ်းသာမှုက ရင်ထဲမှာတည်လေ၏။ ကျေးဇူးအများကြီးတင်ပါတယ်၊ ဘာအရောင်မျိုးနဲ့ဘယ်လိုပဲချစ်ချစ်ပါ လျှမ်းရယ်။ နင့်နှုတ်က ငါ့အပေါ်ချစ်တယ်လို့ပြောသေးနဲ့ ကျေနပ်သွားရတဲ့သူပါ။

''ဘာမှမသေချာသေးတော့ မာမိတို့ကိုဖွင့်မပြောရသေးဘူး။ ငါ့ ဒီနှစ်ထဲမှာ တစ်ယောက်ယောက်နဲ့မြှန်းပေးဖို့ ကြိုးစားနေတာကို ငါနေတယ်။ တောင်းပန်ရမှာပေါ့နော်၊ ကျွန်တော့်ရင်ထဲရောက်နေတဲ့ကောင်မလေးနဲ့ပဲ ချစ်ပါရစေ၊ လက်ထပ်ပါရစေလို့လေ''

ခေါင်းကိုအသာညိတ်ပြလိုက်စဉ် ပါးပြင်ထက်သို့ မျက်ရည်ကခနဲစီးကျသွားလေ၏။ လက်ဝါးပြင့် သူမမြင်ရလေအောင် ခပ်မြန်မြန်သုတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''မာမီတို့ကန့်ကွက်ရင် ငါ့ဘက်က နင်ကူပြောပေးနော်. သွန်း''

''အင်းပါ''

''အကယ်၍များ သူဟာ မပြည့်မစုံနဲ့ မျက်နှာငယ်လေးဖြစ်နေခဲ့ရင်တောင် ငဲ့ညှာသနားပေးဖို့ ငါ့ကိုယ်စား ကူပြောပေးပါ''

ခေါင်းကိုနှစ်ချက်ဆင့်၍ ညိတ်ပြလိုက်တော့ သိုင်းဖက်ထားသည့် လက်ဖဝါးက သွန်း၏လက်မောင်းရင်းကို နာနာလေးဆုပ်ညှစ်လိုက်လေသည်။ နာကျင်သွားရသော်ငြား မညည်းညူမိပါချေ။ တကယ်ပါ လျှမ်းရယ်. . . ဒီလက်မောင်းက နာကျင်မှုထက် ဘယ်ဘက်ရင်အုံအောက်မှ စူးအောင့်နာကျင်ရတဲ့ဝေဒနာက ပိုပြီးပြင်းထန်လွန်းနေတာလေ။

''ကျေးဇူးပဲ သွန်း။ ငါရင်ဖွင့်တာကို နားထောင်ပေးတဲ့အတွက်ရော၊ ငါ့နှလုံးသားခံစားချက်ကို နားလည်ပေးတဲ့အတွက်ပါ So Thanks ပါကွာ. . .''

''ရပါတယ်၊ ငါတို့က သူငယ်ချင်းတွေပဲ။ သူစိမ်းတွေမှ မဟုတ်တာ''

''ထပ်ဆင့်ကျေးဇူးပါ၊ ငါပြန်တော့မယ်. ဒီနေ့ကစပြီး ဘာပဲလုပ်လုပ် သူနဲ့ဆုံဖို့၊ သူနဲ့နီးစပ်ခွင့်ရဖို့ဆိုတဲ့မျှော်လင့်ချက်နဲ့ ခွန်အားတွေ ပြည့်နှက်နေမှာပါ။ ငါပြန်ဦးမယ်. . . Bye...''





''Bye...လျှမ်း''

ထထွက်သွားသည့်သူ့ကျောပြင်က အမြင်မှာ မှုန်ဝါးသွားရပါ၏။ ဘစ်ချက်လေး စောင်းငဲ့ကြည့်ပါဦးလား. . . ငယ်ငယ်တုန်းကထက် ပိုချစ်မိနေတဲ့ချစ်ခြင်းတွေကို နားလည်ပေးပါတော့လားကွယ်။ ဆုံးရှုံးလိုက်ရပြီဆိုတဲ့အသိက ရင်ဝကို လာဆိုက်လေပြီမို့ ရှိုက်ငိုချလိုက်မိတော့သည်။ ဒန်းကျောမှိထက် မျက်နှာငှဲ့၍ ငိုလိုက်သည့်ငိုရှိုက်သံကို သူ မကြားသွားခဲ့ပါလေ။

ခြံဝသို့ထွက်သွားသည့် ကားစက်သံညက်ညက်အောက်မှာ သွန်း၏ငိုရှိုက်သံသဲ့သဲ့က တစ်စစနဲ့ပျောက်ကွယ်သွားရတာကိုဖြင့်. . .

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

"သမီး ဘာဖြစ်ထားလဲ"

Breakfast ဝိုင်းသို့ဆင်းလာသည့်မျက်နှာမှာ မှိုအစ်နေမှုကို မာမီမြင်သည်ပဲ၊ ငယ်စဉ်ကတည်းက မလိမ်ညာတတ်သူမို့ မာမ့်ကို ဘာ မှ ဖုံးကွယ်၍ မရနိုင်တာလေ။

"ငိုထားတာလား"

"မိစိုး မမဖို့ခေါက်ဆွဲတစ်ထုပ်လောက် ပြုတ်ပေးပါလား။ ကော်ဖီ မသောက်ချင်ဘူး"

"ဟုတ်ကဲ့ပါ မမ၊ ခဏလေးစောင့်ပါနော်"

"အင်း"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မာမ်ိဓမ္မတာကို ဘာတစ်ခွန်းမှမဖြေသေးဘဲ ခုံမှာဝင်ထိုင်လိုက်ပါ၏။ စားပွဲပေါ်လက်ထောက်၍ မျက်နှာက ခပ်မှုံမှုံဖြစ်နေရလေသည်။ စိတ်မကြည်ရင် ရုပ်ပါ အိုစာသတဲ့၊ ဒါဆို အခု သွန်းရုပ်လည်း အဘွားအို လေးလို အိုစာနေမှာပေါ့နော်။

"လျှမ်းနဲ့စကားများကြသေးလား။ မနေ့ညနေက ကုမ္ပဏီအပြန် ဝင်လာသေးတယ်ဆို"

"အင်း, စကားတော့မများပါဘူးမာမီရဲ့။ ဒီလိုပါပဲ"

"စကားမများဘူးသာဆိုတယ်၊ သမီးမျက်နှာက မအီမသာဖြစ် နေတာလေ။ မာမီ့ကိုပြောပါဦး. . . ရစ်ပူလှပြီ"

"ဘာမှမဖြစ်ပါဘူးမာမီရယ်၊ ဒီလိုပဲ ရင်ထဲမကောင်းဖြစ်ပြီး နေ မိတာပါ"

"မာမီ ဆရာဝန်ပင့်ပေးရမလား။ ဒါဆို ဒီနေ့ ဆိုင်မသွားတော့ ဘူးလေ"

မဖြစ်ပါချေ။ အဝေးသင်တွေ စာမေးပွဲပြီးကာနီးလို့ ဒီလပိုင်းမှာ ရွှေဆိုင်ကို 'သဒ္ဒါပို'လာလိမ့်မည်ဟုထင်နေတာမဟုတ်လား။ မာမီနှင့် သွန်း,တစ်ယောက်ယောက်သာမရှိလျှင်တော့ သဒ္ဒါပိုတစ်ယောက် အလ ဟျှာက်ရဲမည်မထင်။



BURMESE CLASSIC .com



မန်နေဂျာမဝါက Customer တွေကိုသာ မျက်နှာချိုပြီး ကျန် အလုပ်သမားတွေအပေါ် ခပ်မာမာဆက်ဆံတတ်တာမို့ လူသစ်ကိုလည်း ထိုသို့ပင် ပြုလုပ်မည်သာ. . .

"နေပါစေမာမီ၊ များတာမှမဟုတ်တာ။ ဆိုင်မှာ သွန်းရော မာမီ ပါ မရှိလို့မဖြစ်ဘူး။ တော်ကြာ သဒ္ဒါပိုရောက်လာလို့ မတွေ့မှပြဿနာ"

"အေး, ဒါလည်းဟုတ်တာပဲ"

"ဒီနေ့တော့ သွန်း စိတ်မကြည်လို့ မလိုက်တော့ဘူးမာမီ, နော်"

"ဘယ်သူ့ကြောင့် ဘာဖြစ်လဲလို့ မာမီ့ကိုရင်မဖွင့်ချင်ဘူးလား"

ခေါင်းကိုသာ ခါပြလိုက်ပါ၏။ မိစိုး လာတင်ပေးသွားသည့်စားပွဲ ထက်မှ ခေါက်ဆွဲပြုတ်ကိုသာ စိတ်ဝင်စားပုံနှင့်မှုတ်သောက်နေပြီမို့ မာမီ က ဘာမှထပ်မပြောတော့ပါချေ။

လျှမ်းရယ်. . . သွန်းရဲ့နှလုံးသားလည်း ဒီထဲက ခေါက်ဆွဲဖတ် တွေလို ပူပြင်းပျော့ဖတ်ကုန်တာအပုန်ပါ။ လူပါ နုံးချိပြီး ဘာတစ်ခုမှ လုပ်ချင်မကိုင်ချင်သလို စိတ်ပါလေကုန်ပြီလေ။ ဒီအတိုင်း အိမ်မှာ ဘပိန်ပိန်တလိမ်လိမ်နဲ့ လိမ့်နေရင် မာမီပိုပြီးစိတ်ပူမှာစိုးလို့ အငိုရုပ်ကို ဖန်လုပ်ပြီး အပြင်ကို တကျောင်းကျောင်းထွက်ပြရဦးမှာပါလား. . .

အပြင်က ရှုခင်းတွေ မြင်ကွင်းတွေကို ငေးမောရင်း စိတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သာရာ အနည်းအကျဉ်းလောက်တော့ ရလိမ့်မယ်ထင်ပါရဲ့။ အချစ်ဆို တာ ပေးနေပါသော်ငြား မရတဲ့အရာတစ်ခုဖြစ်နေရတာအမှန်ပါလေ။

"မာမီ ဘာဝယ်လာပေးရမလဲ သမီး"

"ဘာကိုလဲ မာမီ"

"တစ်ခုခုလိုချင်တာပြောလေ၊ အဝတ်အစားဖြစ်ဖြစ်၊ Cosmetic ဖြစ်ဖြစ်၊ စားစရာဖြစ်ဖြစ်, တစ်ခုခုပေါ့"

"ဘာမှမလိုချင်ပါဘူး မာမီ။ သွန်းလည်း အပြင်ထွက်မယ့်ဟာ ပဲ။ နီလာ့ကိုဝင်ခေါ်ပြီး Plaza လျှောက်ပတ်မယ်၊ ပြီးရင် ရှမ်းခေါက်ဆွဲ သွားစားမှာ. . ."

"ညနေထွက်မှာလား"

"ဟင့်အင်း, အခုပဲ ရေမိုးချိုးပြီး ထွက်မှာပါ။ ရုပ်ရှင်ပါ ဝင်ကြည့် ဖြစ်လို့ ညနေစောင်းသွားရင် မာမီစိတ်မပူနဲ့နော်"

"အေးပါ, သမီးစိတ်ချမ်းသာရင် ပြီးတာပါပဲ"

မာမီက ကော်ဖီသောက်ပြီးပြီမို့ အပေါ်ထပ်ကိုတက်သွားလေ၏။ ခေါက်ဆွဲပြုတ်ပွဲတစ်ဝက်မှာ စားမဝင်တော့၍ ရပ်လိုက်ရလေသည်။

"ဝပြီလား သမီး"

"တော်ပြီ ဒေါ်လေးကြိုင်ရယ်။ သွန်း မစားချင်တော့ဘူး။ သွန်း ...စ်လိုက်တော့နော်"





"အေးအေး, သမီးလေး ညနေဘာစားချင်လဲ။ ဒေါ်ကြိုင် ဘာ ချက်ကျွေးရမလဲဟင်"

"ရပါတယ်၊ မာမီစားချင်တာသာ ချက်ပေးပါ ဒေါ်လေးကြိုင်။ သွန်းက အစားမှမရွေးဘဲ"

ခုံကိုနောက်ရွှေ့၍ ထထွက်လာခဲ့ပါ၏။ ရေချိုးခန်းထဲမှာ ရေကို အကြာကြီးစိမ်ချိုးနေစဉ် တံခါးခေါက်သံ ပေါ်လာလေသည်။ မာမီပဲ ထင်ပါရဲ့။

"ကစ်တီ, သိပ်မကြာစေနဲ့"

"ပြီးပါပြီ မာမီရဲ့"

ရေချိုးကန်ထဲ စိမ်နေရာမှ ထရတော့၏။ ရေပန်းကိုဖွင့်ချလိုက် ပြီး မွေးပွအကျီပွပွလေးကို ခါးကြိုးသိုင်းချည်ကာ Towel ဖြင့်ခေါင်း ...တ်ရင်း ထွက်လိုက်တော့ ခုတင်ပေါ်ထိုင်နေသည့်မာမို့ကို မြင်ရလေ သည်။

ဒီအမေကတော့ ရှားပါရဲ့။ သမီးဖြစ်သူထံမှ ရင်ဖွင့်တာ မကြား ...ချင်း ဆိုင်မသွားဖြစ်မယ့်အမေမျိုးလေ. . .

"အဲဒီ Color က မာမီနဲ့သိပ်မလိုက်ဘူး"

www.burmeseclassic.com



မာမို့မျက်နှာထက် အပြုံးနုနုထင်လေ၏။ စိတ်မကြည်ပေမယ့် မအေဖြစ်သူ ဝတ်စားတာကိုတော့ အလေးထားမိတာမဟုတ်လား။

"ဒီ Design လေး ဆန်းလို့ ဝတ်ထားတာပါ။ ဒီနေ့က အရောင်တောက်တောက်ဝတ်ရမယ့်နေ့မို့ ယကြာအရလေ သမီးရဲ့"

"ဆိုင်ကို ဟိုလူကြီး လာသေးလား"

"ဘယ်လူကြီးတုန်း သမီးရဲ့"

"ဘယ်သူရှိမလဲ မာမီရဲ့။ ဟိုအလုကြိုက်တဲ့အန်ကယ်ကြီးကို ပြောတာလေ"

"သြော်. ကိုဂျော်နီလား နေ့တိုင်းတော့ ဘယ်လာမလဲသမီးရယ်။ မာမို့ဆိုင်က ဟင်းရွက်ကန်စွန်းဆိုင်မှမဟုတ်တာ။ တစ်ခါဝယ်. သိန်းနဲ့ ပေးရမှာမျိုးကို ဘယ်သူက နေ့တိုင်းလာဖြုန်းနိုင်မှာလဲ"

"ပြောနိုင်ဘူးလေ၊ လာလိုက်တာနဲ့ တင်တင် ဒီနေ့ So beauty ဆိုတာက အရင်စပြောတာ။ မျက်စိထဲ တော်တော် cross တယ်"

မာမိက တဟင်းဟင်းရယ်မောရင်း ထရပ်ကာ Dryer ခလုတ်ကိုဖွင့်လိုက်လေ၏။ Towel ဖြင့်သုတ်နေသည့်သွန်းဆံနွယ်တို့ကို ဘီးဖြင့် ခပ်ဖွဖွဖြီးကာ စက်ဖြင့်မှုတ်ပေးလေသည်။

"နေပါစေ မာမိ၊ သွန်းဟာသွန်း လုပ်ပါ့မယ်"





"စကားတွေ လိုးလွဲမပြောပါနဲ့လား ကစ်တီ။ မာမို့လို (၄၅) နှစ်အမျိုးသမီးကြီးထက် သမီးက ပိုပြီးအန္တရာယ်ရှိတာပါ။ ကဲ, မာမို့ရင်ထဲ ကလိကလိဖြစ်နေတာကို ဖြေဖျောက်ပေးပါလား သွန်းရယ်"

အဲဒါပဲ။ ရင်ထဲမှာ ဘာမှသိဂုဏ်မသိမ်းတတ်တာ တင်တင်ခရဲ့ Style ပဲကိုး။ မျက်နှာထက် Make- up လိမ်းနေရာမှ မပီမသပြုံးလိုက်မိသည်။ အင်း, ဒီမလုမယန္တတ်ခမ်းကို Gloss အနီရင့်တင်တာ မြင်လျှင်ဖြင့် လျှမ်း မည်မျှမဲ့ရွှ ပြောမှာပါလိမ့်. . .

"မအေတစ်ခု သမီးတစ်ခုရှိတာမှ မပွင့်လင်းရင် ဘယ်သူများလာပွင့်လင်းပါ့မလဲ သွန်းနှင်းခရဲ့"

"မာမိ ရွှေမရောင်းနဲ့. သိလား"

"ဒါဖြင့် ဘာရောင်းရမှာလဲ"

"အပြောကောင်းအဟောကောင်းပဲ ဗေဒင်ဆရာမလုပ်ပေါ့"

မာမိက တဟင်းဟင်းရယ်မောလေ၏။ သွန်း ဆယ်တန်းနှစ် (မာမိ အသက် ၃၅ နှစ်) မှာ မုဆိုးမဖြစ်ခဲ့ပေမယ့် သွန်းကိုငဲ့ပြီး နောက်ထပ်အိမ်ထောင်မပြုခဲ့ပါချေ။ ဘဝကိုပြည့်စုံတယ်ဆိုပြီး လာကပ်သမျှ ယောကျ်ားတိုင်းကို မာမိခါချတတ်မှန်းသိသဖြင့် မာမို့ကို သွန်း ယုံကြည်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိခင်မျိုးကိုမှ သွန်း လျှို့ဝှက်ထားပြီး ရင်မဖွင့်ပြလို့ ကောင်းပါ့မလား။ အမေတစ်ခု သမီးတစ်ခုဘဝဆိုပေမယ့် မာမီက သွန်းကို ညီအစ်မတွေလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်ဖုံ ရင်းရင်းနှီးနှီးဆက်ဆံတတ်တာမျိုးပါလေ။

ခြောက်သွားသည့်ဆံပင်များထက် Hair coat ကို ခပ်ပါးပါးလူးရင်း သက်ပြင်းရှိုက်လိုက်မိ၏။ ပြောမှတော့ စောစောပြော. မြန်မြန်ရင်ပေါ့သွားမှာလေ. . .

"မာမီ"

"ပြော. . ."

"လျှမ်းမှာ ချစ်ရမယ့်သူရှိနေပြီ"

"ဘယ်လို. . ."

"အဲဒီကောင်မလေးက သွန်းမဟုတ်တာတော့ အသေအချာပါပဲ"

"ဒါဖြင့် ဘယ်သူလဲ"

"သူလည်း နာမည်တောင် သေချာမသိသေးတဲ့ဟာ။ သွန်းက ဘယ်လိုသိမှာလဲ မာမီရဲ့"

"သမီး. . . ကစ်တီ"





မာမီက သွန်းကို နောက်ကျောမှသိုင်းဖက်ထားလိုက်လေ
ကျိုမလဲရသေးတာမို့ ဘာမှကျေသွားစရာမရှိပါချေ။ မာမီကသာ လှတ
လေး ဝတ်ထားတာမဟုတ်လား. . .

"မာမီတို့ထင်ထားသလိုဖြစ်မလာလို့ သမီးဝမ်းနည်းနေသလား"

မျက်ရည်တို့ရစ်ဝဲလာတာကို အမြန်ပုတ်ခတ်သိမ်းဆည်းလိုက်ရသည်။ တော်သင့်ပြီပေါ့. . . တစ်ညနေနဲ့ တစ်ညလုံး ကောင်းကောင်း
အိပ်ဖြစ်ဘဲ ငိုပွဲကြီးဆင်နွှဲခဲ့ပြီးပြီပဲဟာ။

အသည်းကွဲတယ်ဆိုတာ သွန်းတို့အရွယ်တွေအတွက် အဆန်းကြယ်မှုမဟုတ်တော့တာလေ။ နှစ်ဦးနှစ်ဖက်ချစ်ပြီး မုန်းကြတာမျိုး
ဟုတ်ဘဲ သွန်းဘက်က အုံ့ပုန်းချစ်ခြင်းတွေကို မျိုချသိမ်းဆည်းလိုက်
တာကိုတော့ အသည်းကွဲတယ်လို့သတ်မှတ်လို့ ဘယ်ရပ့်ါမလဲ။

"OK...ပါတယ် မာမီ။ ပါးပါးလေး ခံစားလိုက်ရရုံပါ"

မာမီက သွန်းကျောကို သုံးလေးချက်ပုတ်ကာ နှစ်သိမ့်ပေးလေ
ဒီတစ်လလောက်တော့ သွန်း လိမ့်ချင်သလိုလိမ့်နေမိဦးမှာပါ မာမီ။
လေးပါပဲ၊ အချိန်တန်တော့လည်း အနည်ထိုင်ပြီး သွန်းစိတ်တွေ
ကြည်လင်သွားမှာပါလေ။

"ကျေးဇူးတင်ပါတယ် မောင်ရင်၊ အခုလို အိမ်တိုင်ရာရောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြင်ပေးတာအတွက်ရော၊ ပြင်ဆင်ခကို ပိုမယူတာအတွက်ပါ ထပ်ဆင့်ကျေးဇူးပါပဲ"

"ရပါတယ် အန်ကယ်။ ကျွန်တော်တို့ Service Centre ကို phone ခေါ်လိုက်တာနဲ့ ဒီရန်ကုန်မြို့တွင်း ဘယ်နေရာမှာမဆို လိုက်ပြင်ပေးလေ့ရှိတာပါ။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျသင့်ငွေကို ဘောက်ချာထဲရေးကာ ဆုတ်ပေးလိုက်ပါ၏။ ငွေနှစ်သောင်းခွဲကို သေချာရေတွက်ကာ ကျောပိုးအိတ်ဘေးဘက် ဇစ်ပွင့်ထည့်လိုက်သည်။ ကားပိုင်ရှင်ကို ဦးညွှတ်ပြပြီး ခြံထဲမှတစ်လှမ်းချင်း ထွက်လာခဲ့ပါ၏။

လူချမ်းသာတွေအတွက်ကတော့ ဘာမဆို လိုတရချည်းပဲကိုး။ ခုလည်းပဲကြည့် ပစ္စည်းအသစ်ထည့်ရမှာကို ဝပ်ရှော့မှာလာမလုပ်ဘဲ အိမ်ခေါ်၍ ပြင်ခိုင်းတာလေ။ ခေါင်းကိုခါလိုက်ပြီး ငိုက်စိုက်ငိုက်စိုက်ဖြင့် တစ်ယောက်တည်း လျှောက်ခဲ့စဉ် လမ်းထိပ်ဘက်မရောက်မီမှာ ကားဖြူလေးတစ်စီးထိုးရပ်သွားတာကို တွေ့လိုက်ရလေ၏။

"ဟော"

ကားပေါ်မှ အနီရင့်ရောင်ကောင်မလေးတစ်ယောက် ဆင်းလာကာ ကားဘီးကို ဒေါသတကြီးကန်လိုက်လေသည်။ သူ မျက်ခုံးပင့်သွား





ပြီး ပြုံးလိုက်မိပါ၏။ ကြည့်ရတာ ဘီးလေလျော့တာလား၊ ဘီးပေါက်သွားတာလား၊ တစ်ခုခုဖြစ်မည့်ပုံလေ။ ဟိုဒီလှည့်ကြည့်လိုက်ရင်းမှ သူ လျှောက်လာတာကို မြင်သွားလေသည်။

"ဒီမှာ ရှင် ကားပြင်တတ်လား"

အိုး . . . အလှကြီးပါလား၊ ခေါ်ပုံကိုက မာဆတ်ဆတ်နှင့် အကူအညီပေးချင်စဖွယ်ကိုမရှိတဲ့ ကောင်မလေးဖြစ်နေတာလေ၊ သူ မကြားချင်ယောင်ဆောင်လျက် သုမဘောမှုဖြတ်ကာ ဆက်လျှောက်ခဲ့စဉ် ကွန်ကရစ်လမ်းထက် ဒေါက်ဖိနပ်သံထွက်လာလေ၏။

"ဒီမှာ ရှင့်. သွန်းပြောနေတာ မကြားဘူးလား။ နားလေးနေလားဟင်"

သူ ခြေလှမ်းကိုရပ်လိုက်ရသည်။ ပြန်လှည့်ကြည့်စဉ်မှာ သူမက နေရာမရွှေ့သေး၊ ခုနက ခြေဆောင့်စိတ်တိုပြတာပဲထင်ပါရဲ့။

"ကားပျက်ရင် ဝပ်ရှော့ကို phone ဆက်ခေါ်ပေါ့ဗျ။ ရန်ကုန်မှာ ဝပ်ရှော့တွေများနေပုံလို့"

"သွန်း မသိလို့ပေါ့ရှင့်"

သူက ကျောပိုးအိတ်ကိုပြင်လွယ်လိုက် ပြန်လျှောက်လာခဲ့ပြီး အိတ်ကပ်ထဲမှ ကတ်အပြာလေးကိုထုတ်၍ ပေးလိုက်တော့ သူမက မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆေးခိုင်းလျက် လှမ်းယူလိုက်လေသည်။

"ဘာလဲ"

"Service Centre လေ"

"ရှင်က အဲဒီကလား"

"ဟုတ်တယ်"

"ဒါဆို သွန်း ကားရပ်သွားတာကို ပြင်ပေးပေါ့ရှင့်။ ဘာလို့ ဝပ်ရှော့ကို phone ဆက်ခိုင်းရတာလဲ"

"ခင်ဗျား phone ဆက်မှ ဟိုက လူလွှတ်လိုက်မှာပေါ့ဗျ။ ကျွန်တော်က တာဝန်ပြီးလို့ ပြန်ပြီ။ ကြားပေါက် လိုက်ပြင်စားနေတဲ့လူမဟုတ်ဘူး"

"ကြည့်စမ်း! ခဏလေးပြင်ပေးရုံနဲ့ ဘာဖြစ်မှာမို့လို့လဲ။ ရှင့်ကိုယ်ရှင် ကားတစ်စီးလုံး ဆောက်နိုင်တဲ့ အဓိကလူလို့ထင်နေလား ဘဝင်ကိုက"

သူ ဟက်ခနဲရယ်လိုက်မိ၏။ အဲဒါတွေပေါ့၊ မိပိုနဲ့ကွာတယ်ဆိုတာလေ၊။ မိပိုဆို လူတစ်ဖက်သားကို ဒီလိုနှိမ်ဖို့မပြောနဲ့၊ အမြဲအားနာပြီး တရိုတသေဆက်ဆံတတ်တာ မဟုတ်လား။ ပုံစံကိုက ဆန့်ကျင်ဘက်ခြားနားပြီး ရင်ပူချင်စရာ။ မိပိုဆို မြင်လိုက်သည့်လူရဲ့ ရင်ထဲထိ အေး





မြသွားစေတဲ့ ငြိမ်းချမ်းတဲ့အလှပိုင်ရှင်လေးပါလေ။

"ခင်ဗျားပြောပုံက ကူညီပေးချင်စရာကိုး"

တိုနေသည့်စိတ်ကို သုံးလေးထစ်မျှလျှော့ချလိုက်ရပါ၏။ မနက်ကတည်းက မကြည်လင်သည့်စိတ်က ခုချိန်ထိ ရင်ထဲမှာ မွှေနေဆဲပါလေ။ ကြည့်ရတာ သွန်းထက် နှစ်နှစ်,သုံးနှစ်လောက် ငယ်မည့်ထင်ရသည့်ကောင်လေးကို မချေမငံမောက်မာစွာဆက်ဆံနေမိတာပါ။

အင်မတန် သဘောဖြူလှပါတယ်ဆိုတဲ့ သွန်းနှင်းခရဲ့နှလုံးသားကို ခုလိုနှောင့်ယှက်ခဲ့တာ ဘယ်သူပါလဲကွယ်။

"Sorry"

"ဘာSorry လဲ။ ခင်ဗျားတို့လူတန်းစားတွေရဲ့ Style က ဒီလိုအချိုးပဲလား။ လူတွေကို လူလို့မမြင်ဘဲ နိုင်းနွားလို့ထင်ပြီး အခုလိုအရေကျောရေနဲ့ပဲ ပြောတတ်တာလေ။ ပြီးရင် Sorry လို့ပြောပြီး ပျားသည်နဲ့ဝမ်းချပါရော"

ဟယ် ဘယ်လိုကြီးတုန်း။ ဒေါသဖြစ်နေသည့်သွန်းက ငြိမ်သွားပြီး သူက တရှူးရှူးဖြစ်နေတာမို့ ပြုံးစိစိလေးဖြစ်သွားရလေ၏။

"ဘာပြုံးတာလဲ"

"ရှင်ဒေါသထွက်လာတာကြည့်ကောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

"ကဲပါ, သွန်းကား သူ့အလိုလိုရပ်သွားတာလေးတော့ ကြည့်သွားပေးပါ ကောင်လေးရယ်။ ကျေးဇူးမမေ့ပါဘူးနော်"

သူ မျက်မှောင်ကြုတ်၍ ငုံ့ကြည့်လိုက်မိ၏။ အနီးကပ်ကြည့်လိုက်မှ မိပိုထက်ကြီးပုံရနေသည့်မိန်းကလေးမို့ အားနာစိတ်ဖြစ်သွားရလေသည်။ ဒါဆို သူ့ထက်လည်း နှစ်နှစ်ခန့်ကြီးမည်ကို။ သူ လက်ဝါးဖြန့်လိုက်စဉ် သူ့မမျက်နှာမှာ တအံ့တသြ။

"ဘာလဲ"

"ကားစက်ပုံးသော့"

သူမက dashboard ပေါ်တင်ထားသည့် သော့တွဲလေးကိုယူ၍ သူ့ကိုကမ်းပေးလိုက်ပါ၏။ ဘာမှနားမလည်ပါဘဲ သူ စက်ပြင်တာကို ဘေးနားမှလိုက်ကြည့်နေမိသည်။ နဖူးထက် ဆံပင်တိုတွေ ဝဲကျနေတာ၊ ရှပ်အင်္ကျီလက်မောင်းကိုခေါက်တင်ထားသည့် လက်မောင်းမှ နီညိုရောင်သမ်းနေသည့် အသားရောင်၊ အလုပ်ကိုစိတ်ဝင်တစားဖြင့် အာရုံစိုက်နေပြီး ဘေးဘီကိုမကြည့်သည့် တည်ငြိမ်မှု အားလုံးအားလုံးဟာ သွန်း အမှတ်ပေးနေကျအတိုင်း အံကိုက်ပါပဲလား။

နီလာသာသိရင် ပျော်လိုက်မယ့်ဖြစ်ခြင်း။ အခုပဲ အသည်းတွေ





တစ်စစီကြေကုန်ပါပြီဆိုပြီး ရင်ဖွင့်ခဲ့တာလေ။ နီလာ့အိမ်ကအပြန်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ကောင်လေးကိုတွေ့တယ်လို့ ပြောရတော့မှာကိုး။

"ပြီးပြီ"

"ဟင်!"

သူ့ကိုငေးနေမိရာမှ အထိတ်တလန့်ဖြစ်သွားရပေါ၏။ လက်ထဲလှမ်းပေးနေသည့်သော့တွဲကိုယူ၍ မေ့နေမိသဖြင့် သူက မှဲ့ပြုံးလေးပြုံးလိုက်လေသည်။ အို့ ရှက်စရာယ်ပါပဲလား။ ကားစက်ပြင်ပေးသည့်ကောင်လေးကို အငိုက်မိငေးနေတာကိုမှ လူမိခံရတာလေ။

"မယူဘူးလား။ ကျွန်တော့်ကိုတော့ အိမ်အထိလိုက်မပို့နိုင်းနဲ့နော်။ အချိန်ရှိတာမဟုတ်ဘူး"

"ဘယ်မှာပို့နိုင်းလို့လဲ"

"မသိဘူးလေ။ သော့ပြန်ပေးနေတာကိုမယူလို့ စဉ်းစားကြည့်ရတာပေါ့။ ရော့"

"ပြင်ခ ဘယ်လောက်ပေးရမလဲဟင်"

"မလိုပါဘူး။ ဘာမှသိပ်ပြင်ပေးရတာမှ မဟုတ်ဘဲ။ ဩော်, မေ့တော့မလို့။ Bettery လဲလိုက်ပါ။ သိပ်မကောင်းတော့ဘူး"

"ဒါဆိုလည်း တစ်ခုခုလိုက်စားပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ တဟားဟား အော်ရယ်လေ၏။

ကြည့်စမ်း! သွန်းပြောတဲ့စကားထဲမှာ ဘာရယ်စရာတွေများပါလို့ပါလိမ့်။ ခေါင်းမော့ရယ်လိုက်သည့်သူ့ဟန်ပန်ကို ငေးခနဲဖြစ်သွားရလေသည်။ ကြည့်လို့ကောင်းတာအမှန်ပါပဲ။ သွန်းက (လျှမ်းမှလွဲ၍) ယောက်ျားလေးဆိုရင် ညိုမှသဘောကျတာလေ။ လျှမ်းကတော့ နဂိုက ဖြူဖြူလေးမို့ မျက်စိထဲကြည့်နေကျ ရှိနေပါပြီ။ ဒီကောင်လေးရဲ့အသားရောင်က နေလောင်ထားတာမျိုးမဟုတ်ပါဘဲ ညိုညိုလေး သမ်းတာလေးကိုက တစ်မျိုးလေးကြည့်ကောင်းစေတာမဟုတ်လား။

"ဘာရယ်တာလဲ"

"မရယ်ရဘဲ နေမလားဗျ။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို မင်းသားကို မင်းသမီးက ကျေးဇူးတွေတင်ပြီး တစ်ခုခုလိုက်ကျွေး ပြီးတော့ ရင်းနှီးပြီး အိမ်မှာဝင်ထွက်. . . ဒါမျိုးတွေရှိနေပြီဗျာ။ ဇာတ်လမ်းတွေ မထွင်ချင်ပါနဲ့"

"အမယ်. . . လူကိုများ"

"ကျေးဇူးတင်တယ်မဟုတ်လား။ လက်ဆောင်ပြန်ပေးခဲ့မယ်လေ ရော့"

သွန်း ဘာမှပြန်မပြောရသေးခင် သူက ဖျတ်ခနဲ လက်ကိုတို့လိုက်





လေ၏။ ရုတ်တရက်မို့ ထိတ်ခနဲလန့်သွားရပြီး ငုံ့ကြည့်လိုက်ရာ လက်ခုံပေါ်မှာ ဆီချေးရာလေး ပေသွားတာလေ။

ကဲ, ဘယ်လိုကောင်လေးပါလိမ့်။ ကျေးဇူးတင်နေသည့်လူကို ဒေါသဖြစ်အောင် ဆွသွားတာမဟုတ်လား။ ရန်တွေ့ရန်ကြည့်လိုက်စဉ် သူ့နောက်ကျောကိုပင် မမြင်ရတော့ပါလေ။ စိတ်ဆိုးလိုက်ရမှာလား။

ဟင့်အင်း. . . ရင်ထဲမှာ ကြည်နူးသွားမိတာအမှန်ပါပဲ။ လက်မှ ဆီချေးရာလေးကိုကြည့်၍ ပြုံးလိုက်မိတော့သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

Taxi က ဆိုင်ရှေ့တည့်တည့်မှာပင် ကားကိုရပ်ပေးတာမို့ အဆင်ချောသွားရပါ၏။ ကားခကို အရင်ရှင်းပေးပြီးမှ ကားပေါ်က ဆင်းလိုက်ပါသည်။ ဆိုင်းဘုတ်အကြီးကြီးကို လည်ပင်းဆန့်သည်အထိ မော့ကြည့်လိုက်ပါ၏။ 'ဒီလှိုင်းခ'တဲ့။ ဒီဆိုင် သေချာမှာပါ။ အလင်းက ဆိုင်မှားဝင်မှာစိုးပြီး ကားငှားစီးခိုင်းတာမို့ တော်ပါသေးရဲ့။

ဆိုင်ထဲသို့ ခပ်ဖြည်းဖြည်းချင်းဝင်လာခဲ့ပါ၏။ တူညီဝတ်စုံနှင့် အစောင်းစာရေးမလေးများမှလွဲ၍ အန်တီတို့သားအမိကိုမတွေ့ရပါချေ။ ရောက်သေးတာလား (၁၀)နာရီဝန်းကျင်ရောက်နေမှဖြင့် ရောက်တော့ရောက်သင့်ပြီထင်ပါ၏။ ဆိုင်ခွဲလည်းမရှိတာမို့ မှားစရာအကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲမသိဘူး"

ဘေးဘက်ဆီမှရွှေတ်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်ပါ၏ uniform ဝတ်နဲ့မို့ ဝန်ထမ်းပဲဖြစ်မှာပါပဲ။ မျက်နှာထားတည်တည်ဖြင့် မေးနေသဖြင့် ရာထူးကြီးတစ်ဦးတော့ဖြစ်မှာပါလေ။

"ဟိုလေ, အန်တီတို့သားအမိ ရောက်ပြီလားမသိဘူး"

"ဘယ်အန်တီလဲ"

"အန်တီဒေါ်တင်တင်ခကိုပြောတာပါ"

ဆိုင်ရှင်နာမည်ကို ဒေါက်ခနဲပြောလိုက်တာမို့ မျက်လုံးကျယ်သွား လေ၏။ ပို ဒီနေ့ဝတ်လာတာက မီးခိုးရောင်အစင်းလေးနှင့် ရှပ်ပုံ blouse လေးပါ။ အောက်မှာ အနက်ရောင်လုံချည်ဖြောင်လေးကို ဝတ်ပြီး Slipper အဖြူလေးကို ရိုးရိုးရှင်းရှင်းသာ ဆင်မြန်းခဲ့တာလေ ဆံပင်တို့ကိုတော့ ထုံးစံအတိုင်း စင်းစင်းလေးချထားရုံပါပဲ။

"ဒီနေ့ အန်တီလာမှာမဟုတ်ဘူး။ ကိစ္စရှိရင် တို့ကိုမှာခဲ့လေ"

အဲ့. အဲဒါမှဒုက္ခ။ အန်တီက ဆိုင်လာခဲ့လို့ပြောပြီး ဆိုင်မှာ မမှာ ထားဘူးထင်ပါရဲ့။ မေ့များမေ့နေပြီလား။ ဒါမှမဟုတ် Mart ကပဲ မြန်မြန်အလုပ်ထွက်အောင် တမင်ပင်ပြောခဲ့လေသလား။ အတွေးဖြင့် ဝမ်းနည်းသွားရပါ၏။





သြော်. မြေနိမ့်ရာ လှံစိုက်ချင်ကြတာ ဒါမျိုးပဲထင်ပါရဲ့။

"ပြောစရာရှိတာပြောခဲ့လေ။ ဆိုင်က လူကျတော့မှာ၊ အချိန်ရှိ တာမဟုတ်ဘူး"

"နေပါစေတော့ မမ။ ပို့ နောက်မှပဲလာပါတော့မယ်"

ခေါင်းလေးညွှတ်ပြကာ file လေးပိုက်လျက် ထွက်လာခဲ့၏။ အား ငယ်လိုက်တာနော်။ ကိုယ်ပေါ်မှာ ရွှေတွေသီးနေအောင်ဝတ်ထားမှ လူ လို့သတ်မှတ်ကြလေသလား။ ဖေဖေက ဆင်ပေးပါလျက် ပိုရော မေမေ ပါ အဲဒီလိုရွှေတွေဝတ်ရမှာကို ရှက်ကြတာမို့ သိပ်မဝတ်ဖြစ်ပါ။ နားကပ် ကိုတောင် မဝတ်လျှင် မလှဆို၍ စိန်သေးသေးလေးတစ်လုံးနဲ့ နားကပ် လေးကို ဝတ်ရတာလေ။

အင်း. အဆင်မပြေတော့လည်း ပြန်ရုံပေါ့နော်။ အလုပ်က တစ် ခုမရ တစ်ခုခုတော့ ရအောင်ရှာရမှာပေါ့။ ကျောင်းကလည်းပြီးပြီမို့ သိပ် အခက်အခဲကြီးတော့ မဟုတ်လောက်ပါဘူးလေ။

"ဟယ်! ဒါ ဘယ်သူလေးတုန်း"

ရှေ့တည့်တည့်မှာ ဘွားခနဲပေါ်လာသည့်မိန်းကလေးကြောင့် လန့် သွားရပါ၏။ ခေါင်းငုံ့လျှောက်လာတာမို့ ရှေ့ကိုမကြည့်မိဘဲ ဆိုင်ထဲက ထွက်မှာ ရုတ်တရက်ဆုံလိုက်ရတာမို့ အံ့သြဝမ်းသာသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါပဲ သဒ္ဒါပိုကို နတ်သိကြားတွေ 'မ'တယ်ဆိုတာလေ။

"ဆိုင်ကိုလာတာလား"

"ဟုတ်"

"ဦးနိုင့်ဆိုင်က ထွက်လိုက်ပြီပေါ့လေ"

"ဟုတ်တယ်"

"ဝမ်းသာလိုက်တာ၊ မာမီသာသိရင် ဘယ်လောက်ပျော်လိုက်မလဲ လာလေ၊ သွန်းကို ခဏလေးတောင်မစောင့်နိုင်ဘူးလား။ သွန်း လာရင် အမြဲနောက်ကျတယ်။ မာမီဆို (၉)နာရီခွဲနဲ့ရောက်နေပြီလေ။ လာ"

တရင်းတနှီးဖြင့် လက်ကောက်ဝတ်ကိုဆွဲ၍ ပြန်ဝင်လာတာမို့ ဆိုင်ထဲရှိ ခုန မမက အံ့ဩသွားလေ၏။ သွန်းနှင်းခမျက်နှာထက်မှာ အပြုံးချိုချိုလေးတွေကြောင့် သိုလောသိုလောဖြစ်နေပါသည်။ ကောင်တာနောက်ထဲထိ လက်ဆွဲခေါ်လာကာ ခုံမှာထိုင်ခိုင်းသည်အထိ အားလုံး၏အကြည့်က ပိုတို့ဆီမှာသာလေ။

"လုပ်နေကျထုံးစံမို့သာ လုပ်ပေးရတာ။ အမှန်က လုပ်ဖို့မလိုပါဘူး။ စာမေးပွဲဖြေနိုင်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဘာ Major လဲ"





"ပထဝီပါ"

"ဒီ Form မှာ ဖြည့်လိုက်နော်။ ဓာတ်ပုံရိုက်ပြီးသားပါလား"

"ဟင့်အင်း၊ အိမ်မှာကျန်ခဲ့တယ်"

"နောက်နေ့ယူလာနော်။ CV form မှာတစ်ပုံ၊ မာ့ဓိ List Book ထဲမှာတစ်ပုံ၊ IT card ထဲမှာတစ်ပုံကပ်ရမှာ။ အားလုံး သုံးပုံပေါ့"

"ဟုတ်ကဲ့"

form ထဲ စိတ်ဝင်တစားဖြည့်နေသည့်ကောင်မလေးကို ပြုံးပြုံးလေးကြည့်နေရာမှ သတိဝင်သွားရပါ၏။ ဟုတ်သားပဲ၊ မန်နေဂျာ မဝါ (ဝါသွေးနီ) ကိုပြောမထားရင် တော်ကြာ ပြဿနာရှာမှာကိုး။

"မဝါရေ၊ သွန်းနှာမည် သဒ္ဒါပိုတဲ့၊ ဒက်ဒီ့ဘက်ကဆွေမျိုးဆိုတော့ သွန်းနဲ့ cousin တော်တယ်။ မနက်ဖြန်အလုပ်စဆင်းမှာမို့ တွက်တာချက်တာတွေ သင်ပေးလိုက်ပါဦးနော်"

"ကြော်. အင်းအင်း. . ."

ကွက်ခနဲပျက်သွားသည့် မဝါမျက်နှာကိုလှမ်းကြည့်ရင်း တွက်ဆလိုက်မိ၏။ ခုန သဒ္ဒါပိုကို ဘယ်လိုများ power ပြလိုက်ပါလိမ့်၊ မျက်နှာငယ်လေးနဲ့ထွက်လာစဉ် သွန်းနဲ့ဆုံရတာမဟုတ်လား။ နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေးနေလေ့ရှိတာမို့ form ဖြည့်နေသည့် သဒ္ဒါပို့ရဲ့မျက်နှာလေး ကလည်း အေးအေးလူလူပါလေ။

"ပြီးပါပြီ"

"အင်း၊ ပထဝီဆိုတော့ တွက်တာချက်တာကိုကျွမ်းကျင်မှာပေါ့။ သွန်းက Eco နဲ့ပြီးတာတောင် အဲဒါမကျွမ်းကျင်ဘူး။ ရွှေချိန်တွေ၊ ရတ် ချိန်တွေ တွက်တတ်ရတယ်လေ"

"ဟုတ်ကဲ့"

"မနက် (၈)ခွဲကနေ ည(၈)ခွဲထိနော်၊ တစ်ပတ်ကို off တစ်ရက် တစ်လှည့်စီပေးတယ်။ Staff အချင်းချင်းညှိယူရတာပေါ့။ uniform တစ်ပတ်အတွင်း ရမယ်။ မနက်ဖြန် စဆင်းနော်"

"ဟုတ်၊ ကျေးဇူးအများကြီးတင်ပါတယ်။ ပို ပြန်ပါဦးမယ်ရှင့်"

"ကောင်းပြီ၊ ပိုလို့ပဲခေါ်မယ်နော်၊ သွန်းက သုံးနှစ်ကြီးပေမယ့် သွန်းနာမည်ကို 'မ' တပ်ခေါ်လို့ကြားမကောင်းဘူး၊ သွန်းလို့ပဲ ခေါ်လို့ရ ပါတယ်"

"ဟုတ်ကဲ့၊ ပိုကိုခွင့်ပြုပါဦး"

ခေါင်းကိုထက်ခနဲညိတ်ပြလိုက်ပါ၏၊ မဝါကောင်တာရှေ့အရောက် မှာ အပြုံးလေးဖြင့်နှုတ်ဆက်လိုက်သည့် တရိုတသေအပြုအမူကို လှမ်း





မြင်ရလေသည်။

"ပြန်လိုက်ပါဦးမယ် မမ"

"သြော်၊ အေးအေး. . . ညီမလေး"

ဆိုင်ထဲမှထွက်လာမှသာ အသက်ကိုရဲရဲရှူဝံ့တော့သည်။

အမယ်လေး. . . တော်ပါသေးရဲ့။ ပိုတော့ ဟိုက အလုပ်ထွက်၊ သည်းအလုပ်မရနဲ့ မျောက်သစ်ကိုင်းလွတ်ပြီထင်နေတာ နည်းနည်းပဲ ဆိုတော့တာလေ။ ညနေ အလင်း ရောက်လာလို့သိရင် ဘယ်လောက် များ ဝမ်းသာလိုက်လေမလဲ။

အတွေးဖြင့် တစ်ယောက်တည်းပြုံး၍ ကားမှတ်တိုင်ဆီလှမ်းခဲ့ ၏ ကားတစ်စီးက ပို့ရှေ့နားခပ်ကျော်ကျော်မှာ ရပ်သွားလေ၏။ ကားပေါ် ဆင်းလာသည့်လူက ပို့ရှေ့မှာ ဗိတ်ကာသလိုရပ်လိုက်လေသည်။

အို! ဘယ်လိုလူလဲ။

"ဝမ်းသာလိုက်တာ၊ ကိုယ့်ကိုမှတ်မိလား"

အလိုလေး! မှတ်မိလားတဲ့။ ဘယ်တုန်းကသိလို့များ မှတ်မိရမှာ လဲမို့၊ လူတကာလာရောတိုင်း ယောင်ယမ်းမပါစေနဲ့ဟု အလင်းသတိ ပေးထားတာမို့ ကြောင်စီစီပြန်ကြည့်လိုက်မိသည်။

ဟုတ်တယ်၊ သူ့ကို ပို့မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ! တကယ်မမှတ်မိပဲကိုး။ လွန်ခဲ့တဲ့(၁၀)ရက်ကျော်လောက်က ကိုယ့်ကားနဲ့ပွတ်မိသလိုဖြစ်ပြီး မင်းလက်မှာ ဒဏ်ရာရခဲ့တာလေ"

"ဪ. ဟုတ်သားပဲ"

"တော်သေးတာပေါ့၊ မှတ်မိသွားပေလို့ပဲ။ နို့မို့ ကိုယ် အကြောင်ရိုက်တယ်ထင်ပြီး အရှက်ကွဲတော့မလို့ နည်းနည်းပဲလိုတော့တယ်"

ပြုံးယောင်ယောင်ဖြစ်သွားရလေ၏။ မဖြစ်သေးပါဘူး၊ အလင်းကပြောထားတယ်။ သူစိမ်းယောကျ်ားတွေရှေ့မှာ ရယ်မပြရဘူးတဲ့လေ။

"လက်နာတာ သက်သာသွားပြီလား"

"ဟုတ်ကဲ့"

"အခု ဘယ်လာတာလဲ"

"အလုပ်လာလျှောက်တာ"

"အဆင်ပြေရဲ့လား"

"ဟုတ်"

"ဒါဆို အိမ်ပြန်မှာပေါ့။ ကိုယ် လိုက်ပို့ပေးမယ်လေ၊ လာ"

အမယ်လေး! လိုက်ပို့ပေးမလို့တဲ့။ အလင်းသာသိရင် အထုခံရတော့မှာ အသေအချာ။ အခုမှ သေချာကြည့်မိတဲ့လူနဲ့ ကားပေါ်အတူ





ယာတာများတွေ့လို့ကတော့ ဘယ်လောက်ဒေါ်မီးလောင်လိုက်မည်မသိ။

"မဖြစ်ဘူးရှင့်"

"ဘာလို့မဖြစ်တာလဲ။ ကိုယ်က မိတ်ဖြစ်ဆွေဖြစ် လိုက်ပို့ပေးမလို့လေ"

"ပို အဆူခံရလိမ့်မယ်"

"ဘယ်သူဆူမှာလဲ၊ ဟိုကောင်လေးလား"

ပြုံးစစကြည့်ပြီး မေးလိုက်တာမို့ ခေါင်းကိုငုံ့ချလိုက်မိ၏။ လက်များတွေ တုန်လာချေပြီ၊ ဒီလောက်ကြီးလည်း မရင်းနှီးပါဘဲ တရင်းတနှီးကြီးပြောနေတာ အံ့ဩစရာကြီးပါလားနော်၊ အလင်းရေ ပိုဘာဆက်ပြောရမှာလဲ။ ဘာစကားမှ အစရှာလို့မရပါလား။

"ကိုယ်မေးနေတာ ဖြေဦးလေ"

"မေမေဆူလိမ့်မယ်"

"မဆူအောင် အိမ်အထိ ကိုယ်လိုက်ပို့ပေးမယ်လေ။ မင်းမေမေနဲ့ ဆုံဖူးသွားတာပေါ့"

"ဟင်! မဖြစ်ဘူး။ လုံးဝမဖြစ်ဘူးရှင့်။ ဒုက္ခပါပဲ"

လက်ကလေးတခါခါနှင့် မျက်လုံးလေးဝိုင်းလျက် အလန့်တကြားဖြစ်သွားပုံလေးက ရင်ခုန်စရာလေးပါလေ။ ဒီကောင်မလေး ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာပဲလုပ်လုပ် သူ့မျက်လုံးထဲ ကြည့်ကောင်းနေတာ ခက်ရချည်ရဲ့။ အမေနဲ့ဆုံပေးရမှာ ကြောက်တယ်တဲ့၊ သူနဲ့ချစ်သူသာဖြစ်သွားခဲ့ရင် ဘယ်လိုများ မိတ်ဆက်ပေးမှာပါလိမ့်၊

"ဟင်းဟင်း. . . ကိုယ်နောက်တာပါ ချာတိတ်ရဲ့၊ ဒါဆိုလည်း လိုက်မပို့တော့ပါဘူး။ Taxi...ပေါ်ပဲ တင်ပေးလိုက်ပါ့မယ်။ ကိုယ့်ကို နာမည်လေးတော့ ပြောခဲ့ပါဦး၊ ကိုယ့်နာမည် လျှမ်းထက်သန့်တဲ့၊ မှတ်ထားနော်"

"ဟုတ်"

"နာမည်ပြောဦးလေ"

"ပို့နာမည် သဒ္ဒါပိုပါ"

"လှလိုက်တာ"

"ရှင်! "

"နာမည်လေးက ချစ်ဖို့ကောင်းတယ်။ မင်းနဲ့လည်းလိုက်တယ်လေ။ လာ, ကိုယ် Taxi တားပေးမယ်"

သူက လမ်းပေါ်မှာမောင်းနေသည့် Taxi ထဲ လူပိုပါ,မပါ ကြည့်ပြီး လူလွတ်သည့်ကားကို လှမ်းတားပေးလိုက်လေ၏။ ကားတံခါးကို ဖွင့်ပေးပြီး ပိုတက်ရန်ပြင်လိုက်စဉ် တီးတိုးပြောလိုက်ပါသည်။





"ကံကြမ္မာက ကိုယ့်ကိုမျက်နှာသာပေးရင်တော့ မင်းနဲ့ကိုယ် ပြန်ဆုံဦးမှာပါ သဒ္ဒါပို"

"ဟင်"

"စိတ်ချပါ။ မင်းအိမ်ကို ကိုယ်အတင်းလိုက်ပြီး မစုံစမ်းပါဘူး။ See you later"

Taxi တံခါးကိုပိတ်ပေးပြီး သူလက်ပြတာကို ဘာမှပြန်မပြောဖြစ်။ နောက်ကပါများ ပါလာလေမလားဟု စိုးရိမ်တကြီး လှည့်ကြည့်မိတော့ သူက platform ယက် ရပ်ကျန်ရစ်ခဲ့လေ၏။

သက်ပြင်းငွေ့ငွေ့ကိုချပြီး မျက်နှာကို ပြန်လွှဲလိုက်ရသည်၊ ကံကြမ္မာက မျက်နှာသာပေးရင် ပြန်ဆုံရမယ်တဲ့။

ဟင့်အင်း, ပို မဆုံချင်ပါဘူး. . .

ပို့မှာ အလင်းတစ်ယောက်လုံး ရှိနေတဲ့ဟာကိုလေ။ အလင်းသာ ပို့အနား ရှိနေခဲ့ရင် ပို့ဘဝဟာ အရာရာပြီးပြည့်စုံပါတယ်။

ဘယ်အပိုလူမှ ပို့အနား ရှိစရာမလိုပါဘူး။ ပို့ကို စိတ်ချမ်းသာစေတဲ့သူ၊ ပို့စိတ်ကိုနားလည်တဲ့သူ၊ ပို့မျက်နှာအရိပ်အကဲကို ကြည့်တတ်တဲ့သူဆိုလို့ အလင်းသာ ရှိတာပါလေ။

'လျှမ်းထက်သန့်'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



Sorry ပါရှင်ရယ်. . .

ရှင့်အတွက် ပို့မှာ လက်ကျန်သံယောဇဉ် နည်းနည်းလေးမှ ရှိမနေလို့ မခင်ပါရစေနဲ့နော်။

♥♥♥



အခန်း (၁၁)

"သွားရတာ ပိုများဝေးသွားလားလို့ သမီးရယ်"

"သိပ်မဝေးလှပါဘူး မေမေရဲ့။ ကားဂိတ်နဲ့ ပိုပြီးနီးတဲ့နေရာပါ"

"အေးလေ. သမီးအဆင်ပြေရင်ပြီးတာပဲ"

"အစ်ကိုသမီးကို နည်းနည်းပါးပါးဝတ်သွားဖို့ပြောလို့ တော်ပါသေးရဲ့။ ရွှေဆိုင်ဆိုတော့ လူကုံထံတွေပဲ လာကြမှာလေ။ သမီးတစ်ယောက်တည်း မှိန်နေမှာစိုးတယ်"

"မမှိန်ပါဘူးမေမေရယ်၊ uniform က တစ်ပတ်အတွင်းရမှာပါ"

ထမင်းချိုင့်နှူးရင်းပြောနေရာမှ အိမ်ရှေ့ဆီမှခြေသံကြောင့် အလင်းရောက်လာပြီမှန်း သိလိုက်ပါ၏။ မနက်စာစားချိန်မှ ရောက်လာတာကို။



www.burmeseclassic.com

www.burmeseclassic.com



"မိပိုသွားပြီလား အမေချို"

"မသွားသေးဘူး သားရေ၊ ဒီမှာ ထမင်းချိုင့်ပြင်နေတုန်း"

"အထဲကိုလာလေကွာ။ ဒီမှာအဆာပြေစားနေကြတာသားရဲ့"

ထမင်းစားခန်းလိုက်ကာကိုဆွဲဖွင့်၍ ဝင်လိုက်ပါ၏။ အမေချိုနှင့် လေးလေးကို ပြုံးပြလိုက်ပြီး မိပိုကိုကြည့်လိုက်မိသည်။ အမယ်! ဒင်းက ဒိန်ချမှ အရောင်တွေ ထွက်နေပါလား။

"နင် ထမင်းစားမှာမဟုတ်လား"

"နေပါစေ"

"ဘာနေပါစေလဲ၊ ဒီမှာ တစ်ခါတည်း နှစ်ယောက်စာနယ်မယ့် ဟာကို။ ထိုင်"

"စားပါသားရဲ့။ သူ့စိမ်းအိမ်မှမဟုတ်တာ အလုပ်ရောအဆင်ပြေ ရဲ့လား"

"ပြေတော့ပြေပါတယ် လေးလေး၊ ဒါပေမဲ့ ခုတလောပါးလို့ ကျွန် တော် တခြားအလုပ်ဝင်လုပ်ဖို့ စီစဉ်နေတယ်"

"ဘာအလုပ်လဲ"

"လခစား driver လေ"

"ကောင်းသားပဲသားရဲ့။ လေးလေးတောင် ကုမ္ပဏီကလူ့ရဲ့အိ





မှာရလို့ မြဲနေတာ၊ သတိတော့ထားပြီးမောင်၊ ကားမောင်းရင် ဒူးနဲ့ခါး • တော့ ပြဿနာတက်မှာပဲ"

"ဟုတ်ကဲ့"

ပဲပြုတ်နှင့်ဆီဆားနယ်ပြီး ပန်းကန်နှစ်ချပ်ထဲခွဲထည့်၍ ဇွန်းတပ် ကာ ခုံမှာထိုင်လိုက်ပါ၏။ သူ့အကြည့်တို့က ပို့အပေါ်ရောက်လာတာမို့ ပြုံးလိုက်မိလေသည်၊ စလာပါတော့မယ်။ စုံစမ်းစပ်စုတဲ့ စလေးလုံးအရာ ရှိ။

"နင့်မျက်ခုံး ဆွဲထားလား"

"မဆွဲပါဘူး၊ ပေါက်ပေါက်ရှာရှာ"

"ဟုတ်လို့လား"

"ဩော်. မဆွဲပါဘူးဆိုမှ။ မယုံရင် ကိုင်ကြည့်ဟယ်"

ပေပေနဲ့မေမေကာ စားပြီးပြီမို့ ထမင်းဝိုင်းမှထထွက်စဉ် သူ့လက်မ က ပို့မျက်ခုံးပေါ် တကယ်ရောက်လာလေ၏။

"ဟဲ့! လန့်လိုက်တာ"

"မျက်နှာက ဖုံနေတာပဲ။ ဘာတွေလိမ်းထားသေးလဲ"

"သနပ်ခါးပါပဲ အလင်းရယ်။ အပေါ်က တို့ပတ်ရိုက်ပြီး မျက်ခုံး ကြွခြစ်ထားရုံပဲ။ လူကိုများ မယုံသက်ာနဲ့ လိုက်စစ်နေ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင်ဘူးလေ။ နင်က ဒီနေ့မှ အရောင်တွေထွက်နေတာ ကိုး"

"ဘာကြောင့်ထွက်နေလဲ၊ နင်မသိဘူးမဟုတ်လား"

"အံ့မာ. ပုတ်သင်ညို ရွှေတစ်ပဲသားရတဲ့ဟန်မျိုးနဲ့ style ထုတ် မနေစမ်းပါနဲ့။ ကြည့်မရပါဘူး"

"ကြည့်မရလည်း နေပေါ့ဟယ်။ ငါ့ကိုကြည့်လို့ရတဲ့သူ ပေါ်လာ လိမ့်မယ်"

"မိုပိုနေ့်၊ ငါလက်သီးကောင်း မကောင်း မြည်းချင်နေတာလား"

"ဟော့. ဟိုနှစ်ကောင် ထမင်းစားရင်း ကိုက်နေကြပြန်ပြီလား အလုပ်နောက်ကျမယ်၊ မြန်မြန်"

ဖေဖေ လှမ်းအော်လိုက်တာမို့ နှစ်ယောက်သား ငြိမ်သွားရပါ၏။ သူ မကျေမနပ်ဖြစ်တာကိုတော့ သဘောကျ၍ ကျိတ်ရယ်လိုက်မိသည်။ သူက စိတ်တိုလာပုံနှင့် သူ့ခေါင်းကို တစ်ချက်တော့ ရအောင်ထုလိုက် လေ၏။

"အ. နာတယ်"

"မပိုနဲ့"

ရေတ်သီးနှင့်ပုစွန်ခြောက်ထောင်းကြော်ကို ပုလင်းထဲမှနှိုက်ကာ





သူ့ပန်းကန်ထဲ တစ်ဇွန်း၊ သူမထဲ တစ်ဇွန်းထည့်ရင်း ခေါင်းငုံ့စားနေသည့် မိုကို စိုက်ကြည့်လိုက်မိ၏။ ဟုတ်တယ်. ဒီနေ့ သူမ အရောင်တွေထွက် ကိုထွက်နေတာလေ။ ရွှေဆွဲကြိုးပါးပါးလေးနှင့် လက်မှာ ရွှေလက်စွပ် ကွင်းသေးလေးဝတ်တာ ထားပါတော့၊ ရွှေဆိုင်မှာလုပ်ရမှာမို့ ဒီလောက် ဝတ်တာအကြောင်းမဟုတ်။ နဂိုက ဖြူဝင်းသည့်အသားရောင်က ဒီအဝါ နုရောင် blouse နှင့် ပိုပြီးဝင်းလဲ့နေတာလေ။ လုံချည်က အနက်ခံမှာ အဝါတုံးလေးတွေကျဲထားသည့် အပျော့သားလေးနှင့် ခါတိုင်းထက်ပိုပြီး မှား နုနယ်နေသည့်နှယ်ပင်။

"uniform က ဘာအရောင်လဲ"

"အပေါ်က ဆင်စွယ်ရောင်။ အောက်က နက်ပြာ"

"စကတ်လား"

"အင်း"

"Martမှာလို အတိုလား"

"မဟုတ်ဘူး၊ အရှည်၊ နောက်က တစ်ထွာကျော်ကျော် ခွဲထား ဘယ်ထင်တာလဲ"

"ကျွတ်!"

"ဆိုင်ထဲမှာ နေရတာပါအလင်းရဲ့။ ဘယ်သူမှမမြင်ရပါဘူး။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူရန်ကော''

''ဆိုင်ထဲမှာက အကြောင်းလား။ နင် အဲဒါနဲ့ ဆိုင်အသွားအပြန် လိုင်းကားတိုးစီးရမှာကို တွေးပူဦး။ အလကား လှဖို့ပဲသိ၊ ကိုယ်ဒုက္ခဖြစ်မှာကျ တွေးမပူဘူး။ နင့်ကို စပယ်ယာတွေ ဆွဲတင်မွေ့ချမှာ တော်တော်ကြိုက်လား''

''ငါ အိမ်ကနေ လုံချည်နက်ပြာဝတ်ပြီး သွားမှာပါဟယ်။ မပူပါနဲ့''

''ပြီးတာပဲ''

''သူက အဖေကျနေတာပဲ။ နေရာတကာပါတယ်''

''ဘာပြောတယ်''

''ဘာမှမဟုတ်ဘူး။ ပြီးရင်ပေးတော့လေ, ဆေးမယ်''

''နင်နေ့နင်၊ အေး, ငါလာမကြိုမှသိမယ်''

''ဟင်, ည(၈)နာရီခွဲကို လာမကြိုဘူးလား''

''မကြိုပါဘူး, ကိုယ့်ဟာကိုယ်ပြန်ပေါ့၊ အကျင့်ကိုပါတယ်''

''နင်ကလည်း''

မျက်နှာငယ်လေးနှင့်ဖြစ်သွားတာမို့ သူပြုံးလိုက်မိ၏။ သူအပေါ် မိပို အဘယ်မျှအားကိုးသလဲဆိုတာ သူအသိဆုံးပဲမဟုတ်ပါလား။ ဘယ်





အလုပ်ပဲလုပ်လုပ် သူ ညဘက်လာမကြိုမိရင် ကားဂိတ်မှာ ငိုမဲ့မဲ့မျက်နှာလေးဖြစ်နေမည့် သူမပုံရိပ်ကို ကြိုမြင်ရစမြဲပါလေ။ အနောက်မှာ ကောင်လေးတွေ ပါလာမှာလည်းကြောက်၊ သူနဲ့ပြဿနာဖြစ်မှာလည်း ကြောက်၊ သူရန်ရှာမှာလည်းကြောက်နှင့် မိပို မကြောက်ရတဲ့နေရယ်လို့မရှိ။ ရှင်းရှင်းပြောရရင် မွေးထားတဲ့အဖေကိုတောင် သိပ်မကြောက်ရဘဲ သူ့ကိုပဲကြောက်တာမဟုတ်လား။ လေးလေးကတော့ ဘာမဆို အေးအေးလူလူပြောဆိုဆုံးမတတ်သည့်သူလေ။

သူငယ်ချင်းအရင်းကြီးမို့ အလေးထားပြီး အရေးတယူရှိတာက အကြောင်းမဟုတ်ပါ။ သူ့ကို ရွံ့ကြောက်ကြီးဖြစ်သွားမှာကိုတော့ သူစိုးရိမ်သည်လေ။ ဟုတ်တော့လည်းဟုတ်ပါရဲ့။ သူက မိပို့ရဲ့ကိုယ်ရေးကိုယ်တာတွေအထိ အတင်းကြီးစွက်ဖက်နေသည့်သူကိုး။ အဲဒီလောက်ကြီး ပတ်သက်နေမိပါလျက် သူကိုယ်သူ လွန်နေပြီဟူ၍ တစ်ခါမျှမဆန်းစစ်ခဲ့ပါချေ။

''နင်လာမကြိုရင် ငါဘယ်သူနဲ့ပြန်ရမှာလဲ''

''နင်ပဲ ဘယ်သူကြည့်ကြည့်ဆို၊ အဲဒါဆို ဘယ်သူကြိုကြို လိုက်သွားပေါ့''

''ကြည့်. ငါ့ကို ဟင်းရွက်ကန်စွန်းလိုလုပ်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ၊ ငါလာကြိုမယ်. ပြီးရော"

"အဲဒီလိုလုပ်ပါ သူငယ်ချင်းရဲ့။ အနှစ် (၂၀)ချည်လာတဲ့သံယော

ဇဉ်လေးကို ငဲ့ကွက်ဦးမှပေါ့"

ပန်းကိုအသာညှစ်ပြောလိုက်တာမို့ သူ့စိတ်ထဲ ကျေနပ်သွားရဟ

၏။ ပန်းကန်တွေဆေးပြီးထားတာကို စင်ပေါ်မှောက်သည်အထိ သူကြည့်

နေမိသည်။ သဒ္ဒါပို့. နင် ငါ့ကို တစ်ခါမှစိတ်မကောက်တတ်တာ ဘာ

ကြောင့်လဲ၊ ဘယ်တော့မဆို ငါမချော့ရသေးခင် အလိုလိုစိတ်ပြေနေတာ

ကရော ဘာကြောင့်ပါလဲ မိပို့ရယ်။

ဒီလောက်နားလည်မှုရှိနေတာ ငယ်စဉ်ကတောင်ကျေးကလေးဘာ

ကတည်းက သံယောဇဉ်ကြောင့်ဆိုတာ သေချာရဲ့လား။ အနှစ် (၂၀)နဲ

တဲ့ကာလအတိုင်းအတာက သာမန်မဟုတ်တာတော့ အသေအချာပါပဲ

မိပို့. ဒီ့ထက်မကတဲ့သံယောဇဉ်တွေရှိနိုင်တာကို နင်မြင်နိုင်ပို့မလားလေ

"ကားဂိတ်ကို ငါလိုက်ပို့ပေးမယ်"

"အခုလား"

"အေး"

"ဒို့။ သိပ်လိမ္မာတဲ့ကောင်လေးပါလားနော်"

"လာပြန်ပြီ ဘာကောင်လေးလဲ၊ ငါ နင့်ထက်နှစ်လကြီးတာ





မမေ့နဲ့"

"အေးပါဟယ်၊ အလင်းကလည်း"

နှစ်ယောက်သား ထွက်လာခဲ့၏။ လမ်းထိပ်ထိလျှောက်လာပြီး

ကားဂိတ်မှာ ကားရပ်စောင့်ကြပါသည်။

"ငါလည်း ဒီနေ့ အလုပ်သွားလျှောက်ရမှာ"

"ဟင်. နင် ဝပ်ရှော့မှာ မလုပ်ဘူးလား"

"လုပ်တယ်လေ. . . အခုအလုပ်က အချိန်ပိုင်းပဲလုပ်ပေးရမယ့်

အလုပ်ဟ။ မနက်နဲ့ညပဲ ကြိုပို့လုပ်ပေးရမှာ။ ကြားချိန်မှာ ဝပ်ရှော့ပြန်

လုပ်လို့ရတယ်လို့ ငါ့ကို ကိုသက်.ပြောထားတယ်"

"ဒါဆို နင်အဆင်ပြေတာပေါ့"

"ပြေ.မပြေတော့မသိဘူး၊ အိမ်ကဘွားတော်ကတော့ လစာပိုလို

ချင်နေတာပဲ၊ အဖေဘယ်လောက်ပေးပေး လောက်တယ်ရယ်လို့မရှိပါဘူး၊

အသားငါးလည်း အမြဲချက်နေတာမဟုတ်၊ ငါကြည့်နေတာတော့ တစ်လ

တစ်လ သူ့ဖို့အလှပြင်ပစ္စည်းတွေ၊ ဖိနပ်တွေနဲ့ ပါတိတ်တွေဝယ်နေတာ

ပဲတွေ့တယ်၊ အဖေတော့ ဒေါ်သေးမျှင်နဲ့ရပြီး ဦးတွတ်ပီဖြစ်ပြီထင်ပါရဲ့"

မိပို့က စိတ်မကောင်းဖြစ်သွားပေမယ့် ပြုံးတော့ပြုံးလိုက်လေ၏။

ခင်း မဖြစ်သေးပါဘူး၊ ရွှေဆိုင်ထိုင်ရင်း ဒီလိုပြုံးလို့ကဖြင့် ဝယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပိုင်းကိုလည်နေတော့မှာပါပဲလား။

“မိပို”

“ဘာလဲ”

“နင်ဆိုင်ထိုင်ရင် သိပ်မပြုံးနဲ့စမ်း”

“ဘာဖြစ်လို့လဲ”

“နင့်ကောင်တာမှာ ဝယ်သူတွေပိုင်းပိုင်းလည်နေမှာစိုးလို့ ပြော နေရတာလေ”

“ကြည့်. စိတ်က ပုပ်ပြန်ပြီ၊ ဈေးသည်က ပြုံးနေမှ ဝယ်သူ ဝယ်ချင်မှာပေါ့ဟဲ့။ တကတည်းမှပဲ. အမိန့်တွေက ပေးပြန်ပြီ”

“ဘာလဲ. နင်မကျေနပ်ဘူးလား”

စကားပြန်မရဘဲ မျက်စောင်းသာလွှင့်လာလေ၏။ မဟုတ်သေး ဘူးနော်၊ နင်အဲဒီလိုမျက်စောင်းထိုးလိုက်တာနဲ့ သူစိမ်းကောင်လေးတွေ ပစ်ကျလာမယ်လို့ အတန်တန်သတိပေးထားပါလျက်နဲ့မှ ဒီလိုလုပ် သလား။ ကားလာသည်နှင့် သူ့လက်မောင်းကို ဖျတ်ခနဲပုတ်ကာ ကား ပေါ်တက်သွားတော့သည်။ ခက်တယ်မိပိုရာ။ နင် ဒီအလုပ်ဝင်မှ ငါ့ခေါင်း ထဲ ပိုပြီးမောနေရတာ ဘာကြောင့်များပါလဲ။

သူလည်း တခြားလိုင်းကားတက်စီး၍ ထွက်လာခဲ့ပါ၏။ ခြံကျယ်





ကြီးရှေ့မှာ ခဏရပ်၍ လူခေါ်ဘဲလ်ကိုနှိပ်လိုက်ပါသည်။

“ဘာကိစ္စရှိလို့လဲကွယ်”

“ဒီအိမ်ရှင်က မှာထားလို့ပါ ဦးလေး”

“ဪ. မောင်သက်ထွန်းပြောထားတဲ့ကလေး ထင်ပါရဲ့”

“ဟုတ်ပါတယ်ခင်ဗျာ”

“ဒါဆို ဝင်သွားပါကွယ်။ အထဲမှာ မမကြီးစောင့်နေပါတယ်”

“ဟုတ်ကဲ့”

ခြံထဲသို့ဝင်လာခဲ့၏။ ခမ်းနားထည်ဝါလှသည့် တိုက်ကြီးနှင့် လှပ လွန်းသည့်ပန်းပင်တွေကို လမ်းတစ်လျှောက်ငေးလာခဲ့မိသည်။ မိပိုသာ မြင်ရင် ‘နင်နေချင်တာ ဒါမျိုးမဟုတ်လား’လို့ ငေါ့ပြီးမေးမည်သာ။ သူ ကျိတ်ပြုံးမိလိုက်စဉ် တိုက်ရှေ့မှာ ခြေစုံရပ်ပြီးသားဖြစ်နေချေပြီ။

အားပါး. . . အထဲမှာမှ ပိုပြီးထည်ဝါလွန်းနေတာပါလား။

“ဝင်ခဲ့လေ ကလေးရဲ့။ ဘာငေးနေတာလဲ”

“ဪ. ဟုတ်ကဲ့။ ကျွန်တော့်ကို ကိုသက် လွှတ်လိုက်တာပါ အန်တီ”

“အေးကွယ်. အန်တီကတော့ အန်တီ့ driver နဲ့မို့ ကိစ္စမရှိပါ ဘူး၊ သမီးက တစ်ပတ်မှာ သုံးရက်တစ်ခါ ရက်ခြားဆင်းတာမို့ ညဘက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချတာနဲ့ အချိန်ပိုင်း driver ထပ်ခေါ်တာပါ။ လစာကိစ္စရော မောင်သက် သေချာပြောခဲ့ရဲ့လား''

''ဟုတ်ကဲ့, ပြောထားပါတယ်ခင်ဗျ''

''ဒါဆိုလည်း ဒီနေ့ပဲ စဆင်းလိုက်ပါသားရယ်။ သမီးကို အခုပဲ ပို့ပေးရမှာ။ အန်တီက ပစ္စည်းအသစ်တွေအတွက် ပန်းတိမ်ဖိုသွားရမှာမို့ လမ်းမကြုံဘူးဖြစ်နေလို့''

''ဗျာ, ဟုတ်ကဲ့၊ ရပါတယ်ခင်ဗျ''

တော်ပါသေးရဲ့။ အလုပ်လျှောက်ရမှာမို့ လှလှသူသူသပ်သပ်ရပ်ရပ်လေးဝတ်လာခဲ့မိတာ မှန်သွားပေလို့ပဲ။ နို့မို့ လွယ်မယ်မထင်ပါချေ။ ဝပ်ရှော့ပန်နေရျာနှင့် မိတ်ဆွေတွေမို့ သူ့ကို ကိုသက်အတွင်းလူဆိုပြီး ဘာကိုမှသေချာမစစ်ဆေးပေ။ ညှော်ခန်းကခုံပုလေးမှာ ငြိမ်ငြိမ်လေးဝင်ထိုင်နေသည့်သူ့ကို အန်တီကြီး တစေ့တစောင်းအကဲခတ်နေတာကိုလည်း သတိမထားမိခဲ့တာလေ။

''သွန်း, သွားတော့မယ် မာမီ''

''အေးအေးသမီး၊ ဒီမှာ driverလည်းရောက်နေပြီ၊ အဆင်သင့်ပဲ''

''ဟုတ်လား''





အပေါ်ထပ်မှဆင်းလာသည့်ခြေသံကို သူမကြည့်ဖြစ်ပါချေ။ သူ့ရှေ့တည့်တည့်မှာပေါ်လာသည့် ခြံနုံမွှံမွှံလေးကိုကြည့်ရင်း ပြုံးလိုက်မိပါ၏။ မိပိုရဲ့ခြေချောင်းလေးတွေက ရှည်ရှည်လေးနှင့် ချစ်ဖို့ကောင်းလွန်းနေတာလေ။

''ဘာငေးကြည့်နေတာလဲ''

''ဗျာ! ''

ဖျတ်ခနဲမော့ကြည့်လိုက်မိစဉ် သူ ပါးစပ်အဟောင်းသားဖြစ်သွားရလေ၏။ ဟောဗျာ! ဟိုတလောကပဲ ကားပြင်ပေးလိုက်ရသည့်သူဌေးသမီးမရွှေချောနဲ့မှ လာဆုံရတယ်လို့၊ ကောင်မလေး၏နှုတ်ခမ်းတွေ ကွေးကက်သွားတော့သည်။

''ရှင့်ကို. . . နာမည်ဘယ်လိုခေါ်သလဲ''

''လင်းလက်အောင်ပါခင်ဗျာ''

''ကောင်းပြီ၊ သွန်းက လင်းလက်လို့ပဲခေါ်ပါ့မယ်။ သွန်းကိုတော့ သွန်းလို့ခေါ်ရမှာကို ရှင်သိထားပါ''

''ဟုတ်ကဲ့ပါခင်ဗျာ''

''ဒါဖြင့် သွားစို့ လင်းလက်ရေ၊ မာမီ, သွန်းသွားပြီ''

လက်ထဲလှမ်းပေးလိုက်သည့်သော့ကိုယူလိုက်ရင်း သူ ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ကံကြမ္မာက မျက်လှည့်ပြလိုက်တာ မြန်လှချည်လား၊ ဤ ကောင်မလေးနှင့် ဤသို့ဤနှယ်ပြန်ဆုံရလိမ့်မည်ဟု သူ ထင်မထားခဲ့ တာလေ။

နောက်ခန်းမှာထိုင်၍ ရှေ့မှနောက်ကြည့်မှန်ကို သွန်းကြည့်လိုက် ပါ၏။ မျက်မှောင်ကြုတ်၍ ကားကိုဂရုတစိုက်မောင်းနေသည့် သူ့မျက်နှာ ကိုမြင်ရင်း ပြုံးလိုက်မိလေသည်။

အရင်တစ်ခေါက်တွေ့တုန်းကလိုမဟုတ်ဘဲ ဒီနေ့မှ သပ်သပ်ရပ်ရပ် ဝတ်လာတာမို့ သူ့ရုပ်က သန့်နေတာလေ။

'လင်းသက်အောင်'တဲ့လား. . .

ရှင်ဘယ်လိုလူမျိုးလဲဟင်. . .

♥♥♥



အခန်း (၁၂)

"မင်္ဂလာပါ မမ"

"ဪ. မင်္ဂလာပါကွယ်။ လာလာ. ပို့ခိုင်မိတ်ဆက်ပေးဦးမယ်။ ဒါက မေမူးသွယ်၊ ဒါက ခင်ဥမ္မာနဲ့ ဒါက ပြည့်သန္တာတဲ့၊ မမက ဝါသွေးနီတဲ့။ ဒီနေ့ off ယူတဲ့တစ်ယောက်က လဲ့လဲ့ဝင်းတဲ့။ အားလုံးမှတ်ထားမယ် နော်။ ဒါ မမလေးရဲ့ causin သဒ္ဒါပိုတဲ့"

"ဟုတ်ကဲ့"

အားလုံးကိုပြုံးပြနှုတ်ဆက်လိုက်ပြီး ကောင်တာနောက်ထဲသို့ ဝင် လိုက်ရလေ၏။ မှန်ပုံးတွေထဲ ပစ္စည်းတွေပြီးပြည့်ပြီမို့ ကောင်တာ(Aluminium ပုံး)တွေကို သော့ခတ်ထားလိုက်ကြလေသည်။ လက်စွပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘူးလေးတွေထဲ နှစ်ကွင်းစီထည့်ပေးနေတာကို ဝိုင်းကူလုပ်ပြီးစဉ် မမဝါက စာအုပ်တစ်အုပ်ကိုဖွင့်ပြလေ၏။

"ဒါက အတို Notes တွေလေ။ အားလုံးကို ဒေါ်လာဈေးနဲ့ပဲ သတ်မှတ်ထားတယ်။ foreigner တွေလာတယ်ဆိုရင် အဲဒီပစ္စည်းရဲ့ Ticket ကိုကြည့်ပြီး ရောင်းရုံပဲ ပိုရဲ့။ ဒီ Ticketလေးမှာ Code Number နဲ့ ဈေးကို တစ်ခုစီတွဲပြီးရေးထားတယ်။ K ဆိုတာ US dollar ကိုခေါ်တာ။ A ကနေ J အထိက one ကနေ Zero ပေါ့။ မှတ်လို့လွယ်ပါတယ်။ အစဉ်လိုက်လေးပဲလေ"

"ဟုတ်ကဲ့"

"Dollar ရော၊ FEC ရော၊ ရွှေဈေးရောက အမြဲပြောင်းနေတယ်၊ ဒီတော့ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်နဲ့ ညနေတစ်ကြိမ် အခေါက် ရွှေပေါက်ဈေးနဲ့ dollar ပေါက်ဈေးကို phone အမြဲလာတယ်။ အန်တီ ပန်းတိမ်ဆိုင်က ဆက်တာလေ။ အဲဒီကပြောလိုက်တဲ့ဈေးနဲ့ ဒီက Ticket ကဒေါ်လာဈေးကို ပျမ်းမျှတွက်ချက်ပြီး ဈေးပြောရမှာ။ Calculator နဲ့တွက်ရမှာမို့ ဘာမှလက်မဝင်ပါဘူး။ လျှော့ဈေးတွေ အလျှော့တွက်တွေကို အစကတည်းက နှုတ်ထားပြီးသား။ မမတို့ဆိုင်က သူများဆိုင်ထက် ရွှေဈေးလျှော့မှန်း customerတိုင်းသိကြတယ်။ နားလည်ရဲ့လား"

BURMESE CLASSIC .com





"ဟုတ်ကဲ့"

"အဲဒါလေး အရင်ကျက်နှင့်နော်။ ပြီးရင်ဈေးတွက်နဲ့ ရတီချိန် တွက်တာ သင်ပေးမယ်"

မမဝါက လျှောက်လွှာသုံးလေးရွက်နှင့် ပို့ကိုပေးထားခဲ့လေ၏။ ခုန စီထည့်ပေးလိုက်သည့်လက်စွပ်လေးတွေမှာလည်း ရွှေရောင်ကြိုးမျှင်လေးနှင့် ကတ်ဖြူလေးတွေတွဲထားတာကို မြင်လိုက်ရလေသည်။ Code Numberသာရှိပြီး ရွှေချိန်က လယ်ဂျာစာအုပ်ထဲမှာ ရှာဖတ်ရမှာဖြစ်လေ၏။ အရောင်းနှင့်အဝယ်စာရင်းကို စာအုပ်နှင့်ကောင်တာတစ်ခုစီမှာ တစ်အုပ်စီ ထားပေးထားပါသည်။

သွန်းကတော့ ဒီ Platinum ကောင်တာမှာထိုင်ရင်း စာရင်းတွက်တာထင်ပါရဲ့။ ပနေ့က ဒီမှာထိုင်လိုက်တာကို မြင်လိုက်ရတာကိုး။ အမယ်လေးနော်၊ ငွေတွေသိန်းချီပြီး တွက်ရကိုင်ရဦးမှာပါလား။ ဖေဖေ ခရီးက ပြန်လာလျှင် သူ့ Boss ငွေထုပ်တွေကို ဝိုင်းကူရေတွက်ပေးဖူးပါရဲ့။ ဘဏ်ထုပ်တွေမို့ ငွေလျှော့သည်ဟု တစ်ထုပ်မှမရှိတော့ စိတ်ချရသည်လေ။ ဒီဆိုင်မှာတော့ ငွေက သောင်းပြောင်းထွေလာတွေ ရေရတော့မှာကိုး။ ရင်မောလေစွ သဒ္ဒါပို။

"သွန်း မလာသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလာသေးဘူး ကိုထက်ရဲ့။ လမ်းမှာ ပွိုင့်မိနေလို့ နောက်ကျတာထင်တာပဲ"

"ကျွတ်! ကျွန်တော်မှာထားတဲ့ပစ္စည်း ဒီနေ့ယူလာမယ်ဆိုလို့ အဲဒါဝင်ယူတာ။ Meeting က (၁၁)နာရီစမှာ"

"ဒါဆို အထဲမှာ ခဏဝင်စောင့်လေ ကိုထက်ရဲ့။ လာတော့မှာပါ၊ သိပ်ကြာမယ်မထင်ပါဘူး"

တရှုပ်ရှုပ်ခြေသံကြားရအပြီးမှာ body spray ရနံ့ကို သင်းခနဲရလိုက်လေ၏။ ခြေသံက ပို့အနီးမှာရပ်သွားတာမို့ ဖျတ်ခနဲမော့ကြည့်လိုက်စဉ် ရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။ အလို! သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် လာတိုးရတယ်လို့။

"ကိုယ်ပြောတယ်မဟုတ်လား သဒ္ဒါရဲ့။ ကံကြမ္မာနတ်မင်းကြီးက ကိုယ့်ဘက်မှာ မားမားမတ်မတ်ကြီးရပ်ပေးပါတယ်လို့။ ခုတော့ မင်းဘယ်လိုရှောင်ချင်လဲ။ ပြောပါဦး"

"ဟင်! ဒီကိုဘာလာလုပ်တာလဲ"

"ဒါ ကိုယ့်အန်တီရဲ့ဆိုင်လေ။ သွန်းက ကိုယ့်ရဲ့ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပေါ့။ ဒီတော့ မင်းက ဒီဆိုင်မှာ ဘာလဲ"

သူမ နှာခေါင်းလေးကို ရှုံ့လိုက်မိပါ၏။ တွေ့ဖို့မလိုအပ်တော့ဘူး





လို့ ထင်နေကာမှ တည့်တည့်ကြီးလာဆုံရတယ်လို့။ အတင်းကြီးပတ်သက်ချင်နေသည့်လူနှင့်မဆုံအောင် ဘယ်လိုများကြံစည်ရပါ့မလဲနော်။ ခက်ရချည်ရဲ့။

"ပိုရေ ခိုင်းတယ်လို့မထင်ပါနဲ့။ ကိုထက်ကို အအေးလေးတစ်ဘူးလောက်ယူပြီး ဧည့်ခံထားပေးပါ။ မမလေး ရောက်မလာသေးလို့နော်"

"ဟုတ်ကဲ့"

ရေခဲသေတ္တာအပုလေးကိုဖွင့်လိုက်တော့ Tin ဘူးမျိုးစုံက အစီအရီ။ ဘာအမျိုးအစားရွေးပေးရမလဲတွေးနေစဉ် သူက တိုးတိုးပြောလိုက်လေ၏။

"Sunkist ပေးပါ"

အအေးဘူးကို သူ့ရှေ့မှာချပေးလိုက်ပြီး တစ်သျှူးဘူးကိုပါ ယူပေးလိုက်ပါ၏။ မျက်နှာချင်းဆိုင်ထိုင်နေသလိုဖြစ်နေတာမို့ စိတ်ကမလုံ။ ဒီလိုကြီးထိုင်ကြည့်နေရင်တော့ ဒုက္ခပါပဲနော်။ သွန်းကလည်း ဒီနေ့မှဘာကြောင့် နောက်ကျနေရတာပါလိမ့်။

"ဘယ်လိုဖြစ်နေတာလဲ၊ အလုပ်ထဲစိတ်မဝင်စားဘဲ ဆိုင်ရှေ့ကိုသွန်းလုံးမျှော်နေတာ လည်ပင်းတစ်တောင်လောက် ရှည်လာတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်သူ့ကိုမျှော်နေတာလဲကွ"

"အဲဒါ ရှင့်အပူမပါပါဘူး"

"မပါလို့ရမလား သွန်းကိုယ်စား ညှော်ခံထားပေးပါဆိုတာကို လူ ကို ဒိတိုင်း ၄တ်တုတ်ကြီးထိုင်နိုင်းထားတာလေ"

"အဲဒီမှာ အအေးသောက်ပါလား"

"ကိုယ်မှမဖွင့်တတ်တာ"

"ဟင်! ဒါလေးကိုတောင်"

"အင်းလေ, ကိုယ့်အိမ်မှာပဲသောက်သောက်၊ ဆိုင်မှာပဲသောက် သောက်၊ ဘူးကိုဖွင့်ပေးပြီး ဖန်ခွက်ထဲထည့်ပေးတာကိုပဲ အဆင်သင့် သောက်ခဲ့ရတော့ လက်အနာခံပြီး မဖွင့်တတ်ဘူး"

မျက်စောင်းက ဒိုင်းခနဲရောက်သွားလေ၏။ လာပြန်ပြီ ဗိုလ်ကျ တစ်ယောက်။ လူကိုများ ခိုင်းဖို့ခေါ်ထားတယ်ထင်နေလားမသိ။ အရေး စာရေးမလုပ်ရသေးခင် waiterss ဖြစ်ရပြီလေ။ ဖန်ခွက်ကိုယူကာ Ti ဘူးကိုဖောက်၍ ထည့်ပေးတော့ သူ့မျက်နှာက ပြုံးစိစိ။ ကြည့်စမ်း! တမင်သက်သက် ပို့ကိုစနေတာပဲပေါ့။ သူပြောတာ အဟုတ်ထင်ပြီး လုပ် ပေးမိတာ မှားပြီထင်ပါရဲ့။

"Thank ပါ သဒ္ဒါ။ ကိုယ့်ကို ကိုသန့်လို့ခေါ်နိုင်ပါတယ်"





"မခေါ်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်"

နှုတ်က လွှတ်ခနဲထွက်သွားတာမို့ စွာရာရောက်သွားပြီလား ထိတ်ခနဲဖြစ်သွားပေမယ့် သူက စိတ်ဆိုးပုံမရပါချေ။ ဒုက္ခပါပဲတော် ဒီသူဌေးသား လေရှည်နေတာနဲ့ သွန်းကလည်း မရောက်သေးတာလေး

"အဲဒီလိုမတွက်ရဘူးလေ။ တစ်ကျပ်သားမှာ ဘယ်နှရွေးရှိသလဲ၊ တစ်ကျပ်ကို ရွှေစျေးလေးသိန်းဆို နှစ်ရွေးဆို ဘယ်လောက်လဲဆိုပြီး သုံးချက်တွက်နည်းနဲ့ ရှာရတယ်လေ"

ကြည့်! ရှည်ပြန်ပြီ။ မဝါ မသင်ရသေးတာမို့ ဒိတိုင်းလျှောက် ရေးနေတာကို ဆရာလုပ်နေတာကို။ ballpen ကိုဆောင့်ခနဲချပြီး နှုတ် ခမ်းစူလိုက်တော့ သူ့မျက်နှာက ပြုံးမြမြ။ လူကိုကလေးလို့ထင်ပြီး ပြော ချင်သလိုပြော၊ ဆူချင်သလိုဆူနေတာလေ။

"ဟောဗျာ, မတွက်ဘူးလား"

"သင်မှမသင်ရသေးတာ၊ မတွက်တတ်ဘူး"

"ဒါဆိုလည်း ကိုယ်သင်ပေးမှာပေါ့။ လာ"

"မသင်ချင်ပါဘူး ရှင်က ပို့ဆရာမှမဟုတ်ဘဲ။ မမဝါ သင်ပေးလိမ့် မယ်"

"မဝါမှမအားတဲ့ဟာ ကလေးမရဲ့။ အားတဲ့လူ သင်ပေးမယ့်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆရာက ရွေးနေသေး''

''မသင်ပါဘူး။ ရှင့်မှာ အလုပ်မရှိဘူးလား၊ ဒီမှာအချိန်ကုန်ခံပြီး လာထိုင်နေရတယ်လို့''

သူ ရယ်ဟာဟာဖြစ်သွားရလေ၏။ ဤကောင်မလေး စိတ်တိုလာအောင် စရတာ ရင်ထဲအတော်လေးပျော်ရပါလား။ စိတ်ချမ်းသာလိုက်တာနော်။ အဲဒီမျက်စောင်းလေးတွေကို သိမ်းထားလို့ရရင် သိမ်းထားလိုက်ချင်ပါရဲ့။

''ကိုယ့်မှာ အလုပ်ရှိ မရှိသိချင်ရင် ကူမှတ်လိုက်ခဲ့လေ''

''အို! ဘာကိစ္စလိုက်ရမှာလဲ။ မလိုက်ပါဘူး''

''ကိုယ်အလုပ်ရှိ မရှိ မင်းသိအောင် သက်သေပြမလို့လေ သဒ္ဒါရဲ့''

''မလိုပါဘူး။ ဘာဆိုင်လို့လဲ''

''မဆိုင်ဘူးလား။ ကိုယ်က ဆိုင်တယ်လို့ထင်တာပဲလေ''

ကြည့်စမ်း!ဘယ်လိုစကားတွေများ ပြောနေတာပါလိမ့်၊ သူနဲ့ ဒီလိုသာ ထိုင်စကားပြောနေတာကို အလင်းသာမြင်ရင် ပြဿနာတက်မှာ အသေအချာပင်။ တော်ကြာ ခုချက်ချင်း နင်ဒီအလုပ်ကထွက်ဆိုမှ ပြီးပါလေရော။ အလုပ်ကို တစ်ရက်တည်းဆင်းပြီး ထွက်ရတယ်လို့ ရာဇဝင်





တွင်သွားတော့မှာလေ။

''ဟောကြည့်! လည်ပင်းလေး ဆန့်ပြန်ပြီ''

မျက်စောင်းကိုသာ ဒိုင်းခနဲထိုးမိပြန်လေ၏။ မဟုတ်သေးပါဘူး။ အလင်း သေချာမှာထားပါလျက်နဲ့ သူ့ကို ဘာကြောင့်များ မျက်စောင်းတွေထပ်တလဲလဲခဲနေမိပါလိမ့်နော်၊ အလင်းသာသိလို့ကတော့ ကောင်းကောင်းကြီးအပြောခံလိုက်ရမယ့်ဖြစ်ခြင်း။

''ညဲ ကိုယ်လာကြိုပြီး အိမ်ပြန်ပို့ပေးမယ်၊ သိလား''

''မလိုပါဘူး. ဘာကိစ္စပို့မှာလဲ။ ပို့ကို လာကြိုမယ့်သူရှိပြီးသား''

''ဘာလဲ. ဟိုကောင်လေးကိုပြောတာလား။ သူ့မှာ မင်းကိုကြိုပို့ ကိုယ်ပိုင်ကားမှမရှိဘဲ''

''ရှင်နော်''

''စိတ်ကိုလျှော့ ချာတိတ်ရဲ့၊ ဒီလောက်လေးပြောတာ စိတ်ဆိုးစရာလား။ ဘယ်လိုလေးမုန်းကိုမသိ''

ခေါင်းကိုလှမ်းပုတ်လိုက်တာမို့ မျက်လုံးပိုင်းသွားရပါ၏။ ကြည့်စမ်း! သိပ်လည်းမရင်းနှီးသေးပါလျက် အလင်းလိုမျိုး ဆက်ဆံရတယ်လို့ မုန်းစရာကြီးပါလားနော်။

''မင်းမျက်စောင်းတွေ ကိုယ့်ရင်မှာ လာစိုက်တာ ကိုးခုရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရဲ့"

"သေလိုက်ရှင်"

သူက တဟက်ဟက်ရယ်လေတော့၏။

ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက်နှင့်အတူ ဆိုင်ထဲသို့ သွန်းနှင်း
ရောက်လာလေသည်။

"အံမာ! နင်က ငါ့ New Staff လေးကို လာကြည့်နေတယ်ပေါ့လေ လျှမ်းရဲ့"

"Sorry... ငါမှာတာ ပါရဲ့လား သွန်း"

"ပါတယ် platinum ခြယ်ကြီးဆိုတော့ ဘယ်သူ့အတွက်တုန်း"

"ငါ့ Best friend ရဲ့ Mother ကြီး Birthday အတွက်ပါကွာ"

"ရော့. ငါ့ချာတိတ်မကို တော်..တော်မှရောလိုက်ရဲ့လား"

"No, နင်နဲ့မရင်းနှီးခင်ကတည်းက ငါနဲ့သိထားပြီးသား။ You are my Genie, my best friend Thoon"

"ဘာရယ်"

လက်ထဲမှနားကပ်ဘူးကိုယူ၍ဖွင့်ကြည့်ပြီးမှ ပြန်ပိတ်လိုက်ရင်း သူရယ်လိုက်လေ၏။ သူ့ဆိုလိုရင်းကို သွန်းက သဘောပေါက်လိုက်





မယ့် ကောင်မလေးက ဘာမှမသိရှာသေးတာမို့ မျက်လုံးလေးတွေ အဝိုင်းသားနှင့်ပါလေ။

အဲဒီမျက်ဝန်းလေးတွေကိုပဲ စချစ်မိခဲ့တာပါသဒ္ဒါ။ ရင်ထဲက စစ်မှန်ခြင်းတွေကို မင်းတစ်ယောက်သိပါလေစ။

"ကိုယ် ညကျ တကယ်လာကြိုမှာနော်၊ မယုံမရှိလေနဲ့"

"ဟုတ်"

"ငါသွားပြီ သွန်း"

လက်ထဲမှကားသော့ကိုဝှေ့ယမ်းပြီး ဆိုင်ပြင်ထွက်သွားသည့် သူ့ကျောပြင်ကို အငေးသားဖြင့်ကြည့်နေမိစဉ် သဒ္ဒါပိုထံမှ အသံတုံ့တုံ့လေးထွက်လာလေ၏။

"ပို သူ့ကိုသိလည်းမသိဘူး။ ရင်းလည်းမရင်းနှီးပါဘူး"

မှန်သင့်သလောက်တော့မှန်ပါတယ် ပိုရယ်။ ဒါပေမဲ့ လျှမ်းဘက်က မင်းအပေါ်မှာ သာမန်ထက်ပိုသာတဲ့သံယောဇဉ်တွေ ဖြစ်တည်နေတာကို သွန်းသာအသိဆုံးမဟုတ်လား။

ဒီဆိုင်ကို အကြောင်းရှိမှလာလေ့ရှိတဲ့ လျှမ်းရဲ့ခြေလှမ်းတွေက ဆိုင်ရှေ့မှာ မြောင်းပေါက်မတတ် အလာစိပ်တော့မယ်ဆိုတာကို ကြိုမြင်နေမိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လျှမ်းရဲ့မီးခွက်စောင့်နတ်သမီးလေးတဲ့လား. . .

နင်တို့နှစ်ယောက်ဖူးစာဆုံအောင် မြားနတ်မယ်လေးအဖြစ် ငါ နေပေး၊ လုပ်ပေးပါ့မယ် လျှမ်းရယ်နော်။

♥♥♥



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

**OR**

**life is love.**

သို့တည်းမဟုတ်

ဘဝဆိုတာ ချစ်ခြင်းမေတ္တာရယ်ပါ။

အခန်း (၁၃)

"လျှမ်းက သဘောကောင်းပါတယ် ပိုရဲ့။ ငွေကြေးပြည့်စုံတာ ပေမယ့် မိန်းကလေးတွေကို ထည်လဲတွဲတဲ့အကျင့်မျိုးမရှိဘူးလေ"

ဘာသဘောမျိုးနဲ့ ပို့ရေ့မှာ ချီးမွမ်းပြနေတာပါလိမ့်။ ရွှေဈေး တွေတွက်ပြီးတော့ ရတီချိန်ပုစ္ဆာတွေကို calculator ဖြင့် တွက် မှ သွန်းကိုမော့ကြည့်လိုက်ပါ၏။ လက်လေးမေးထောက်၍ ပို့ကို လေးကြည့်နေတာမို့ ပြုံးပြလိုက်ရသည်။

"ပို အမှန်အတိုင်းပြောမယ်နော်"

"ပြောလေ"

"သူ့ကိုစိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်"

"ပို့မှာ ငယ်ငယ်ကတည်းက သံယောဇဉ်တွယ်လာရတဲ့သူ ရှိပြီးသား သွန်းရဲ့။ အလင်းကလွဲပြီး ဘယ်သူစိမ်းယောကျ်ားတစ်ယောက်ကိုမှ ရင်းနှီးပတ်သက်ဖို့ အကြောင်းမရှိဘူးလေ။ ပြီးတော့ အလင်းက ပို့အပေါ် အရမ်းအူတိုတာ"

အမယ်လေးနော်. ကြားပွဲစားတော့ လက်မှိုင်ချရတော့မယ့်ပုံပါလား။ လျှမ်းအပူကပ်လွန်းတာမို့ အခုလိုပြောပေးနေရပေမယ့် ရင်ထဲမှာ တယ်မချိလှပေ။ ရင်နာနာနဲ့ပြောနေရတာပါ ပို့ရယ်။

"ကျောင်းတက်ကတည်းက ပို့အနားကို ဘယ်ကောင်လေးမှ ကပ်လို့မရဘူး။ လက်သံကလည်း သိပ်ပြောင်လေရဲ့။ အခုအလုပ်ဝင်တဲ့အထိပဲ ပို့ကိုစောင့်ရှောက်နေတာလေ။ ရှင်းရှင်းပြောရရင် Mart မှာ လုပ်တုန်းကတောင် ဦးနိုင် မရိုးသားဘူးဆိုပြီး ပို့ကို အလုပ်ထွက်ခိုင်းနေတာ သွန်းရဲ့"

ခေါင်းညိတ်ထောက်ခံလိုက်ပါ၏။ ဒါကို မာမီလည်းသိသွားရတာပါ။ နင့်ကလေးမလေး ငါ့ကိုလွှဲပေးလို့ပြောတုန်းက ဦးနိုင်တစ်ယောက် တရှူးရှူးနဲ့ ဒေါသတွေထွက်လို့တဲ့လေ။ မမကြီးက သူ့အသည်းကိုခွဲပါတယ်လည်းဆိုရော ကိုယ့်ထက် အသက်ထက်ဝက်ငယ်တဲ့ကလေးကိုမှ





နိုးရသလား။ စာကလေးကို အမြောက်နဲ့ချိန်သလိုဖြစ်နေတာ နင်မရှက်ဘူးလားဆိုပြီး phone ထဲကနေ အော်ငေါက်လိုက်လို့ ငြိမ်သွားတာတဲ့လေ။ သဒ္ဒါပိုဟာ လူတိုင်းချစ်ပါစေဆိုတဲ့ဆုနဲ့ပြည့်တဲ့ ကောင်မလေးပါပဲ။

"အခုလည်း သူလိုက်ပို့ပေးမယ်ပြောနေတာကြာပြီ။ ပို့က လိုင်းကားနဲ့စောစောပြန်လို့ မဆုံတာတော်သေးတယ်။ ပြီးတော့ အလင်းက ညဆိုင်းဆင်းနေရတော့ ပို့တို့လမ်းထိပ်ကပဲစောင့်ပြီး ကြိုနိုင်တော့တာ ...့"

လျှမ်းပြောတာ တော်တော်လေးမှန်နေပါရောလား။ ပို့နှုတ်က အလင်း့ အလင်းဆိုပြီး မကြာခဏထွက်လာတတ်တဲ့အသံလေးထဲမှာ နှိုင်းတဲ့သံယောဇဉ်တွေ ထုနဲ့ထည်နဲ့ ပျော်ဝင်နေတာလေ။ သွန်းနဲ့ လျှမ်းကောင် ငယ်သူငယ်ချင်းတွေဖြစ်ပေမယ့် ဤမျှအထိ ရင်းနှီးမှုတို့မရှိလေ။ ပို့တို့နှစ်ယောက်ကတော့ တစ်ယောက်ကိုတစ်ယောက် ဖေးဖေးမမရှိနေပုံပါပဲလား။

"ဒါဆို ပို့ ချစ်သူတစ်ယောက်မှမထားခဲ့ဖူးပေါ့နော်"

calculator ကိုပိတ်လိုက်ပြီး ပြုံးလိုက်လေ၏။ ဘယ်လိုဖြစ်ပြီးရဲ့ရာဇဝင်ကို စိတ်ဝင်တစားစပ်စုနေပါလိမ့်နော်။ ဒီလောက်အရိပ်ပြလို့လည်း အကောင်ကိုမမြင်ပါလား။ ပို့ရင်ထဲက ချစ်နေရတဲ့သူကို သွန်း



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မရိပ်မိတာပါလိမ့်။

"ထားလိုက်ရပါလိမ့်မယ်။ ဒင်းလက်က ပို့ကိုလည်း ညှာတာမဟုတ်ဘူးသွန်းရဲ့"

"ဟင်! ပို့ကိုလည်းရိုက်တာပဲလား"

"ထုတာလေ သွန်းရဲ့၊ သူ့ဗလ လက်အားကြီးနဲ့ထုတာ ဘယ်လောက်နာတယ်ထင်လဲ။ တစ်ခါတစ်ခါ မိုက်ခနဲတောင်မှူးသွားတာ"

"ပို စိတ်မဆိုးဘူးလား"

"စိတ်ဆိုးတယ်ရယ်တော့ မဟုတ်ဘူးပေါ့။ စိတ်တော့ကောက်ဖူးတယ်။ ဒါပေမဲ့ ခဏလေးပါပဲ သူ့မျက်နှာကိုမြင်လိုက်တာနဲ့ ကောက်ချင်နေတဲ့စိတ်က အလိုလိုပြေသွားရော၊ အဲဒီလို မေမေကဆို ပို့ကို သုံးစက္ကန့်မိုပိုလို့ နာမည်ပေးထားတာလေ။ ပိုစိတ်ကောက်ပြေတာ မြန်လွန်းလို့တဲ့"

သွန်းပါ လိုက်ပြုံးမိလေ၏။ စကားမပြတ်ပြောနေတာမှန်ပေမယ့် လက်ကပစ္စည်းတွေ နေရာချတာကို မပြတ်စေပါလေ။ ဒီတစ်လအတွင်း သဒ္ဒါပိုရောက်လာချိန်မှစပြီး ရောင်းအားတက်လာတာ အသိသာကြီးပါ။ လူဝင်ပါးချိန်မှာသင်ထားသည့် ရွှေဆိုင်တွက်နည်းတွေဆို မမေ့အောင် ပြန်တွက်တတ်တာကလည်း ချစ်စရာလေးပါပဲ၊ ကျန်ကောင်မလေးတွေက အနားရသည်နှင့် ဟိုဒီစုပြီး စကားတွေပြောတတ်ကြပေမယ့် ပိုက





တော့ သီးခြားရယ်လေ၊ နဂိုကတည်းကလည်း အနေအေးပြီး အေးအေးဆေးဆေးနေတတ်တာပဲဖြစ်မည်ထင်ပါ၏။ တစ်ခါတလေ ပို့လက်ထဲမှာ ရွှေတွေကျောက်တွေနဲ့ပတ်သက်သည့် 'ရတီ' မဂ္ဂဇင်းတစ်အုပ်တစ်လေ ရှိနေတတ်သည်ပဲ၊

"သူကရော ပို့ကိုအတော်လေးချစ်ရဲ့လား"

"'ချစ်ရဲ့လား' တဲ့၊ မေးနေပြီကော အလင်းရယ်။ ပို့ဘက်က တစ်ဖက်သတ်ပိုသာခြင်းတွေကို ပြန်နိုင်ပြောနိုင်ပေမယ့် အလင်းဘက်မှာ ဘယ်လိုအလေးသာခြင်းမျိုးရှိနေမလဲဆိုတာကိုပြင့် ပို့မှမမြင်နိုင်တာပဲ။

"သူငယ်ချင်းလိုထက်တော့ ပိုမယ်ထင်တာပဲ သွန်းရဲ့၊ ပိုလည်း မပြောတတ်ဘူးလေ။ သူ့ရင်ထဲထိတော့ ပို ဝင်ကြည့်လို့မရဘူး။ သူကသူ့ဂုဏ်တတ်တဲ့သူကိုး. . . ပြီးတော့"

စကားကိုရှေ့မဆက်နိုင်ဘဲ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။ ရင်မောရပါတယ် အလင်းရယ်၊ နှုတ်ခမ်းပဲ့ချင်းမိနှုတ်တဲ့ဘဝမျိုး နင်မဖြစ်ချင်တာကို ငါလည်းသိပါတယ်၊ ဒါပေမဲ့ ဘဝမှာ တကယ့်အရေးအကြီးဆုံးလိုအပ်ချက်က 'ငွေ' မှမဟုတ်တာလေ။ ဒါကိုနင်သိပါရဲ့လား။ မေတ္တာသွှမ်းခြုံထားတဲ့ချစ်ရိုပ်မြုံဆိုတာ ထာဝရအေးချမ်းမှုရှိတယ်ဆိုတာကို နင်သိအောင် ငါဘယ်လိုများပြောပြရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



“အလင်းဘဝက သနားစရာကောင်းတယ် သွန်းရဲ့”

“ဟောတော်”

“ဒါပေမဲ့ သူ့ရှေ့မှာတော့ သနားကြောင်း သွားမပြောမိပါစေနဲ့ ပစ္စည်းမဲ့မာနအိုးကြီး ပေါက်ကွဲထွက်လာမှာ အသေအချာပဲ”

“သူက ဘာဖြစ်နေလို့တုန်း”

“သူ ဆယ်တန်းနှစ်မှာ အမေ ဆုံးသွားတယ်လေ။ အခု မိထွေး နဲ့အတူနေရတာပေါ့။ လေးလေးအောင်က အန်တီမိုးဆိုးတာကို မ ဘူး။ သူ့ရှေ့ကျရင် အလင်းကို သားသားနဲ့ ချိုချိုသာသာလေး ခေါ်ပြော ဆက်ဆံတာလေ။ ကွယ်ရာကျတစ်မျိုး။ တစ်ခါတလေ အလင်း မန အလုပ်ဆင်းရင် အဆာပြေတောင်မှ မစားသွားရဘူး။ ညနေပြန်ရင်လည် အဲဒီအတိုင်းပဲ။ ထမင်းကျန်ရင်လည်း အရည်ပွစိနဲ့သိုးနေပြီ။ မကျန် လည်း အရှင်းတဲ့။ အစားစားချိန်မမှန်တော့ အခု အလင်းမှာ gast ဖြစ်နေပြီ။ အလုပ်မှာလည်း ပင်ပင်ပန်းပန်းလုပ်ရတာဆိုတော့လေ အသွ ကလည်း စားကောင်းတဲ့အရွယ်ဆိုတော့ အစားမမှန်ရင် ကျန်းမာ ထိခိုက်မှာကိုသိသိကြီးနဲ့ သိပ်တေတာပဲ။ နောက်ဆုံးမှာ ပိုပဲ စိတ်ဆ ရဲရတယ်။ အဲဒါ သူ့ကြောင့်ပေါ့”

“သနားပါတယ်နော်”





တိုးသဲ့သဲ့ညည်းလိုက်တာကြောင့် ပို ပြုံးမိလိုက်မိ၏။ လူတစ်ဖက်သားကို ငဲ့ညှာသနားတတ်တဲ့မိန်းကလေးတိုင်းမှာ မိခင်စိတ်ရှိလို့ပဲတဲ့။ ဒါဆို အလင်းကိုသနားသွားတဲ့ သွန်းမှာလည်း ဒီလိုမိခင်စိတ်မျိုး ရှိနေလို့ပေါ့နော်။ ဘာကိုမှမရည်ရွယ်ပါဘဲ အလင်းရဲ့အကြောင်းကို စိတ်ရှည်ရှည်လေးပြောနေမိတာ သွန်းကလည်း စိတ်ဝင်တစားနားထောင်လို့ပါလေ။

“သူ အခုဘာလုပ်နေလို့လဲ”

“ဝပ်ရှော့မှ ဘလုပ်တာလေ”

“ဟုတ်လား”

“သူ့မိထွေးနဲ့ မကြာခဏစကားများရပေမယ့် အဖေသိရင် စိတ်ညစ်မှာစိုးလို့ဆိုပြီး ဘယ်တော့မှပြဿနာမရှာဘူး။ သူ့စိတ်ထဲမကြည်ရင် ပိုတို့အိမ်ကိုကူးလာရော၊ အဲဒါ သူ့စိတ်သက်သာအောင် ရှောင်နည်းတဲ့လေ”

“ပိုတို့ အိမ်ချင်းနီးလို့လား”

“မျက်နှာချင်းဆိုင်လေ။ ကြားမှာ လမ်းရှိနေတာပေါ့”

“ကိန္နရီချောင်းခြားလား”

သွန်း.စလိုက်တာကို စိတ်မဆိုးဘဲ ပြုံးနေပြန်လေ၏။ ခက်ချေ



www.burmeseclassic.com

www.burmeseclassic.com



ပြုံကော လျှမ်းရယ်။ ပိုတို့နှစ်ယောက်ကြားကကြိုးကို နင်. ဘယ်လိုလက် နက်မျိုးသုံးပြီး ဖြတ်လို့ရပါ့မလဲ။ သူတို့နှစ်ဦးက လက်ချင်းတွဲမထားပါ ချည်နှောင်ခြင်းတွေက တင်းကျပ်နေတာအမှန်ပါလေ။

“သူ့မိထွေးက တော်တော်ချောလို့ သူ့အဖေက ရွေးခဲ့တာလား”

“ချောတော့ချောတယ်။ ပြီးတော့ အန်တီမိုးက အိမ်မှာဝင်ထွ နေတဲ့ မေမေအေးရဲ့သူငယ်ချင်းပဲလေ”

“မေမေအေး?”

“အင်း. . . အလင်းရဲ့မေမေကို ပိုက မေမေအေးလို့ခေါ်ခဲ့တာ အလင်းကလည်း ပို့အမေကို အမေချိုလို့ပဲခေါ်တာလေ၊ ဘာဖြစ်လို့လဲ”

“ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး”

“အလင်းက အန်တီမိုးကို ဒေါ်သေးမျှင်လို့ခေါ်တယ်။ ကွယ် မှာပေါ့။ လေးလေးအောင်ကို ဦးတွတ်ပီတဲ့”

“ဘာလဲ အန်တီမိုးလည်း ပါတိတ်တွေ ဝယ်စုလို့လား”

“အစစ်ပဲ”

နှစ်ယောက်သားရယ်လိုက်ကြစဉ် ဆိုင်ထဲသို့ လူရိပ်ဝင်လာသ ခုံမှာထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်ပါ၏။ ကောင်တာနားမှာ ရပ်လို ရင်း အပြုံးချိုချိုလေးနှင့် ဖိတ်ခေါ်လိုက်မိပါသည်။





“မင်္ဂလာပါရှင်၊ ဘာများအလိုရှိပါသလဲ”

“မျက်စောင်းလေး(၁၅၀၀)ဖိုးလောက်,ပေးပါ”

“ဟင်!”

ကောင်တာရှေ့ရပ်နေသည့်သူက ငုံ့ကြည့်၍ပြောလိုက်တာမို့ မျက်နှာပူသွားရပါ၏။ အမယ်လေးနော်. . . customer ထင်ပြီး မျက်နှာချိုသွေးလိုက်မိတာ မှားပါရောလား။ သူ ပြုံးစစနှင့်ကြည့်နေတာကို မျက်စောင်းခဲလိုက်ပြီး ခုံမှာ သွားပြန်ထိုင်လိုက်မိလေ၏။

“ဟော! မရောင်းဘူးလား။ မင်းပဲ ဘာအလိုရှိသလဲဆို”

“ဒီဆိုင်က ရွှေဆိုင်ရှင့်၊ ရှင်လိုချင်တဲ့ပစ္စည်းမျိုးရောင်းတာမဟုတ်ဘူး”

“ရပါတယ်၊ ကိုယ် ခုနပဲ တစ်ရာဖိုးလောက် ရလိုက်တယ်လေ မဟုတ်ဘူးလား”

“နင်ကတော့လေ ရောက်တာနဲ့စပြီ။ ဒီအချိန်ကြီး အိမ်မပြန်ဘဲ ဘာလာလုပ်တာလဲ”

အထဲဝင်၍ထိုင်ပြီမို့ ပိုက ထရပ်ရန်ပြင်လိုက်ရာ သူက ပို့လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။

“ကိုယ့်. ကိုက်စားမှာစိုးလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါဘူး"

"မဟုတ်ရင် ထိုင်နေလေ. . . အိမ်က ထွက်ပြေးမှာမှမဟုတ်ဘဲ သွန်းရဲ့။ ကိုယ် daily duty ဝင်ဖို့ ခုကတည်းက လာစောင့်တာ"

"ဘာကျူတီလဲ"

"သဒ္ဒါသိတယ်လေ"

ကြည့်, တွေ့လား. . . သွန်းတစ်ယောက်လုံးရှိနေပါလျက် နည်းနည်းမှမဆင်ခြင်ဘဲပြောရတယ်လို့။ ပြီးတော့ လူရှေ့မရှောင် ပိုလက်ကို ဆွဲလိုက်တာကရော ဘာသဘောလဲ။ ရှင်တော့နော် အလင်းရဲ့လက်သီးနဲ့ တော်တော်လေးနီးစပ်နေပြီ။ သိရဲ့လား။

"ဘာသိရမှာလဲ၊ မသိပါဘူး"

"မင်းကို ကိုယ်ပြောထားပြီးသားလေ။ ညတိုင်း အိမ်အထိလိုက်ပို့ပေးမယ်ဆိုတာ"

"မလိုပါဘူး။ (၈)နာရီခွဲဆိုတာ အစောကြီးရှိသေးတာ၊ လိုင်းကားတွေများ ပုံလို့။ ပိုတို့က ကားကြုံလမ်းကြုံစီးတတ်တဲ့အစားမျိုးမဟုတ်ဘူးရှင့်"

"ဟုတ်လား။ ဒါဆိုရင်လည်း ကိုယ့်ကားကိုအပိုင်စားယူပြီး လိုက်စီးပါတော့လား သဒ္ဒါရယ်"





ဟောကြည့်, ဘာစကားကြီးတုန်း။ လူကို ဘာဦးတည်ပြီးပြောနေမှန်းလဲမသိ။ သွန်းကလည်း တစ်ခွန်းမှဝင်မပြောတော့ သူနှင့်ပို စကားများတဲ့ပုံစံပဲ ပေါက်နေတော့တာလေ။

"ပိုက သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်တဲ့စိတ်မျိုးမရှိဘူးဆိုတာ ရှင်သိထားပါ"

"ဟောဗျာ. . . အဲဒါ စိတ်ဆိုးသွားတာလား"

"ပစ္စည်းတွေသိမ်းတော့မယ်နော် သွန်း"

"အင်း, သိမ်းလေ"

(၈)နာရီကျော်နေပြီမို့ မှန်ပုံးထဲမှပစ္စည်းတွေကို ဘူးထဲသို့သေချာစီထည့်စဉ် သူက ဘေးမှာလာရပ်လိုက်လေ၏။ ကျွတ်! ခက်လိုက်တာနော်။ သွန်းကလည်း နည်းနည်းပါးပါးလေးတောင်မှ မတားဘူးတဲ့လား။ သူကလည်း တစ်ရက်ထက်တစ်ရက် ပိုပြီး အတင့်ရဲလာပုံပြနေတာလေ။

"ကိုယ် ဘာကူပေးရဦးမလဲ"

"မလိုပါဘူး။ ရှင်ရှုပ်မှ ပစ္စည်းတွေပျောက်ကုန်လိမ့်မယ်။ ရတဲ့လစာလေးနဲ့ သိန်းရာကျော်တန်ပစ္စည်းတွေကို မလျော်ပေးနိုင်ဘူးရှင့်"

"အားပါး. . . သဒ္ဒါပြောမှပဲ ကိုယ်က လူဆိုးကြီးလုံးလုံးဖြစ်နေပြီ၊ သဒ္ဒါလိုချင်ရင် ဒီလိုဆိုင်မျိုး ဘယ်နှဆိုင်လိုချင်လဲ။ ကိုယ်ဝယ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''ဒီမှာ. ရှင် ဟိုခုံမှာ ငြိမ်ငြိမ်လေးသွားထိုင်နေတာကမှ ပို့ကို ကူညီရာရောက်လိမ့်မယ်ရှင့် ဦးလျှမ်းထက်သန့်ရဲ့။ အလုပ်လုပ်နေတာကို လာမနှောင့်ယှက်ချင်ပါနဲ့။ တောင်းပန်ပါတယ်''

''OK. . . OK. . . ကိုယ့်ကို ဒီလိုကြီး စိတ်ဆိုးမာန်ဆိုးနဲ့တော့ မကြည့်လိုက်ပါနဲ့။ ထိုင်နေဆို ကိုယ်ထိုင်ပါ့မယ်။ You are welcome, Thadar''

တောက်! သေတော့မယ်နော်။ လူကိုလာပြီး 'မင်းသဘောပဲ' လို့ ပြောပြီးတော့ သူ့ဆန္ဒအတိုင်း လျှောက်လုပ်နေပြီးတော့များ မျက်နှာကို ခပ်တည်တည်လေးထားပြီး လုပ်စရာရှိတာတွေကို ခပ်မြန်မြန်လုပ်နေလိုက်ပါ၏။ ခါတိုင်းနေ့တွေက သူရောက်မလာခင် ပို့က bus ပေါ်ရောက်နှင့်နေတာမို့ သူ့ကိုရှောင်တိမ်းနိုင်သည်လေ။ ဤနေတော့ ဘယ်လိုများ လုပ်ရပါ့မလဲ။

ဘုရားသိကြားတွေမပြီး သွန်းကိုပဲ သူခေါ်သွားပါစေ။ ဒါမှလွတ်လွတ်လပ်လပ်ပြန်ခွင့်ရမှာလေ။ သွန်းနဲ့ပို့နေရာက ဆန့်ကျင်ဘက်တွေမို့ လမ်းလည်းကြုံစရာမလိုပါချေ။ ကဲ! ကြည့်ကြသေးတာပေါ့ ရှင်ရယ်။ ရှင်ကပဲ ပို့ကို Super glue နဲ့ လိုက်ကပ်နိုင်မလား။ ပို့ကပဲ cutter





နဲ့ အကောင်းဆုံးဖြတ်နိုင်မလားဆိုတာကိုပေါ့။

''သွန်းကို ဦးမောင် လာကြိုမှာလား''

''မဟုတ်ဘူး။ ကောင်လေး လာကြိုမှာ''

''driver အသစ် ခေါ်ထားတာလား''

''ဟုတ်တယ်၊ မာမိနဲ့သွန်းက အပြင်ထွက်ချိန်တူနေလို့ ဒီတစ်ယောက်ကို အချိန်ပိုင်းနဲ့ခေါ်လိုက်တာလေ။ လူငယ်ဆိုတော့ ညဥ့်နက်လည်း မျက်စိမမွဲဘူးပေါ့''

''တော်တော်ငယ်သလား''

''Are you jealous me?''

''No, အဝေးကြီးပါကွ''

နှစ်ယောက်သားပြုံးလိုက်ကြစဉ် မီးခံသေတ္တာထဲ ပစ္စည်းသိမ်းကြသည့်အလုပ်က ပြီးချေလေ၏။ အားလုံး ခေါင်းပြီးသူပြီးချိန်မှာ ပို့က သမင်းချိုင့်နှင့်အိတ်ကို ဖျတ်ခနဲယူ၍ ထွက်ရန်ပြင်လိုက်ပါသည်။

''ဟော့! နေဦးလေ''

''ရှင် လိုက်မနှောင့်ယှက်နဲ့နော်''

''ကိုယ်ပြန်ပို့ပေးဖို့စောင့်နေတာ မင်းသိရဲ့သားနဲ့ သဒ္ဒါရာ''

''လိုက်သွားလိုက်ပါ ပိုရယ်။ ခရီးကြုံရင် သွန်းရဲ့ကားနဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းပါတယ်နော်"

"ဟင့်အင်း, ပို လိုင်းကားနဲ့ပဲပြန်မှာ။ ဘယ်သူ့ကားနဲ့မှ မလိုက်နိုင်ဘူး ဒါပဲ"

"သဒ္ဒါ, နေဦး"

ဆိုင်ပြင်ကို ဖျတ်ခနဲအထွက် သူကလည်း နောက်မှလိုက်အဆွဲ ဆိုင်ရှေ့တည့်တည့်မှာ ရပ်ထားသည့်ကားမှလူကလည်း လှည့်အကြည့် အားလုံးက လျှပ်တစ်ပြက်အတွင်း တစ်ပြိုင်တည်းဖြစ်သွားရလေသည်။

"မိပို"

"ဟင်! အလင်း"

လက်ကောက်ဝတ်ကိုလှမ်းဆွဲထားသည့်လက်ကို ဒေါသမျက်ဝန်း ဖြင့်ကြည့်လိုက်မိ၏။ ကြည့်စမ်း! ဒီလူ ပိုင်စိုးပိုင်နင်းနဲ့ မိပိုလက်ကို ဆွဲထားရတယ်လို့။

"လင်းလက် ရောက်နေပြီလား"

ဆိုင်ထဲမှထွက်လာသည့်သွန်းကြောင့် မျက်နှာကြောကိုလျှော့ချလိုက်ရပါ၏။ မဟုတ်သေးပါဘူး။ ဒီလူနဲ့ မိပိုက ဘာလဲ။ ဘာကြောင့် ဒီလောက်ကြီး ရင်းနှီးပတ်သက်နေရတာပါလိမ့်။ မိပိုကလည်း ဒီလူလက် ဆွဲတာ့အထိ ခွင့်ပြုသတဲ့လား. . .





ဒေါသတွေက တရိပ်ရိပ်တက်လာတာလေ။ မိပို နင်တော့ ခံဦးမယ်။

"အလင်း, ငါ. . ."

"လျှမ်းက ပိုကိုလိုက်ပို့လိမ့်မယ် လင်းလက်ရဲ့။ ကြည့်ပါဦး, ပို ပြောတဲ့အလင်းဆိုတာ လင်းလက်ဖြစ်နေလိမ့်မယ်လို့ ထင်တောင်ထင် မထားဘူး။ ထူးဆန်းလိုက်တာနော်။ သူငယ်ချင်းနှစ်ယောက်စလုံး အလုပ် ဘုနေတာ"

သွန်းပြောတာကို ဘာမှပြန်မပြောနိုင်ဘဲ သူ့အကြည့်တို့က မိပို လက်ကိုဆုပ်ကိုင်ထားသည့်လက်ဆီမှာသာ တစိုက်မတ်မတ် ရှိနေလေ ၏။ လက်ကိုရုန်းနေသည့် မိပိုရဲ့အသားဖြူဖြူမျက်နှာလေးရော လက် ပါ ရဲလာချေပြီ။ ဟိုလူကလည်း တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားသည့် လက်ကို လုံးဝလျှော့မပေးပါလေ။

"ခင်ဗျား. . . ခင်ဗျား. . . အဲဒါ ဘာလုပ်တာလဲ"

"အခု မင်းတာဝန်ချိန်မဟုတ်လား လင်းလက်ရဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ"

သူ ဒေါသတကြီးဖြစ်လာရလေသည်။ ထိုလူ၏ထီမထင်အကြည့် ဆွက သူ့မျက်လုံးနှင့် တည့်တည့်ကြီးဆုံလေ၏။ ပြဿနာပါလား။ သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေးရဲ့လက်ကိုမှ မျက်စိရှေ့မှာ ဆွဲလားရမ်းလားလုပ်နေတာလေ၊

"ခုချက်ချင်း မိပိုလက်ကိုလွှတ်လိုက်စမ်း"

"မင်းက သဒ္ဒါနဲ့ဘာဆိုင်လို့ ခုလိုလာအမိန့်ပေးနေရတာလဲ"

"မိပိုက ကျွန်တော့်သူငယ်ချင်းဗျ"

"မှန်တယ်လေ၊ အခုချိန်က သဒ္ဒါက အလုပ်ချိန်ပြီးလို့ ပြန်ရမှာ။ မင်းက သွန်းကိုပြန်ပို့ရမယ့်တာဝန် ရှိသေးတယ်မဟုတ်လား။ လာပါ သဒ္ဒါရယ်။ ကိုယ် အိမ်အထိပြန်လိုက်ပို့ပေးမယ်"

"အို! မဟုတ်ဘူးလေ"

"ငါတို့သွားပြီ သွန်း"

"အင်း"

"မိပို"

သူပြောချင်တာမဆုံးခင် မိပိုကို ထိုလူက ကားပေါ်ခေါ်တင်သွားလေ၏။ မျက်လုံးအပြူးသားနှင့်ကြည့်နေသည့် သူ့လက်မောင်းကို လက်တစ်ဖက်က လာကိုင်လိုက်လေသည်။

"သွားကြစို့လေ လင်းလက်ရဲ့။ မင်းဒေါသတွေဖြစ်နေလို့လည်း ဘာမှထူးမှာမဟုတ်ဘူး။ စိတ်မချ မဖြစ်ပါနဲ့။ လျှမ်းက တို့ရဲ့ငယ်သူချင်း





ပါ။ မင်းရဲ့မိပို ဘာမှမဖြစ်ပါဘူး။ စိတ်ချ"

"ဒီလူ တော်တော်လွန်ပြီ"

"သူ တမင်လုပ်လိုက်တာမဟုတ်ရပါဘူး လင်းလက်ရဲ့။ ပို ထွက်သွားလို့ လိုက်ဆွဲလိုက်တာပါ။ မင်းအထင်မလွဲပါနဲ့"

"ခင်ဗျားမပြင်ဘူးလားဗျ။ မိပိုလက်ကို ဒီလိုပိုင်စိုးပိုင်နင်းနဲ့ ဘာအကြောင်းမှခေါ်စရာမရှိဘူး။ သူ ဒီလောက်ရှန်းနေတာကိုတောင်မှ ရအောင်ခေါ်သွားသေးတယ်။ တောက်!"

သူမက သူ့ကျောပြင်ကို အသာပွတ်သပ်၍ စိတ်ပြေအောင်လုပ်ပေးလေ၏။ မဖြစ်ဘူး မိပို။ ဒီအတိုင်းဆက်သွားနေရင် နင့်ကို ဒီလူမရမက လိုက်နေဦးမှာပဲ။ နင် ဒီအလုပ်ကနေ ထွက်ရမယ်။ ငါလည်း ထွက်မယ်။ ဒါပဲ. . .

ကားကို ဆောင့်ကြီးအောင့်ကြီးမောင်းထွက်လိုက်စဉ် နံဘေးမှာ ပါလာသည့်သူမက သူ့လက်မောင်းကို ဖျတ်ခနဲခပ်နာနာရိုက်လိုက်လေသည်။ စိတ်ကိုထိန်းချုပ်ရတာ အခက်ခဲဆုံးအလုပ်တဲ့လေ။ ကြားဖူးနားဝ စကားလုံးတွေက သူ့ဘဝထဲကို လက်တွေ့ဝင်လာခဲ့လေသလား။

"အလုပ်ထွက်မယ်ဆိုပြီး ပို့ကိုပြောဖို့မကြံနဲ့နော်၊ ပိုက (၅)သိန်းအလျော်အစားနဲ့ (၃)နှစ်စာချုပ်ကိုချုပ်ထားရတာ၊ သူထွက်ဖို့အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမရှိဘူး"

"တောက်! ခင်ဗျားတို့တော်တော်လွန်နေပြီနော်"

"Relax! မင်းစိတ်ကို တည်ငြိမ်အောင်ကျင့်စမ်းပါ လင်းလက်ရဲ့။ ဘာမဟုတ်တဲ့အသေးအမွှားကိစ္စလေးနဲ့ ဒေါသမီးမမွှေးစမ်းပါနဲ့"

ကြည့်စမ်း! ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စတဲ့လား။ မိပိုဟာ သူ့ဘဝမှာ အရေးမကြီးတဲ့လူတဲ့လား။ သူမတို့ဘက်ကတော့ သူတို့လို လူတန်းစားကို ဤသို့ဤနယ်ပင် သဘောထားကြမှာပင်။ ဒါပေမဲ့ သူကတော့ မိပိုကို အရာရာထက်ပိုပြီး အလေးထားဂရုစိုက်သူပါလေ။

မိပို နင် ဒီလူကိုရွေးချယ်လို့မဖြစ်ဘူးနော်။ ငါ ချမ်းသာချင်တယ်ဆိုတာ မှန်ပေမယ့် ဒီလိုဖြတ်လမ်းမျိုးလိုက်ဖို့ စိတ်ကူးလုံးဝမရှိတာအမှန်ပဲ။ ဒီလိုမျိုးပဲ နင်လည်း အခုလိုမလုပ်ရဘူး။

အဲဒီလူလိုလူစားမျိုးက ငါတို့လိုလူတန်းစားကို အတည်သဘောနဲ့သတ်မှတ်မှာမဟုတ်ဘူး မိပို။ နင့်ကိုအရုပ်လေးတစ်ရုပ်လို ထင်ရာကစားသွားမှာကို နင်သိပါရဲ့လား။ နင့်အန္တရာယ်ကိုရော မြင်ရဲ့လား။

ရင်တွေပူလိုက်ရတာမိပိုရယ်။ ငါအဖြူစင်ဆုံးချစ်ခဲ့ရတဲ့ သူငယ်ချင်းကို ဒီလိုလူရဲ့လက်ထဲတော့ အလွယ်လေးအပ်မခံနိုင်ဘူး။ အဲဒီ အမှန်ပါပဲ။





အတူရှိစဉ်အခိုက် အနိုင်ယူပိုင်ကျခဲ့တာတွေကို နင်အမှတ်ထားခဲ့သလားမိပို။

အထင်မလွဲလိုက်ပါနဲ့။ နင့်အပေါ်မှာ သူများတွေထက် ပိုသာတဲ့ ချစ်ခြင်းတွေနဲ့ချစ်တယ်ဆိုတာကို နင်ယုံကြည်စေချင်ပါတယ် မိပိုရယ်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

အနောက်ကိုလှည့်ဆန့်ကြည့်ရာမှ ဖျတ်ခနဲပြန်လှည့်ကာ ရန်တွေ့လိုက်သည့်သူမကြောင့် သူပြုံးလိုက်မိ၏။ ဒီကောင်လေးနဲ့ သဒ္ဒါကြားကို သူ တော်တော်ကြီးကြိုးစားပြီး ဝင်ရမှာပါလား။ အင်းပေါ့လေ၊ သွန်းနဲ့ သူတောင် (၂၅)နှစ်ကြာ ရင်းနှီးခဲ့ကြတာ၊ သဒ္ဒါတို့နှစ်ယောက်ကတော့ အနည်းဆုံး အနှစ် (၂၀)လောက်တော့ ရှိကြမှာပါပဲ။

"ဖက်လည်း လည်သွားပါဦးမယ် သဒ္ဒါရယ်၊ ဘယ်လိုဖြစ်နေတာလဲ၊ လင်းလက်က သွန်းကိုပို့ပြီး ပြန်လာရင် ကြာဦးမှာ၊ မင်းကို အိမ်အထိ လိုက်ပို့ပေးမယ်လို့ ပြောထားရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို မပိုနဲ့လို့ အခါခါပြောနေတာ မကြားဘူးလားရှင့်။ ရှင်အခုလိုလုပ်တာ အကြောင်းမဟုတ်ဘူး။ ဟိုမှာ, အလင်း ဘယ်လောက်စိတ်ပူပြီး ကျန်ခဲ့ရသလဲ"

"သူက ပူတာလား။ မင်းက ပူတာလား သန္တါ။ ပြောပါဦး"

ကားကို လမ်းဘေးမှာထိုးရပ်လိုက်၏။ သူမက ဘေးတံခါးကို ဆွဲ၍တစ်မျိုး၊ တွန်း၍တစ်ဖုံ ဖွင့်ပါသော်ငြား တံခါးက တုတ်တုတ်မျှပင် မလှုပ်ပါလေ။

"မင်းပင်ပန်းရုံပဲရှိမယ် သန္တါ။ ကားတံခါးက ကိုယ် ဖွင့်ပေးမှ မှာ"

"ရှင်နော်. . . ကားကိုဘာလို့ရပ်လိုက်ရတာလဲ"

"ကိုယ်သိချင်တာကို အရင်ဖြေလေ"

"ဘာလို့ဖြေရမှာလဲ။ ရှင့်ကိစ္စမဟုတ်ဘူး"

"မင်းကိစ္စက ကိုယ့်ကိစ္စပဲပေါ့ သန္တါ။ ကိုယ်ကောင်းကောင်းမေးနေတာကို မင်းမဖြေရင် ကားကို ခေါင်းပြန်လှည့်ရလိမ့်မယ်နော်။ ဘယ်သူ့အိမ်ကို ရောက်သွားမယ်ထင်သလဲ"

"ရှင်နော်. . . ရှင်"

မျက်လုံးဝိုင်းကလေးတွေက ကျယ်သည်ထက် ကျယ်လာလေ





တံခါးလည်းဖွင့်၍မရ၊ သူ့ကိုလည်း ကြောက်လန့်ရင်း ဖော့ချွေးတွေ ပင်ပြန်လာချေပြီ။ အလင်းရေ! ငါ့ကိုကယ်ပါဦး။ နင်စိုးရိမ်သလိုဖြစ်နေတာကို နင်သိပါ့မလား။

"မင်းနဲ့လင်းလက်က ဘယ်အဆင့်ကိုရောက်နေပြီလဲ"

နှုတ်ဆိတ်နေ၏။ လူကိုတရားခံမေးသလို လာမေးနေရသလား။ ဘေးနားမှာ ကားတွေတဝီဝီဖြတ်မောင်းသွားပေမယ့် ကူကယ်သူမဲ့နေရတာလေ။

"ဖြေလေ"

လူက တွန့်ခနဲဖြစ်သွားရပါ၏။ ပေါင်ပေါ်မှာ လက်နှစ်ဖက်လုံး ဆုပ်ထားတာကို သူလှမ်းကိုင်လိုက်တော့ လက်အစုံက အေးစက်လို့ပါလေ။ ကြောက်တာလား။ အင်း. . . ပို့မှာ ဒီလိုအတွေ့အကြုံမျိုး တစ်ခါမှ မရှိခဲ့တာမို့ လန့်တာပဲဖြစ်မှာပါနော်။

"သန္တါ"

"ပို. . . ပိုတို့က ငယ်သူငယ်ချင်းတွေပါ။ ဒါ. . . ဒါပေမဲ့"

"ဒါပေမဲ့. . . ဘာလဲ"

"အလင်းကို ပို့ချစ်တယ်"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူမှဖျက်လို့မရတဲ့ စကားတစ်ခွန်းပဲ"

"သေချာလား သဒ္ဒါ"

"..."

"ကောင်းပြီလေ... မင်းစိန်ခေါ်ရင် ကိုယ်ကလည်း ဘွာမခတ် စတမ်း ပေါ့။ အဲဒီစကားကို မင်းပြန်ရုပ်သိမ်းပေးပါ သဒ္ဒါ။ ဘာကြောင့် လဲဆိုတော့ ကိုယ်က မင်းကို မြင်မြင်ချင်းချစ်မိသွားလို့ပါ။ မင်းဆီက ပြန်ပေးလာမယ့်ချစ်ခြင်းတွေကို ကိုယ်မရနိုင်တော့ဘူးဆိုတာ ဘယ်တော့ မှမဖြစ်စေရဘူး။ ဟုတ်ပြီလား"

"အို! မဖြစ်နိုင်ဘူး။ ပို့မှာ အလင်းတစ်ယောက်လုံးရှိနှင့်ပြီးသား လို့ ရှင့်ကိုပြောထားပြီးပြီလေ"

သူက ဘာမှမပြောတော့ဘဲ ကားစက်ကို နှိုးလိုက်လေ၏။ အချက် ပြမီးကိုဖွင့်၍ ကားကိုပြန်ကွေ့လိုက်စဉ် သူမမျက်လုံးအစုံ ကျယ်သွားရ လေသည်။

ဘုရားရေ! ဒီလူတော့ ပို့ကိုခေါ်ချင်ရာခေါ်သွားတော့မှာပါလား။

"ဒါ ဘာလုပ်တာလဲ"

"ကိုယ်ပြောပြီးပြီလေ။ မင်းစကားကို ပြန်ရုပ်သိမ်းလို့"

"ရှင်... ရှင်နော်။ ကားကို ချပြန်လှည့်ပေးပါ"





"..."

"ကိုလျှမ်းထက်သန့်, ပိုတောင်းပန်ပါတယ်ရှင်။ ကားကိုပြန်လှည့် ပါ။ ရှင်ခေါ်တဲ့နောက်ကို ပို့မလိုက်နိုင်ဘူး"

သူ့လက်မောင်းကို လာဆုပ်ကိုင်လိုက်သည့် လက်သွယ်သွယ်လေး များက အေးစက်စက်။ အနိုင်ကျင့်ရာများရောက်နေပြီလား။ လျှမ်းထက် သန့်ရဲ့ဘဝမှာ မဖြစ်နိုင်တာမရှိခဲ့ဘူး သဒ္ဒါပို။ ကိုယ်က လိုချင်ပြီဆိုရင် ရအောင်ယူလေ့ရှိတယ်။ ဘယ်လောက်ပဲခက်ခဲနေပါစေ၊ မလျှော့သော ဇွဲနဲ့ဝီရိယရှိတတ်တဲ့လူလေ။

ကဲ, မင်းဘာဆက်ပြောမလဲ ကြည့်ကြပါဦးစို့။

"ကို... ကိုသန့်, ပို တောင်းပန်ပါတယ်။ ရှိကြီးခိုးပါရဲ့"

"ကိုယ်ပြောစေချင်တာ အဲဒါမဟုတ်ဘူး သဒ္ဒါ"

"ပို ပြန်ရုပ်သိမ်းပါတယ်"

"သေချာလား"

ခေါင်းကိုဆတ်ခနဲညိတ်ပြစဉ် ကားက ကျွီခနဲ ရပ်သွားလေ၏။ အမယ်လေးလေ... အတင်းကြီးထိုးရပ်လိုက်ရတယ်လို့၊ ဒုက္ခတွေတော့ ဖြစ်ကုန်တော့မှာပဲ။

"ဒါဆို ကိုယ့်ကိုစဉ်းစားပေးမှာပေါ့၊ အဲဒီလိုလား သဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့. . ."

ကားစက်ကိုပြန်နှိုးတော့ သူ့မျက်လုံးလေးတွေက သနားစဖွယ် တောင်းပန်ဟန်ဖြင့် ကြည့်နေလေ၏။ ကိုယ်တော်တော်များ ဗိုလ်ကျနေမိပြီလားသဒ္ဒါ။ ခွင့်လွှတ်ပါကွာ။ မင်းကိုမြတ်မြတ်နိုးနိုးချစ်မိတဲ့ ချစ်စိတ်တွေက အရိုင်းဆန်သလိုဖြစ်ခဲ့ရင်လေ။

"ကိုသန့်. . ."

"Yes or No ပဲဖြေပါ သဒ္ဒါ။ ဒါဆိုရင် ဘယ်လောက်ကြာကြာ ကိုယ်စောင့်နိုင်ပါတယ်။ ဟုတ်ပြီလား"

"ပို စဉ်းစားပေးမယ်"

"Are you sure?"

"ဟုတ်"

"OK. . . ဒါဖြင့် သဒ္ဒါအိမ်ကိုသွားကြစို့"

တော်ပါသေးရဲ့။ အိမ်ပြန်ဖို့စိတ်ပြောင်းသွားပေလို့ပဲ။ နို့မို့စကားများနေတာနဲ့ပဲ အိမ်ကိုရောက်ဖို့ ကြာနေဦးမှာလေ။

"လမ်းထိပ်မှာပဲ ရပ်ပေးနော်"

"အိမ်ရှေ့အထိပို့မယ်"

"ပိုက. . ."





"အိမ်ပေါ်ထိလိုက်လည်မယ် သဒ္ဒါ။ ဟုတ်ပြီလား"

သူမ သက်ပြင်းကိုသာ ရှိုက်လိုက်မိတော့၏။ ဖွတ်ကြီးပါပဲလား။ ဒီအတိုင်းသာ ရှေ့ဆက်သွားရရင် သူနဲ့အလင်း ထိပ်တိုက်တွေ့မှာမလွှဲပါလေ။

"ဒါလည်း ငြင်းဦးမှာလား"

"သဘောရှင်၊ ရှင့်သဘောပဲ"

သူက သဘောကျစွာဖြင့် ရယ်လိုက်လေ၏။ အိမ်ရှေ့မှာ ကားရပ်တော့ သူအရင်ဆင်းလိုက်ပြီး သူမဘက်တံခါးကို လာဖွင့်ပေးပါသည်။ ခြံစည်းရိုးတံခါးသေးသေးလေးကိုဖွင့်ဝင်စဉ် အိမ်ဝမှာ မေမေက ရပ်စောင့်နေလေ၏။

"အလင်းလား. . . သမီး"

"မဟုတ်ဘူး မေမေ"

"ဒါဆို ဘယ်သူတုန်း"

ခြံထဲမှာ ထွန်းထားတာက မီးလုံးမို့ မေမေ သဲသဲကွဲကွဲမတွေ့ရသေး။ အိမ်လေးပေါ်ထိ သူတက်လိုက်လာတော့ မေမေ့မျက်နှာမှာ တအံ့တသြ။ အလင်းက ပုဆိုးပဲအမြဲဝတ်လေ့ရှိပြီး သူကတော့ ဘောင်းဘီပဲဝတ်သည့်လူလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လျှမ်းထက်သန့်ပါ အန်တီ။ 'ဇမ္ဗူတလူ' ကုမ္ပဏီက GM ပါ။ အခု သဒ္ဒါလုပ်နေတဲ့ 'ဒီလှိုင်းခ' ရွှေဆိုင်က သွန်းရဲ့ ငယ်သူငယ်ချင်းပါ"

"ဪ, ထိုင်လေ သားရဲ့။ အစ်ကိုရေ. . ဒီမှာ ညွှန့်သည်ပါလာတယ်"

သစ်သားဆက်တီလေးမှာ ဝင်ထိုင်လိုက်ရင်း အိမ်လေးကိုဝေ့ဝိုက်အကဲခတ်၍ကြည့်လိုက်မိ၏။ မိသားစုသုံးဦးတည်းမို့ အိမ်သေးသေးလေးဖြစ်ပေမယ့် အိမ်ထဲမှအပြင်အဆင်တို့က သေသေသပ်သပ်နှင့် ကြည့်လို့အဆင်ပြေပါသည်။ သဒ္ဒါက အိမ်မှုကိစ္စနိုင်နင်းသည့် မိန်းကလေးပဲမဟုတ်ပါလား။

အိမ်ထဲမှအသက် (၅၀)ခန့်လူကြီးထွက်လာတော့ သူ ထရပ်၍ကြိုလိုက်ပါ၏။ သူ့မျက်နှာကတော့ မှုန်ကုပ်ကုပ်နှင့်ပါလေ။

"ထိုင်ပါ မောင်ရင်။ သမီးကိုလိုက်ပို့ပေးတာ ထင်ပါရဲ့"

"ဟုတ်ပါတယ် အန်ကယ်"

"ခဏနော်, အန်တီ တစ်ခုခု. . ."

"နေပါစေအန်တီ။ မိုးချုပ်နေပြီမို့ ဘာမှမလုပ်ပါနဲ့တော့။ ကျွန်တော်ပြန်တော့မှာပါ"





လူကြီးတွေကို ရည်ရည်မွန်မွန်ပင်ပြောနေတာမို့ သူ့ကိုမျက်စောင်းသာခဲလိုက်မိတော့၏။ ခုနတုန်းကဖြင့် ဖွတ်တရွတ်ထင်ရာစိုင်းတော့မည့်ပုံနှင့်လေ။ မုန်းဖို့ကောင်းလိုက်တာနော်။ တကယ်ပဲ မုန်းစရာကြီး။

"နောက် အားရင်လည်း လာလည်ပါသားရယ်"

"ဟုတ်ကဲ့, ကျေးဇူးတင်ပါတယ် အန်တီ"

"မေမေကလည်း"

"ဟဲ့, ညွှန့်သည်ကို ကျေးဇူးတင်စကားလေးဘာလေးမပြောဘဲ ငုတ်တုတ်ထိုင်နေရလား သမီးရဲ့"

"နေပါစေ အန်တီ။ သူလည်း ပင်ပန်းလာတာကိုး။ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီနဲ့အန်ကယ်။ ဖြုန်းစားကြီးလာတာမို့ ဘာမှဝယ်မလာခဲ့လို့ အားနာပါတယ်။ နောက်မှပဲ"

"ရပါတယ် မောင်ရင်ရယ် မလိုပါဘူး"

"ကိုယ်ပြန်ဦးမယ် သဒ္ဒါ။ မနက်လာကြိုမယ်နော်"

လူကြီးတွေ့ရှေ့မှာ ခပ်ပိုင်ပိုင်ပင်ပြောချလိုက်တာမို့ သူမစိတ်တိုသွားရပါ၏။ ကြာရင် ဒီ့ထက်ပိုပြီးပြောလာတော့မှာမို့ သူ့လက်ကိုဆွဲခေါ်၍ အိမ်အောက်သို့ ဆင်းလာခဲ့ရလေသည်။

"ဘယ်လိုဖြစ်တာတုန်း။ ကိုယ်မပြန်မှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ပွဲထိုးဆို ထိုးပါ့မယ်ရှင်။ ပြန်ပါတော့ မနက်ကိုလည်း လာမကြိုပါနဲ့။ တောင်းပန်ပါတယ်"

"စိတ်ချ၊ ကိုယ်က မင်းတားရင် ပိုပြီးရှဲ့ချင်တော့ ခက်တယ် သန္တါရဲ့။ မနက် (၇)နာရီထိုးတာနဲ့ အိမ်ရှေ့အရောက် လာကိုလာဦးမှာ"

"ရှင်နော်. ပြောနေတဲ့ကြားက"

ခြံပြင်သို့ရောက်လာပြီး ကားတံခါးဖွင့်လိုက်စဉ် သူမျက်နှာလည် ထွက်သွားလေ၏။ အကျီင်္ရင်ဘတ်ကိုဆုပ်ကိုင်၍ ထိုးလိုက်သူက သူမရဲ့ အလင်းရယ်လေ။

"ဟယ်! အလင်း. မလုပ်နဲ့လေ"

"ယုတ်မာဦး၊ ခင်ဗျား မိပိုကို လက်ဖျားနဲ့တို့ရဲတို့ကြည့်လိုက် စမ်းပါ"

"ဒုက္ခပါပဲ၊ အလင်း"

"နင် ဝင်မဆွဲစမ်းနဲ့ မိပို။ ငါ့ဒေါသတွေ နင့်ဆီရောက်လာလိမ့် မယ်"

"တော်ပါတော့ အလင်းရယ်"

တားနေသည့်ကြားက သူ့ကို အလင်း၏လက်သီး သုံးလေးချက် တော့ ထိသွားလေ၏။ သူက နှုတ်ခမ်းမှသွေးစကို လက်ခုံဖြင့် ပွတ်သုတ်





လိုက်ပြီး အလင်းကိုပြန်စိုက်ကြည့်လိုက်လေသည်။ ပွဲကြီးပွဲကောင်းတော့ ဖြစ်တော့မှာပဲ၊ လမ်းထဲမှာ အိမ်တံခါးတွေပိတ်ကုန်ပြီမို့ သူမ တိုးတိုးကျိတ် ကျိတ်တားနေရတာမဟုတ်လား။ အလင်းတစ်ယောက်ကတော့ ပြဿနာ ကို မီးခွက်ထွန်းပြီး ရှာချေပြီပဲ။

"ငါက ငါ့အသားကိုထိရင် ဒီ့ထက်ပိုပြီး ပြင်းထန်တဲ့တုံ့ပြန်မှု မျိုး ပြန်လုပ်တတ်တယ် လင်းလက်ရဲ့"

"လုပ်လေ. . . လုပ်စမ်းပါ အလင်းတို့က ယောကျ်ားချင်း နယ် ရွှေးဘူး"

သူက လမ်းဘေးမြောင်းထဲသို့ သွေးရောနေသည့် ငံကျိကျိတံတွေး ကို ပျစ်ခနဲထွေးလိုက်ပါ၏။ ပြီးနောက် လင်းလက်၏လက်ကို အတင်းဆွဲ ထားသည့်သူမကို ငုံ့ကြည့်လိုက်မိသည်။

ကိုယ့်ရင်ထဲနာတယ် သန္တါ။ မင်း ဒီကောင့်လက်မောင်းကို အားကိုး တကြီးဆုပ်ကိုင်ထားတာကမှ ကိုယ့်ကို ပိုပြီးနာကျင်စေတာပါ။

မလိုချင်ဘူး။ ဒီလက်လေးတွေက ကိုယ့်ကိုသာ ဆုပ်ကိုင်ထားသင့် တာလေ။ ပြီးတော့ အဲဒီလက်ဖဝါးနုနုလေးတွေကို ကိုယ်သာလျှင် ပိုင်ပိုင် ကြီးဆွဲခေါ်သွားချင်တာပါ။ ခုတော့ မင်းက ကိုယ်မဟုတ်တဲ့လူတစ်ယောက် ကိုမှ ဆွဲထားရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



“ခုချက်ချင်း သူ့ကိုလွှတ်လိုက်ပါ သဒ္ဒါ”

“ဟင်!”

“ကိုယ်ပြောတာ ကြားတယ်နော်”

“ခင်ဗျား”

သူ့ကိုအော်လိုက်စဉ် မိပိုလက်တို့က ဖျတ်ခနဲပြုတ်သွားလေ၏။ အလို ဒီလူ့မှာ ဘယ်လို power တွေများရှိနေလို့ မိပိုကိုလွှမ်းမိုးနိုင်ရတာလဲ။

တအံ့တသြဖြစ်နေစဉ် သူ့ထံမှ စကားသံထွက်လာပြန်လေသည်။

“မင်း, သဒ္ဒါနဲ့သူငယ်ချင်းဆိုရင် အဲဒီအဆင့်မှာပဲ ရပ်နေပါ လင်းလက်။ ရှေ့ကိုဆက်တိုးဖို့ မကြိုးစားပါနဲ့”

“ခင်ဗျားအမိန့်ပေးစရာမလိုပါဘူး။ မိပိုကို ကျုပ်ပိုင်တယ်”

သူ့ထံမှ မထီတရီအပြုံးပေါ်လာလေ၏။ ပိုင်တယ်တဲ့လား။ ဆိုင်တောင်မဆိုင်သေးတဲ့လူကို သူ့နှလုံးသားကိုပိုင်တယ်လို့ ရဲရဲရင့်ရင့်ပြောနေတာလေ။ မင်းငယ်ပါသေးတယ် လင်းလက်ရယ်။

“စကားကိုအကုန်မပြောပါနဲ့ လင်းလက်၊ သဒ္ဒါကို မင်းပိုင်မလား ငါပိုင်မလားဆိုတာ အချိန်က သက်သေပြပါလိမ့်မယ်”

“ခင်ဗျား. . . ခင်ဗျား. . .”





“မင်းသိထားဖို့က တစ်ခုတည်းပဲ လင်းလက်။ ငါက နှုတ်ခမ်းကွဲရုံလောက်ပဲ နာကျင်ရတာပါ။ မင်းရဲ့နှလုံးသားကို ငါ အရှင်လတ်လတ် နာအောင်လုပ်ပြမှာ အသေအချာပဲ။ မင်းစောင့်ကြည့်လိုက်လေ။ လျှမ်းဆက်သန့်ရဲ့ရာဇဝင်မှာ ဘယ်တော့မဆို Responds ကို အမြဲတမ်း နှစ်ဆပြန်လုပ်တတ်တယ်။ ကိုယ်ပြန်ဦးမယ် သဒ္ဒါ။ See you tomorrow morning”

မှင်တက်ရပ်နေမိစဉ် အလင်းထံမှ တက်ခေါက်သံနှင့်အတူ သူ့ကားက back ဆုတ်၍ ထွက်သွားလေ၏။ လမ်းပေါ်မှခဲလုံးကို ခြေထောက်ဖြင့် ကန်လိုက်တော့ မိပိုက သူ့လက်ကို ဖမ်းဆွဲထားလိုက်ပါသည်။

“အလင်း”

“နင် အခုချက်ချင်း အလုပ်ထွက်တော့ မိပို”

“အလင်း, ငါ. . . ငါ. . . သုံးနှစ် bond ထိုးထားတယ်ဟ”

သူ့နှလုံးခုန်သံ ရပ်သွားရသည့်နှယ်ပင်။ အဲဒီငွေတွေက သူတို့ဘဝကို ဘယ်အချိန်ထိ အုပ်စိုး မိုးကာထားမှာပါလိမ့်။ ငါစိတ်နာတယ် မိပို၊ အဲဒါအမှန်ပဲ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ထမင်းကြော်စားမှာလား"

"မစားပါဘူး"

"နင်ကလည်းဟာယ်"

"ငါ့ကိုမဖားနဲ့စမ်း။ နင် ဒီလူ့ကို ဘာကတိတွေပေးထားလဲ မိပို၊ အခု ငါ driver သွားလုပ်ရမှာ၊ နေ့လယ် ဝပ်ရှော့မှာ ထမင်းကျွေးတယ်၊ အပိုတွေပြောမနေနဲ့။ ငါမေးတာသာ ဖြေ"

အဲဒါမှဒုက္ခ၊ လူကိုအကျပ်ရိုက်စေတဲ့မေးခွန်းတွေချည်း မေးနေကြ ဘာပါလား။ အလုပ်ထွက်ချင်ပေမယ့် ပိုမှာ လျော်စရာငွေက မရှိ၊ အလုပ် သင်းပြန်တော့လည်း ကိုသန့်အန္တရာယ်က တမျိုး၊ ခုလည်း အလင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာပြန်ပြီလေ။

"ငါဘာလုပ်လို့လဲ"

"နင် မရှုပ်းမရှင်းမလုပ်နဲ့နော် မိပို။ ငါ့အကြောင်း နင်သိတယ် မဟုတ်လား"

စိတ်ကြီးနဲ့ငါနဲ့ ညစ်လိုက်တာနော်။ ဖေဖေက ခပ်စောစောကတည်းက အလုပ်သွားပြီး မေမေက ဈေးသွားပြီမို့ ပိုတို့ရန်ဖြစ်တာကို တားမယ့်သူမရှိ။ ဒင်းကလည်း အစောကြီးကို ပေါက်ချလာရတယ်လို့။

"ငါ့ကိုလာမဆူနဲ့နော်။ ငါအလုပ်ဆင်းတာ သွန်းအသိ"

"အေးလေ, အလုပ်ဆင်းတာပဲ ကောင်းကောင်းဆင်းမှပေါ့။ ဘယ့်နှယ် ဟိုလူက လာငြိရတာလဲ အဲဒါကိုရှင်း"

"သူဟာသူ လိုက်ပို့ပေးမယ်ဆိုပြီး. . ."

"အဲဒါ နင်ငြင်းပါလား။ ဘာလို့ နင့်ပါးစပ်က အာစေးမိနေလဲ"

"ငြင်းတာပဲဟဲ့။ သူက အတင်းလိုက်ပို့တာ ငါဘာပြောလို့ရမှာလဲ။ သွန်းကိုယ်တိုင်က ထည့်ပေးနေတာ"

"သူက နင့်အုပ်ထိန်းသူမို့လို့လားကွ။ နင့်ကို ဟိုလူနဲ့တွဲဖို့ပြောရအောင် ဘာလဲ"

ထမင်းကြော်အိုးကို ဖိုပေါ်မှချလိုက်ပြီး ရေနွေးအိုးတင်ထားလိုက်





ပါ၏။ မနေ့ကတည်းက ထမင်းချိုင့်ထည့်ရန် မေမေ ငါးကြော်ပေးထားတာမို့ ဟင်းထပ်ချက်ရန်မလိုပါ။ ထမင်းချိုင့်ထည့်ဖို့ထက် အလင်း ရန်လာရှာတာကို ပို,ဦးစားပေးရှင်းရဦးမှာလေ။

"လူမှုရေးတို့၊ အားနာမှုတို့လည်း ရှိသေးတာကိုး"

"ဘာလူမှုရေးလဲ။ ဘာမှမဆိုင်ဘူး။ နင် နေရာတကာ အားနာနေရင် လူပါ,ပါသွားလိမ့်မယ် မိပိုရဲ့"

"နင်အဲဒီလိုမပြောပါနဲ့ အလင်းရဲ့။ ငါ့အန္တရာယ်ကိုတော့ ငါကြည့်ရှောင်တတ်ပါတယ်။ သူလည်း ဒီလောက်ထိ မရိုင်းပါဘူး။ မေမေတို့ကို တရိုတသေစကားပြောသွားတဲ့ဟာ"

"ဘာမရိုင်းရမှာလဲ။ ညကပဲ ငါ့ကို ဘယ်လိုပြောသွားလဲ နင်သိတယ်လေ"

"အဲဒါ နင့်ဘက်ကလွန်တာလည်း ပါတယ်လေ။ သူ့အသားနာမှတော့ ဒီလိုပဲ ပြန်ပြောတော့မှာပေါ့။ နင်ဗိုလ်ကျတာကို သည်းခံတာ ငါတစ်ယောက်ပဲရှိတယ်။ လူတိုင်း နင့်ကိုသည်းခံမယ်မထင်နဲ့"

"မိပို"

ကြည့်စမ်း! သူ့ကို မိပိုပြန်အော်နေပါရောလား။ ဘယ်တော့မဆို သူပြောသမျှ မျက်နှာသေလေးနဲ့ ငြိမ်နေတတ်တဲ့ကောင်မလေးက ခုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတုံ့ပြန်နေပါရောလား။ ဘယ်လိုလဲ မိပို၊ နင့်မှာ ဘယ်က ခွန်အား တွေရလို့ ဘယ်သူ့အားကိုးနဲ့များ ငါ့ကိုပြန်အော်နေရတာလဲ။

"နင်တောင်မှ သူဌေးသမီးပဲ ရှာချင်တာဆို။ ငါလည်း ဒီလိုလူနဲ့ တွေ့တာ ဘာအကြောင်းသလဲ။ အိမ်အထိလိုက်တွေ့မှတော့ ငါ့ကိုအတည် မဟုတ်ဘူးလို့ နင်ဖွတ်ငြင်းမယ်မကြံနဲ့ အလင်း. . . ငါ"

"တော်. . . တော်. . . တော်တော့၊ နင့်ပါးစပ်ကို ပိတ်လိုက်စမ်း မိပို"

သူ လက်ကာပြလိုက်ပြီး ခေါင်းကိုငုံ့ချထားလိုက်မိ၏။

ဘုရားရေ! သူ့အလွယ်တကူပြောထွက်ခဲ့တဲ့စကားတွေကို အတည် လို့ မိပိုက ယူဆထားသတဲ့လေ။ တကယ်ရည်မှန်းထားတယ်လို့များ နင်ထင်နေလား။ ငါက ငါက အိမ်မှာ မိထွေးနဲ့အတူမနေချင်တော့လို့ ဘာရယ်မဟုတ် ပြောခဲ့မိတာပါကွာ။

လောကမှာ ဘယ်အရာမဆို သူ့တန်ရာတန်ကြေးနဲ့ပဲ ဝယ်လို့ရ တာတဲ့။ ငါ့ဘဝ၊ ငါ့အဆင့်အတန်းနဲ့ သင့်လျော်ရာကိုပဲ ငါရမယ်ဆိုတာ ကို အလိုလိုနားလည်ထားပြီးသားပါ။ ဒါကို နင်မသိနိုင်ဘူးတဲ့လား ငါမဟုတ်တဲ့လူတစ်ယောက်ကိုရွေးဖို့ နင်ပြင်ဆင်နေပြီလားဟင်။

"နင် သူ့ကိုခေါင်းညိတ်လက်ခံလိုက်ပြီလား မိပို"





"စွပ်စွပ်စွဲစွဲ ငါ ဒီလောက်အညှာမလွယ်ဘူးဟဲ့"

ရင်တော့ တော်တော်အေးသွားရပါ၏။ တွေ့တာမှ လပိုင်းလောက် ပဲရှိသေးတာ။ မိပိုမှာ မာနလေးတော့ ရှိသေးတာပဲလေ။

"သူ ဖွင့်ပြောပြီးပြီလား"

"အင်း. . ."

"ဘယ်တုန်းကလဲ"

"ညကပဲ"

"နင်ဘာပြောလိုက်လဲ"

တုံ့ပြန်သံထွက်မလာပါချေ။ ဘုရား! ဒီလူ့ကိုလက်သင့်ခံဖို့များ အဆင်သင့်ဖြစ်နေပြီလားမိပို။ ဘာမဆို အစစတိုင်ပင်ခဲ့ပါလျက် ဒီကိစ္စ ကျမှ ငါ့ကိုအသိမပေးဘဲ နင်တိတ်တဆိတ်ဆုံးဖြတ်လိုက်ပြီလား။ လူက ငုတ်တုတ်ထိုင်နေရင်း အသက်ပင် ရှဲရှဲမရှူဝံ့တော့ပါချေ။

မိပို. အနီးဆုံးမှာရှိနေတဲ့ငါ့ကိုတောင် နင်မမြင်ဘူးပေါ့။ ၁၂၈ ကစပြီး နွယ်လာခဲ့တဲ့ ရေသောက်မြစ်ကိုကျ လျစ်လျူရှုရစ်နိုင်တာပေါ့လေ။ အစက ငါမရိပ်မိခဲ့ပါဘူး။ အခု သူများလုတော့မယ်ဆိုမှ ငါက ပန်းဝင် ခါနီး ချော်လဲတဲ့အပြေးသမားလိုဖြစ်နေရပြီလေ။

အချစ်ဆိုတာ ဖွင့်မပြောပြပါဘဲ တစ်ယောက်နဲ့တစ်ယောက် အလို



www.burmeseclassic.com

www.burmeseclassic.com



လိုသိနိုင်တာမျိုးမဟုတ်ဘူးလား မိပို။ ရေထဲလွတ်သွားတော့မှ ငါမိတဲ့ ငါးက ကြီးတယ်လို့ထင်နေရင် ငါက လောဘသမားတစ်ဦးပဲဖြစ်တော့မှာ အမှန်ပဲလေ။ နောက်ကျခဲ့ပြီလား သူငယ်ချင်းရယ်။

"ငါ စဉ်းစားပေးမယ်လို့ပဲပြောလိုက်တယ်"

မငြင်းဘူးပေါ့လေ။ ခါးခါးသီးသီးငြင်းလိုက်ရင် ဘာဖြစ်မှာမို့လဲ ငြင်းပယ်နိုင်တဲ့သတ္တိတွေ ပျောက်ကုန်ပြီလား။ အချစ်ဆိုတဲ့အရာကို ဒီလူ နဲ့ဆုံမှ နင်တွေ့ခဲ့ရတာလား။ ဖြစ်နိုင်ပါ့မလားမိပို၊ ကျေးဇူးပြုပြီး နင်ငြင်း ပေးပါနော်။

"ငါက ခေါင်းခါနိုင်းရင်ရော"

"အလင်း. . ."

"လန့်မသွားပါနဲ့။ ငါ ဒီလောက်ထိဝင်ပြီး မစွက်ဖက်ပါဘူး"

နင် ဒီလောက်မျက်နှာပျက်စရာမလိုပါဘူး အလင်းရယ်။ 'ငါ သဘောမတူဘူး။ ဒီလူ့ကို နင်ခေါင်းခါလိုက်ပါ' လို့ပြောလိုက်ရုံနဲ့ ငြီး ပါတယ်။ ငါက မိန်းကလေးပါ။ ကိုယ့်ကိုဖွင့်ပြောလာတဲ့သူကိုပဲ စဉ်း ခွင့်ရှိတာကို နင်သိပါရဲ့လား။

"ငါ သူ့ကိုတောင်းပန်ပေးပါ့မယ်"

"ဘာရယ်"





"အဲဒါ နင့်အတွက်ပါ မိပို။ ငါ့မာနကို ဒီလူ့ခြေဖဝါးအောက်မှာ ချပေးလိုက်ရတာ ငါ့အတွက် ဘယ်လောက်ထိခက်ခဲမလဲဆိုတာ နင်သိ တယ်မဟုတ်လား"

"ငါ့ကိုငဲ့ပြီး နင်ဒီလောက်ထိလုပ်ဖို့မလိုပါဘူး အလင်းရယ်"

"ငါလုပ်သင့်တယ်ယူဆလို့ လုပ်မှာပါမိပို။ ဘာပဲဖြစ်ဖြစ် ချင့်ချိန် စဉ်းစားပြီးမှ နင်လက်ခံပါ။ ငွေကြေးချမ်းသာတာတစ်ခုတည်းနဲ့တော့ နင်ခေါင်းမညိတ်မိပါစေနဲ့။ ငါ စေတနာနဲ့ပြောနေတာပါ မိပို"

"ငါနားလည်ပါတယ်"

ခေါင်းကိုသာ အသာညိတ်လိုက်မိပါ၏။ စေတနာတဲ့။ အဲဒီ နောက်မှာ မေတ္တာဆိုတာ ပါမနေဘူးပေါ့နော်။ ငါအမှန်တကယ်လိုအပ် နေတဲ့မေတ္တာတရားကိုတော့ နင်မပေးချင်ဘူးပေါ့လေ။ ဟုတ်လား. . . အလင်းရယ်။

"တီ! တီ!"

"သမီးရေ့ ပြီးပြီလား။ ဒီမှာ မောင်ထက် လာကြိုနေပြီ"

ဈေးမှ မေမေပြန်လာတာနှင့်များ တိုးလေသလား။ ထမင်းကြော် ငမ်းစားဖြစ်တော့ဘဲ ထမင်းချိုင့်ကိုသာ ထည့်လိုက်တော့၏။ နှစ်ယောက် သားအတူထွက်လာတော့ သူက ကားပေါ်မှဆင်းကာ စောင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် နောက်မကျပါဘူးနော်"

"နောက်ကို လာမကြိုပါနဲ့လား ကိုသန့်၊ တကူးတကကြီးဆိုတော့ အားနာလို့ပါ"

"ဒီလိုပြောဖို့မလိုပါဘူး သဒ္ဒါ"

သူမနောက်မှာကပ်ပါလာသည့်ကောင်လေးကို သူကြည့်လိုက်ပါ၏။ ညကကိစ္စ ခုထိ အစာမကြေသေးတဲ့ပုံလား၊ တကယ်တမ်းနစ်နာရတဲ့လူက သူပါလေ။

"ညကကိစ္စအတွက် ကျွန်တော် လွန်သွားတာကို တောင်းပန်ပါတယ်"

မျက်ခုံးတစ်ဖက်ပင့်သွားရပါ၏။ ဘာသဘောပါလိမ့်၊ ဒီလိုတောင်းပန်မည်ဟု ထင်မထားတာကြောင့် တအံ့တဩဖြစ်သွားရလေသည်။ မင်းတို့နှစ်ယောက် ဘာ plan တွေများချထားကြလဲ လင်းလက်ရေ၊ ကိုယ်က အချဉ်မဟုတ်တာတော့ အသေအချာပါပဲ။

"မိပိုကြောင့်ပါ"

"OK... လေ။ ကိုယ်မေ့ပေးပါ့မယ် လင်းလက်"

"ဒါပေမဲ့ တစ်ခုတော့သတိပေးလိုက်မယ် ကိုသျှမ်းထက်သန့်"

"ဘာများလဲ"





"ခင်ဗျားကြောင့် မိပို မျက်ရည်မကျပါစေနဲ့၊ မိပိုသာ ခံစားရရင် ကျွန်တော်က အသက်ချင်းလဲရရင်တောင် မနေမြောဘူးဆိုတာပါပဲ"

သူ မဲ့ပြုံးပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါ၏။ လက်ကမ်းပေးလိုက်တာကို ကောင်လေးက စိတ်မပါဟန်ဖြင့် ပြန်နှုတ်ဆက်လိုက်လေသည်။ စိမ်ခေါ်ရင် အဆုံးထိပေါ့ လင်းလက်ရယ်။ အချစ်ဟာ စစ်ပွဲလို အနိုင်ရဖို့မလွယ်ကူမှန်း ငါလည်းသိနေပြီးသားပဲ၊ ဒါပေမဲ့ မေတ္တာစစ်မှန်ရင်တော့ သဒ္ဒါရဲ့နှလုံးသားကို ငါပိုင်ပိုင်ကြီးရနိုင်မှာပါလေ။

"ကားပေါ်တက်တော့လေ သဒ္ဒါ"

"ဟုတ်"

ဖွင့်ထားပေးသည့်တံခါးမှတက်ရန် ခြေကိုလှမ်းလိုက်စဉ် အလင်းက သူမလက်မောင်းကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။ နားနားသို့ကပ်ကာ လေသံတိုးတိုးဖြင့် ပြောလိုက်သည့်စကားက သိပ်မကျယ်ပေမယ့် နားသယ်စပ်ကို လာရိုက်လိုက်သည့် ထွက်သက်ငွေ့ငွေ့ကြောင့် ရင်ထဲ ထိတ်ခနဲဖိုသွားရပါသည်။

"အစစ အမြဲသတိနဲ့ဆက်ဆံပါ မိပို"

"အင်းပါ"

"သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကိုလွှတ်ပေးလိုက်ပေမယ့် သူ့ရင်ထဲ ဘဝမကျလှပါချေ။ သူရပ်နေရာကို ကွယ်လိုက်သလိုဖြစ်သွားတာမို့ သဒ္ဒါကိုများ ဒီကောင် နမ်းလိုက်လေသလား။ ကားပေါ်တက်ထိုင်လိုက်သည့် သဒ္ဒါမျက်နှာမှာ ဘာအပြောင်းအလဲမှမရှိတာမို့ ရင်အေးသွားရပါသည်။

နေနှင့်ဦးပေါ့ လင်းလက်ရယ်။ သဒ္ဒါချစ်ခြင်းတွေကို ငါအပိုင်ရတဲ့တစ်နေ့ မင်းရှေ့မှာ မင်းအသည်းဆတ်ဆတ်ခါအောင် ငါလုပ်ပြမယ်မှတ်။

ကားကို back ဆုတ်လျက် ထွက်လာခဲ့ပါ၏။ ကတ္တရာလမ်းမကြီးရောက်တော့မှ ဖြည်းဖြည်းချင်းမောင်းလာခဲ့သည်၊ သူကြိုပို့လုပ်ခွင့်ရသည်နှင့် သဒ္ဒါ၏အလုပ်ချိန်ကို ပြင်ချေပြီ၊ အလုပ်စချိန်ကို နောက်ရွှေ့၊ အလုပ်ဆင်းချိန်ကို ရှေ့ရွှေ့လုပ်တော့ သွန်းရဲ့မျက်စောင်းထိုးချက်တွေက မြားတံတွေနှယ်၊ အချစ်ဟာ မညီမျှခြင်းတွေကို ပေးတတ်တယ်ဆိုရင်တောင်မှ ဒါတွေအားလုံးကို ညီသွားအောင် သူညှိပြလိုက်ချင်တာလေ။

"breakfast...ဘာစားခဲ့လဲ"

"ဟင့်အင်း"

"ကိုယ်လာတာ စောသွားတာကိုး၊ သဒ္ဒါ ဘာစားချင်လဲပြောလေ"

"ဘာမှမစားချင်ပါဘူး"





"တစ်ခုခုစားကြရအောင်လေ၊ ထမင်းကြော်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ကော်ဖီနဲ့မုန့်ပဲ စားချင်လား"

"နေပါစေ. . . ပို, ဆိုင်ကိုပဲ မြန်မြန်ရောက်ချင်ပြီ"

သူ ပြုံးလိုက်မိ၏။ သူဘာတွေစီစဉ်ထားလဲဆိုတာကို သဒ္ဒါမှမသိသေးတာလေ၊ လင်းလက်နဲ့တိုင်ပင်ခွင့်ရသွားရုံနဲ့ ကိုယ့်ကိုအသာလေးရှောင်လို့ရမယ်ထင်မထားပါနဲ့ သဒ္ဒါ၊ ကိုယ်က အသာလေးလှည့်စားလို့ရမယ့် ဆယ်ကျော်သက်ကလေးလေးမဟုတ်တာကို မင်းသိထားပါ။

"မင်း (၁၀)နာရီမှ အလုပ်စဝင်ရမှာ သဒ္ဒါရဲ့"

"ရှင်! "

"ပြန်ရင်တော့ (၇)နာရီပေါ့"

"ဘာတွေလျှောက်လုပ်နေတာလဲ၊ အန်တီနဲ့သွန်း စိတ်တိုအောင်"

"မကျေနပ်လို့ထွက်ဆိုလည်းထွက်ပေါ့ သဒ္ဒါ၊ မင်း bond ထိုးထားတဲ့ (၅)သိန်းကို လျော်ပေးပြီး ကိုယ့် secretary ဝင်လုပ်ရုံပေါ့။ လုပ်ချင်လား. . . ကိုယ့်ကုမ္ပဏီမှာလေ"

"မလုပ်ပါဘူး၊ ဘာလို့လုပ်ရမှာလဲ"

"မင်းအမှုအရာကို ပြင်လိုက်ပါ သဒ္ဒါ၊ လင်းလက်နဲ့ပြောဆိုတိုင်ပင်ခွင့်ရသွားတာနဲ့ ကိုယ့်ကို ဒီလိုလေစိမ်းတွေ မတိုက်ချင်နဲ့၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး''

ကားကို ကော်ဖီဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပြီး ဆင်းလိုက်လေ၏။ တစ်ဖက်ကားတံခါးကိုဆွဲဖွင့်၍ သူမလက်ကိုကိုင်ကာ ဆင်းစေလေသည်။ ခုနကဖြင့် အလင်းနဲ့အလံဖြူပြပြီး စစ်ပြေငြိမ်းကြပြီးတော့ အခု တစ်စခန်း ထလာပြန်ပါရောလား။

လက်ဖျားကိုဆုပ်ကိုင်ထားဆဲမို့ ရုန်းလိုက်ပေမယ့် သူကလွှတ် မပေးချေ။ အခုလေးတင်ပဲ အလင်းသတိပေးလိုက်တာမှ ပူပူနွေးနွေးရှိ သေးတာလေ။ ဒီလူလက်ကလွှတ်အောင် ပို ဘယ်လိုများလုပ်ရပါ့။

''ထိုင်''

ကော်ဖီနှင့်မုန့်တွေကိုမှာလိုက်ပြီး မျက်နှာချင်းဆိုင် တည့်တည့် ကြီးကြည့်နေတာမို့ မျက်လွှာကိုချထားလိုက်မိသည်။ သတိတဲ့။ အမြဲရှိ နေရမယ့်အရာပါပဲ။

''ကိုယ့်ကိုပြုံးပြပါဦးလား သဒ္ဒါ။ မင်းအပြုံးလေးကို အိပ်မက်တွေ ထဲအထိ ကိုယ်စွဲလမ်းသွားရတာအမှန်ပါ''

''. . .''

''ကိုယ်, ညကပဲ ဒက်ဒီတို့မေးလို့ ဖွင့်ပြောလိုက်ရတယ်''

''ဟင်! ''





''ယောက်ျားနှစ်ယောက် လက်ရုံးချင်းယှဉ်ပြီးလုရအောင် သဒ္ဒါပို ဆိုတာ ဘယ်လောက်များလှလို့လဲတဲ့။ မာမီမေးတာကိုဖြေဖို့ ကိုယ့်မှာ အဖြေက အဆင်သင့်ရှိမနေဘူး သဒ္ဒါ။ ဒီတော့ မာမီတို့ရှေ့ကို မင်းလက် ကိုဆွဲပြီး ခေါ်သွားပြဖို့ ကိုယ် ready ဖြစ်ဖို့လိုနေပြီ။ ကိုယ့်မျက်နှာမှာ ဒဏ်ရာရတဲ့အထိ ယှဉ်ပြိုင်ရတဲ့ရလဒ်က ကိုယ့်အတွက် အနိုင်တော့ ဖြစ်သင့်တယ်လို့ ယူဆထားတယ် သဒ္ဒါ''

''ရှင်! ''

''ကိုယ်လေးလေးနက်နက်ပြောနေတာပါ။ မင်းဆီက လက်ခံခြင်း ကိုပဲ ကိုယ်အမြန်ဆုံးလိုချင်နေပြီ သဒ္ဒါ။ ကိုယ့်ကိုပြန်ချစ်ပါ''

ကဲ, ဘယ်လိုလုပ်ရပါ့မလဲ။ ဘယ်လောက်ကြာကြာ စောင့်နိုင်ပါ့ ဘယ်ဆိုတဲ့လူက မိဘတွေကိုဖွင့်ပြောပြီး ပို့ဆီက အဖြေကိုတောင်းချေ ပြီလေ။

အလင်းရယ်! ငါ ဘာများလုပ်ရမလဲဟင်. . .

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ခြံထဲသို့ခေါင်းငိုက်စိုက်ဖြင့်ဝင်လာသည့်သူ့ကို အပေါ်မှ လှမ်းမြင်နေရလေ၏။ ဘာကြောင့်များစိတ်ဓာတ်တွေ ကျလာတာပါလိမ့်။ အမြဲဘက်တက်ကြွကြွနှင့် ဖျတ်လတ်နေသည့်ကောင်လေးက အခုလိုငြိမ်နေတော့ ရင်ထဲမကောင်း။ 'အလင်း'တဲ့။ သဒ္ဒါပိုလိုခေါ်ချင်ပေမယ့် သွန်းခေါ်ရဲ့။ သူ့အထင်တသေးကြည့်မှာကိုလည်း စိုးရိမ်မိသည်လေ။

''မာမီစမ်းသပ်ကြည့်ပြီးပြီ။ စာရိတ္တမှာ အမှတ်ပြည့်ပဲ ကစ်တီ''

မာမီပြောထားတာကိုသတိရ၍ ပြုံးလိုက်မိ၏။ သူလာချိန်နဲ့တိုက်ပြီး ညှော်ခန်းမှာ လက်ဝတ်လက်စားနဲ့ရော၊ ငွေထုပ်ရော၊ တစ်ခါစီထားပြီး စမ်းသပ်သတဲ့လေ။ လက်နဲ့လုံးဝမတို့မထိဘဲနေပြီး မာမီထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်မှာ သိမ်းဖို့မေ့နေလို့ဆိုပြီး သတိပေးတယ်တဲ့။

"ဒီကလေးရဲ့ပုံစံလေးက ဂျစ်ကန်ကန်ဖြစ်နေပေမယ့် လူကြီးမိဘကိုရိုသေတာ၊ ဘယ်သူ့ကိုမဆို ကူညီချင်တဲ့စိတ်က ပေါင်းကြည့်မှသိတာ သမီးရဲ့။ ကျန်ခဲ့တဲ့ Sunday ခေါ်ထားတုန်းက ခြံထဲမှာ ကိုမြိုင်တစ်ယောက်တည်း ပန်းအိုးတွေရွှေ့နေတာကို အမြင်မတော်လို့ဆိုပြီး ဝင်ကူပေးသွားသေးတယ်။ မာမီပြောတဲ့လူဖြောင့်ဆိုတာ ဒီကလေးမှအစစ်ပဲ"

အမှတ်တွေတစ်မှတ်ပြီးတစ်မှတ်ပေးနေသည့်မာမီ့ကို သွန်း ရယ်တော့ မာမီက သွန်းခေါင်းကိုတောင် ခေါက်လိုက်သေးတာလေ။ ဟုတ်လား ကောင်လေး။ စမြင်ဖူးတုန်းကလို သွန်းကိုထိမထင်ပုံစံလေးနဲ့ မထိတရီမပြောတော့ဘူးလားဟင်။ ဘယ်လိုပဲနေနေ မင်းက မင်းပါပဲလေ။

"သမီးရေ. အလက်ရောက်နေပြီဟေ့"

အမယ်! အလက်တဲ့။ မာမီကတော့ လုပ်ချလိုက်ပြန်ပြီ။ သွန်း ဘယ်လိုခေါ်ရမလဲ စဉ်းစားတုန်းရှိသေး။ မာမီက အဖျားဆွတ်ခေါ်လိုက်တာကိုး။ လှေကားမှဆင်းလာတော့ ထိုင်ခုံပုလေးပေါ်မှာ ထုံးစံအတိုင်း မလှုပ်မယှက်နှင့် သူထိုင်နေပြန်လေ၏။ ဒါ လင်းလက်အောင်ရဲ့ style ပဲလား။

"သား ဘာစားလာလဲ၊ အိမ်မှာ ခေါက်ဆွဲကြော်စားကြတယ်လေ





တစ်ခါတည်းဝင်ပြီးစားသွားပါလား။ သမီးလည်း မစားရသေးဘူး"

"နေပါစေ အန်တီ။ ကျွန်တော် အိမ်က စားလာခဲ့ပါတယ်"

"သားရဲ့မိထွေးက သားကိုပြင်ကျွေးလို့လား"

"ဗျာ!"

အလိုလေး! သူ မိထွေးနဲ့နေရတာကို ဒီအိမ်ကလူတွေ ဘယ်လိုများ သိသွားရတာပါလိမ့်။ ရောက်တာနဲ့ထွက်၊ ပြီးတာနဲ့ပြန်ဆိုပြီး ခပ်တန်းတန်းနေ.နေခဲ့တာတောင်မှ သူ့အကြောင်းတွေကိုသိနေတာ အံ့သြစရာလေ။

"ဘာမှမစားဖြစ်ဘူး မဟုတ်လား. လာလေ"

"ရပါတယ် မမသွန်း. . . ကျွန်တော် ဝပ်ရှော့မှာ (၁၁)နာရီဆို ထမင်းစားရပြီခင်ဗျ"

"ဝပ်ရှော့မှာ (၁၂)နာရီခွဲမှ ထမင်းကျွေးတာမဟုတ်လား။ အားနာရမယ့်နေရာမဟုတ်ဘူး။ ကားပြင်တာလည်း ပင်ပန်းတဲ့ဟာပဲ။ ဗိုက်ထဲမှာ အစာရှိနေမှပေါ့။ လာပါ အလက်ရဲ့"

ဟိုက်! အန်တီပါမကာ သွန်းနှင်းခပါ သူ့ကို နာမည်ဆန်းတွေခေါ်နေပါရောလား။ ဘယ်လိုဖြစ်ပြီး ထွင်နေကြတာပါလိမ့်။

"ဩော်. လာပါဆိုနေမှ"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းမှလာဆွဲနေပြီမို့ ထလိုက်လာခဲ့ရ၏။ ညှော်ခန်းမှလွဲ၍ ဒီအိမ်ကြီးထဲကိုမရောက်ဖူးတာမို့ ထမင်းစားခန်းထဲ တောက်လျှောက်ဝင်လာရသည့်အခန်းတွေက အံ့ဩဘနန်းပင်။ ပြည့်စုံတဲ့သူတွေအတွက်ကတော့ ဒီအိမ်က ကျဉ်းတယ်လို့ဆိုကြဦးလေမလား။

"ဒီမှာထိုင်၊ မိစိုး, နင့်အစ်ကိုအတွက် တစ်ပန်းကန်ထည့်လာပေး။ များများလေးနော်"

"ဟုတ်ကဲ့ပါ မမ"

ကြက်သားနိုင်းချင်းနှင့်ခေါက်ဆွဲကြော်ကိုမြင်တော့ မိပိုကိုသတိရလာမိလေ၏။ မိပိုက ခေါက်ဆွဲကြော် သိပ်ကြိုက်တာလေ။ ငါးဖိကိုပါးပါးလှီး၍ sause နှင့်ဆမ်းထားတာကအစ မိပိုအကြိုက်ပေကိုး။

"စားလေ သား။ အိမ်မှာနေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့, ပြေပါတယ်အန်တီ"

"အဆင်မပြေရင် ဒီမှာလာနေလို့ဖြစ်တယ်နော်။ အောက်ထပ်မှာ အခန်းလွတ်တွေ အများကြီးပဲရှိနေတာ။ သား ဘယ်အခန်းပဲနေနေရတာယ်"

"အာ, မဟုတ်တာ"

"သူက ဘယ်နေချင်ပါ့မလဲ မာမီရဲ့။ ပိုနဲ့မှမခွဲနိုင်ဘဲကိုး"





"ဟုတ်လား သား"

"ဒီလိုလည်းမဟုတ်ရပါဘူး အန်တီရယ်"

သားအမိနှစ်ယောက်နှင့် တစ်ဝိုင်းတည်း အတူစားနေရတာမို့ စိတ်ထဲတစ်မျိုးကြီးဖြစ်ရပါ၏။ အခွင့်အရေးယူသလိုများဖြစ်နေပြီလား။ အန်တီတို့မျက်နှာကတော့ ပကတိအေးအေးချမ်းချမ်းပါပဲ၊ မာနကင်းစင်သည့်ပုံရိပ်တွေကို အန်တို့ထံမှာ တွေ့နေရသည်လေ။

"သဒ္ဒါပိုကို ကိုထက် စိတ်ဝင်စားနေတယ်လို့ အန်တို့ကို မြတ်ပြောသေးတယ်။ မြတ်ဆိုတာ ဟိုဘက်ခြံမှာနေတဲ့ ကိုထက်ရဲ့မာမီလေ"

"ဪ, ဟုတ်ကဲ့"

"မြတ်တို့မိသားစုလည်း အန်တီတို့လို အဆင့်အတန်းမခွဲ ဆက်ဆံတတ်တာ သားရဲ့။ သဒ္ဒါပိုအတွက်တော့ စိတ်ပူစရာဘာမှမရှိဘူးလေ။ အန်တီလည်း အိမ်ကသမီးအတွက်ပဲ ပူနေရတာ"

"မာမီနော်"

"ဟုတ်တယ်လေ၊ မတော်တရော်မျိုးတွေနဲ့တွေ့ရင် ဘယ့်နှယ့်လုပ်မလဲ"

ခေါက်ဆွဲက လည်ချောင်းဝမှာ နင်သွားရပါ၏။ သူ့ကိုမယုံလို့များအခုလိုပြောလေသလား။ သူ့ဘက်က သွန်းနှင်းခအပေါ် ဒီနေ့ထိ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



စွာဆက်ဆံပြောဆိုတာ သူ့အသိဆုံးပါလေ။ သူ့စိတ်ကို ချုပ်ကိုင်နိုင်စွမ်း ရှိသူဆို၍ မိပိုတစ်ယောက်သာရှိတာပါ။

"သားရော ချစ်ရမယ့်သူ တွေ့နေပြီလား"

"ဗျာ! "

ဟောဗျာ! မေးခွန်းက တစ်မျိုးလှည့်မေးပြန်ပါရောလား။ အခုမှ ခက်ခဲတဲ့မေးခွန်းတွေကို ဖြေရမည့်ကျောင်းသားလိုအဖြစ်မျိုးနဲ့ ကြုံနေ ရပြီလေ။ ဘာသဘောနဲ့များလဲ အန်တီ။

"မာမီကသာ မေးနေ။ အလက်က ပို့ကိုသိပ်အူတိုတာ မာမီရဲ့ လျှမ်းနဲ့ခုထိမတည့်ကြတာတာပဲကြည့်။ လျှမ်းကလည်း သဒ္ဒါပို့ကို သည်း သည်းလှုပ်ချစ်ရှာတာလေ"

ဘာသည်းသည်းလှုပ်ရမှာလဲ။ သူ မိပိုကိုချစ်တာလောက် ဖြေ ဖျား မပြောနဲ့။ ခြေမှုန်တောင် မှီမှာမဟုတ်တာကို။ တွေ့တာမှ လပိုင်း လေးရှိသေးတာ၊ ဒင်းက မိပိုကိုမှမရရင် ကမ္ဘာမကျေဆိုပြီး စိမ်ခေါ်နေ သေးတာလေ။

"ဟုတ်လား သား"

"ဟိုလေ, မိပိုနဲ့ကျွန်တော်က လည်ပင်းဖက်ကြီးလာတဲ့သူငယ် ချင်းဆိုတော့ သံယောဇဉ်ပိုတာပါ အန်တီ။ အဲဒီလိုကြီး ကဖျက်ယဖျက်





လုပ်နေတာတော့ မဟုတ်ရပါဘူး"

"သဒ္ဒါပိုကလည်း မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းနဲ့ ပြည့်တဲ့ကလေးပေကိုး။ အန်တီတို့တောင်မှ မြင်မြင်ချင်းချစ်မိသေးတာ။ သားရော. . ."

သူ အစာနင်သွားရပါ၏။ သွန်းနှင်းခက ရေဖန်ခွက် လှမ်းပေး လိုက်တာမို့ အမြန်သောက်ရင်း မျိုချလိုက်ရပါသည်။ လိုက်များအစ်နေ တာလား။ မိပိုကို သူချစ်နေတာကိုသိတော့ရော အန်တီတို့ ဘာများလုပ် ပေးနိုင်လို့လဲ။ ခက်ပါတယ် မိပိုရယ်။

"ပြီးရင် သွားစို့လေ"

"ဟုတ်ကဲ့, ကျွန်တော့်ကိုခွင့်ပြုပါဦး အန်တီ"

"အေးအေး. . . သား"

အိမ်ထဲမှမပြေးရုံတမယ် ထွက်လာသည့်သူ့ကိုကြည့်ရင်း သက်မ ချလိုက်မိ၏။ ပြောမထွက်ရဲတာပဲရှိမှာပါ။ သူ့မျက်လုံးကို ကြည့်လိုက် တာနဲ့က သဒ္ဒါပိုရဲ့အပေါ်မှာ ဘယ်လောက်ထိသံယောဇဉ်ကြီးပြီး မြတ် နိုးနေသလဲဆိုတာကို သိသာစေသည်ပဲ။

ရှင်ကမှ ကံကောင်းပါသေးတယ် အလက်ရယ်။ ဘာပဲဖြစ်ဖြစ် ကြိုးစားခွင့်ရနိုင်သေးတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်သတ်ချစ်ရတဲ့အချစ်က ရင်မောစရာကြီးနော်"

"ဗျာ!"

ဟိုက်! ဒီနေ့မှ ထူးထူးဆန်းဆန်းတွေချည်း ဆက်တိုက်ကြားနေရတာပါလား။ ဘေးမှာထိုင်လိုက်လာရင်း ညည်းသလိုလေး ရေရွတ်လိုက်တာကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။ သွန်းနှင်းခရဲ့မျက်နှာလေး နွမ်းနေတာ သိသာလွန်းသည်ပဲ။

"သွန်းပြောတာ မှားနေလို့လား အလက်ရဲ့"

"အင်း၊ မမှားပါဘူး"

"ရှင်က အတော်နေနိုင်တဲ့လူပဲ၊ ကိုယ်က အနီးဆုံးမှာရှိနေပါလျက်နဲ့ အရင်ဆုံးဖွင့်မပြောရတယ်လို့"

"သူစိတ်ဆိုးမှာစိုးလို့ပါ မမသွန်းရယ်။ ပြီးတော့ ကျွန်တော့်မှာက ပိုင်ဆိုင်မှုဆိုလို့ ဗလာပဲရှိတာမို့ပါ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ချစ်သူကို တင့်တင့်တယ်တယ်နဲ့ မြင့်မြင့်မားမားထားချင်ကြမှာပဲ၊ ကျွန်တော်လည်း အဲဒီလိုပဲ မိပိုကို လက်ရှိဘဝထက် ပိုမြင့်မြင့်မှာရှိစေချင်လို့ ပြောမထွက်ခဲ့တာပါ"

"အချစ်မှာ အဲဒါတွေမလိုပါဘူး အလက်ရယ်။ အချစ်လို့ပဲ ... လေးတွေးကြည့်ပါ။ ချစ်ခြင်းသာတူညီရင် ကျန်တဲ့ပကာသနတွေက ...





မှ အသုံးမဝင်တော့တဲ့ အပရိကတွေသာ ဖြစ်သွားမှာလေ။ ရှင်က ကံကောင်းပါတယ်။ ရှင်ချစ်တဲ့မိန်းကလေးကို ဖွင့်ပြောခွင့်ရှိပါသေးတယ်။ သွန်းမှာသာ. . ."

ဘုရားရေ! သွန်းနှင်းခ ဘယ်သူ့ကိုများ ချစ်နေတာပါလိမ့်။ အနီးစပ်ဆုံးဆို၍ လျှမ်းထက်သန့်တစ်ဦးသာ ရှိနေတာလေ။ ဒါဆိုရင်တော့ လောကကြီးမတရားဘူးဗျာ။ သွန်းနှင်းခရဲ့ချစ်ခြင်းတွေကို ဥပေက္ခာပြုပြီး သူ့မိပိုကိုမှ လာချစ်ရတယ်လို့ လျှမ်းထက်သန့်ရယ်။

"ခင်ဗျား. . . ခင်ဗျား. . . ဟိုလူ့ကိုများ"

"တော်တော့၊ ဆက်မပြောနဲ့"

"ဒီလူ တော်တော်မတရားဘူးဗျာ"

"အချစ်မှာ တရားတယ်၊ မတရားဘူးရယ်လို့ မရှိဘူး အလက်ရဲ့။ ဒီလူကိုတော့ချစ်ပါ။ သူ့ကိုမချစ်ရဘူးလို့လည်း အမိန့်တွေပေးလို့ မရဘူး။ သူ့စိတ်နဲ့သူ ရွေးချယ်ခွင့်ရှိတာကို ရှင်နားလည်မှာပေါ့"

"ဒါပေမဲ့ဗျာ"

"စိတ်လျှော့လိုက်တော့၊ ဖွင့်ပြောမှ အချစ်ပီသတာမဟုတ်သလို မျိုသိပ်ပြီးချစ်နေရင်လည်း အုံပုန်းချစ်လို့အမည်တပ်နိုင်တယ်"

သူ မချိပြုံးပြုံးလိုက်မိပါ၏။ သွန်းနှင်းခက စိတ်ကိုဖြေလွယ်



www.burmeseclassic.com

www.burmeseclassic.com



သားပဲလေ။ သူလိုတနုံ့နုံ့နဲ့ခံစားပြီး စိတ်ညစ်နေတဲ့ပုံလည်း မပေါ်ပါ
ချေ။ ယောကျ်ားလေးနဲ့မိန်းကလေးရဲ့ကွာဟချက်ပဲလား။

"ဒါဆို ကျွန်တော်တို့နှစ်ယောက်က အုံ့ပုန်းချစ်တဲ့လူတွေပေါ့လေ"

"ဒါပေါ့"

ရယ်သံက ခြောက်ကပ်ကပ်ရယ်သာ။

ဆိုင်ရှေ့မှာ ကားကို parking ထိုးပြီး ရပ်လိုက်ပါသည်။ သွန်းနှင်းခက Cream - puff ဘူးဖွင့်ကာ ထပ်သုတ်လိုက်လေ၏။ အပူရှိန်ကို ဟန်လုပ်တယ်ဆိုတော ဒါကိုပဲပြောတာပဲထင်ပါရဲ့။

"လာလေ၊ ဆိုင်ထဲလိုက်လည်ပါလား တစ်ခါတလေပေါ့"

"နေပါစေ"

"ဘာနေပါစေလဲ။ လာပါ, ရောက်ဖူးတယ်ရှိအောင်ပါ"

လက်မောင်းကိုလှမ်းပုတ်ပြီး ခေါ်နေပြီမို့ သော့ဖြုတ်လျက် ဆင်းလိုက်ရတော့သည်။ ဆိုင်ထဲဝင်တော့ သွန်းနှင်းခ၏လက်က သူ့လက်မောင်းကိုကိုင်၍ ဝင်လာလေ၏။ ထောင့်ဆုံးကောင်တာဆီ လျှောက်လာစဉ် အပြုံးလေးနှင့်ကြိုလိုက်သည့်မိပိုကို မြင်လိုက်ရပါသည်။

"ပိုရေ, ဒီမှာဘယ်သူလဲကြည့်ပါဦး"

ပြုံးနေသည့်မျက်နှာလေး၏အကြည့်တို့က သူ့လက်မောင်းဆီ





ရောက်သွားစဉ် အပြုံးရပ်သွားရလေသည်။

ကြည့်စမ်း! သွန်းက ဘာသဘောနဲ့များ အလင်းရဲ့လက်ကိုကိုင်ထားရတာပါလိမ့်။ အလင်းကလည်း မငြင်းဘဲ ငြိမ်နေရတာယ်လို့။

"ဒီမှာ ပိုလုပ်တာပဲ လကျော်နေပြီ၊ အလက်က တစ်ခါမှဆိုင်ထဲမဝင်လာဖူးလို့ အလည်ခေါ်ခဲ့တာလေ။ ပစ္စည်းလေးတွေ လှတယ်မဟုတ်လား"

ဘုရားရေ! အလက်တဲ့လား. . .

အခေါ်အဝေါ်တွေတောင် ပြောင်းကုန်ပါရောလား။ နှစ်ယောက်စလုံး ဘယ်အခြေအနေ၊ ဘယ်အဆင့်ထိရောက်အောင်များ အလင်းမန်တီးလိုက်ပါသလဲ။ နေ့ချင်းညချင်း အခြေအနေတွေပြောင်းကုန်တာလေ။

"အလက်က ဘာမျိုးကြိုက်တာလဲ"

မုန့်ပုံးထဲငုံ့ကြည့်ရင်း မေးလိုက်သည်သွန်းကိုမကြည့်ဘဲ ပို့ထံရောက်လာသည့်အလင်းရဲ့မျက်လုံးတို့နှင့် အကြည့်ချင်းဆုံသွားရပါ၏။

နင်ဘာသဘောလဲ အလင်းရယ်. . .

"မနက်က ဘာစားပြီးပြီလဲ"

"ကော်ဖီနဲ့မုန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲ မှာပြီးစားတာလား"

"မဟုတ်ဘူး၊ သူဝယ်ကျွေးတာ"

'သူ'ဆိုတော့ အလင်းမျက်နှာက ကွက်ခနဲပျက်သွားပါ၏။ နင်နဲ့ သွန်းကို ငါသံသယမဝင်စေချင်ရင် ခုလိုတွဲမလာနဲ့ပေါ့ အလင်းရယ်။ သွန်းကိုတွဲဖို့ဆုံးဖြတ်တဲ့အထိမှာ နင့်ရင်ဘတ်ထဲက အချစ်တွေမပါနိုင်ဘူးဆိုတာတော့ ငါသိနေပါတယ်။

မနက်ကပဲ ပြောခဲ့မိတာတွေကို နင်အမှတ်ထားပြီး တွဲခုတ်ပြလိုက်တာလား။ ဘာပဲဖြစ်ဖြစ် နင်က ယောကျ်ားလေးမို့ ငါ့ထက် အခွင့်အရေးသာပါတယ် အလင်းရယ်။

"ငါသွားတော့မယ် မိပို"

"အင်း"

"ညဦးနက်တဲ့အထိ သူနဲ့လျှောက်မသွားမိစေနဲ့ဦး"

"အင်းပါ"

ခေါင်းကိုလှမ်းပုတ်၍ ပြောလိုက်တာကြောင့် ကျေနပ်သွားရပါ၏။ ဒီလိုအပြုအမူလေးတွေက မကြာခင် ရပ်တန့်တော့မှာလား အလင်းရယ်။ သွန်းရှေ့မှာ ငါ့အပေါ်တရင်းတနှီးနဲ့ ဆက်ဆံမှုမျိုး နင်လုပ်ပြရဲပါတော့မလား။





နင်နဲ့ငါက (၅၂၈)ဆိုတဲ့ သူငယ်ချင်းအဖြစ်နဲ့ ဒီအဆင့်မှာ ရပ်တန့်နေရတာမှန်ရင် နင့်ရင်ဘတ်ထဲက( ၁၅၀၀)ကို ဘယ်သူကများ ပိုင်ဆိုင်ခွင့်ရမှာပါလိမ့်။

ဩော်, အလင်းရယ်. . .

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"အလက်ကို သမီးဘယ်လိုသဘောရလဲ"

"ဘာကိုလဲ မာမီရဲ့"

"ရွေးချယ်မှုအတွက်"

"ဘယ်လို! သွန်းရဲ့ရွေးချယ်မှု၊ ဟုတ်လားမာမီ"

မာမီက ခေါင်းညိတ်ပြလေ၏။

ဘုရားရေ! မာမို့ရဲ့ အလက်အပေါ်ထားတဲ့ ယုံကြည်မှုအရှိန်က ဘယ်အထိတောင်မှမြင့်နေပြီလဲ။ တစ်ရက်ထက်တစ်ရက် ပြုံးပျော်လာသည့် အလက်ရဲ့မျက်နှာ၊ ပိတ်ရက်တိုင်း တခြားမလည်ဖြစ်ဘဲ အိမ်ကိုလာပြီး အလုပ်တွေဝိုင်းကူပေးလေ့ရှိသည့်စိတ်၊ ဒါတွေဟာ မာမို့ရဲ့ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကို ဖြည့်ဆည်းပြည့်ဝစေသည်ကိုး။

"ဟုတ်တယ်၊ မာမီ့သဘောကတော့ သမီးကို အလက်နဲ့သဘော တူတယ်ဆိုတာပဲ"

"အာ. . . မာမီကလည်း"

"တကယ်ပြောနေတာ ကစ်တီရဲ့။ အလက်ဟာ မာမီ့ဩဇာကို နာခံမယ့်ကလေး။ သမီးကို ကူညီဖေးမပေးနိုင်မယ့်သူမျိုးပါ။ မာမီ့သမီး ကို နိုင်စားမယ့်ယောကျ်ားမျိုးနဲ့ သမက်တော်ရမှာ မာမီအကြောက်ဆုံး ပဲ ကစ်တီ။ စီးပွားရေးအရ မာမီတို့မှာ ခိုင်မာမှုရှိနေပြီးသားပါ။ ဒီ့ထက် ပိုကြီးပွားဖို့လည်း လောဘတကြီးရှာမနေချင်တော့ပါဘူး။ အဓိက,က မာမီ့သမီးကို ကြင်ကြင်နာနာနဲ့ ဖေးမချစ်ခင်နိုင်တဲ့ဒီလိုကလေးမျိုးနဲ့ ပဲ ဆုံစေချင်တယ်။ အဲဒါ မာမီ့ဆုံးဖြတ်ချက်ပဲ ကစ်တီ"

ပြောတော့ဖြင့် လွယ်လိုက်တာနော်။ ဖူးစာတွေရေစက်တွေကို မာမီ ဘယ်ချောင်မှာ သွားထားလိုက်ပြီလဲ။ သွန်းရင်ထဲမှာရှိနေတာက လျှမ်းဖြစ်နေသလို အလက်ရဲ့ရင်ထဲမှာ ရှိနေတာက သန္တာပိုရယ်'ါ။ ဒီ အချစ်တွေ ကိုယ်စီရှိနေပါလျက်နဲ့ သွန်းတဲ့၊ ချစ်တဲ့သူတွေနဲ့ အသီးသီး ဆုံဆည်းစရာမရှိနိုင်တော့ဘူးလား မာမီ။

မာမီပြောသလိုမျိုး အလက်ကရော သွန်းကို လွယ်လင့်တကူ





လက်ခံလိမ့်မယ် ထင်နေလား။ သန္တာပိုကိုကြည့်တဲ့ အလက်ရဲ့မျက်ဝန်း တွေကို မာမီမှမတွေ့ဖူးတာလေ။ ဟုတ်တယ် မာမီ။ အဲဒီမျက်ဝန်းတွေ မှာ ကြင်နာမှုယုယမှုဆိုတဲ့အရာတွေ အများကြီးပျော်ဝင်နေတာ အမှန် ပါလေ။ ဒါတွေကို မာမီသိပါရဲ့လား။

သန္တာပို့ခေါင်းလေးကို လှမ်းအုပ်ကိုင်လိုက်တဲ့အလက်ရဲ့လက်တွေ က ဘယ်လောက်များ နွေးထွေးနေမှာပါလိမ့်။ ညီမလေးဆိုတာရဲ့ တစ် ဖက်ကမ်းအလွန်ချစ်ခြင်းများစွာနဲ့ လက်ဖျားကတစ်ဆင့် စီးမျောသွားမှာ ကို သွန်းသိနေပါတယ်။ အဲဒါကို သန္တာပိုကိုယ်တိုင်လည်း သိနေမှာပါ။

သွန်းမှာ ရွေးချယ်ခွင့်မရှိဘူး မာမီ၊ ကိုယ်ချစ်နေမိတဲ့သူက ကိုယ့် ကိုအသိအမှတ်မပြုတာလေ။ ဒါဆို သန္တာပိုကရော၊ ဟုတ်တယ်, သူ့ဘေး မှာရှိနေတဲ့ ယောကျ်ားလေးနှစ်ယောက်ထဲက တစ်ယောက်ကို သူ့ စိတ် ကြိုက်ရွေးချယ်ခွင့်ရမှာလေ။

အချစ်ဆိုတာနဲ့ပဲ နှုးညံ့သိမ်မွေ့စွာရွေးလေမလား. . . သို့တည်း မဟုတ် ဘဝနဲ့သက်ဆိုင်နေတာမို့ ဦးနှောက်ကိုသုံးပြီး ခေါင်းညိတ်လိုက် လေမလား. . . တစ်ခုခုကိုတော့ သန္တာပို ရွေးလိမ့်မည်သာ။

"မာမီပြောသလိုဆိုရင် ဖူးစာဆိုတာကို ဘယ်နေရာ သွားထား မှာလဲ မာမီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကြီးမှာ ဖူးစာမလိုပါဘူးသမီးရယ်။ ဦးရာလူရစတမ်းပါ"

မာမီ့စကားကြောင့် သွန်း မအောင့်နိုင်တော့ဘဲ ရယ်လိုက်မိလေ၏။ အပေါ်ထပ်ဧည့်ခန်းမှာမို့ သားအမိနှစ်ယောက်သား လွတ်လပ်စွာ ပြောနေတာလေ။

"ဟဲ့! ရယ်မနေနဲ့လေ၊ အတည်ပြောနေတာ။ မာမီပြောနေတာ သမီးအတွက်ချည်းပဲနော်"

"ဩော်. သမီးဘက်က နစ်နာရမှာကျ မာမီက ထည့်မတွက်ဘူးလား။ ကိုယ့်သမီးကို သူစိမ်းလက်ထဲ ဝကွက်အပ်ချင်နေတာ၊ သွန်းက ဟင်းရွက်ကန်ဇွန်းမှမဟုတ်တဲ့ဟာကို"

"ဘဝနဲ့သက်ဆိုင်တဲ့အတွက် အများကြီးစဉ်းစားရမှာပေါ့ သမီးရယ်။ အလက်ဟာ မီးခဲပြာဖုံးကလေးတစ်ယောက်ပါ။ သူ့ကိုတင်ရင် တင်သလောက် မြင့်လာမှာအမှန်ပဲ။ 'ကြေး' ဆိုတာ ဒီတိုင်းထားရင် သူ့အလိုလိုမဲပြီး အရောင်ပျောက်နေမှာပေါ့။ ကိုယ်လိုသလိုသာ တိုက်ချွတ်လိုက်ရင် ရွှေလိုအရောင်တောက်ပလာလိမ့်မယ်။ မယုံရင် စောင့်ကြည့်ချေ"

"အလက်က 'ကြေး' ဆိုရင် သွန်းက ဘာလဲ မာမီ"

"အခေါက်ရွှေလေ"





"ဟာဟ! မာမီ ဟာသပြောတာပဲ"

"မလှောင်ပါနဲ့အေ။ ညည်းချည်း အပြားခတ်လို့ ဘာမှဖြစ်မလာဘူး မိရွှေသွန်းရဲ့။ ရွှေဆိုတာ 'ကြေး' နဲ့လိုသလောက်ရောတတ်မှ ကိုယ်ပုံသွင်းလို့ရမယ့်ရတနာဖြစ်လာတာ။ မယုံမရှိနဲ့ ကစ်တီ"

သိပ်လှတဲ့နှိုင်းယှဉ်ချက်လေးပါပဲလား။ သွန်းတောင် တစ်ခါမှဒီလိုမတွေးခဲ့မိတာလေ။ အလက်က 'ကြေး' တဲ့လား။ ဒါဆို သူ့ချည်းသက်သက်လည်း သူ့တန်ဖိုးနဲ့သူ ရှိနေမှာပေါ့နော်။ ရွှေနဲ့သာရောလိုက်ရင် ပိုတန်ဖိုးမြင့်တဲ့နေရာကို ရောက်သွားမှာအမှန်ပါပဲ။ အလက်ရေ ဒီလိုစကားတွေသာကြားရင် ရှင့်မျက်နှာ ဘယ်လောက်တောင်များ ရဲလိုက်မလဲနော်။

♥

"မေမေမေးတာကိုဖြေလေ သမီးရဲ့။ ဒါ ရက်စရာလား"

"မေမေ့မေးခွန်းကြီးက ပိုအရှက်ရစရာဖြစ်နေတာကိုးလို့"

"ဖြစ်စရာလား သမီးရဲ့။ မေမေမေးတာ ရှင်းရှင်းလေးပါ"

ဟုတ်တာပေါ့။ မေမေ့အတွက်ကတော့ ရှင်းတာပေါ့လေ။ 'မောင်သက်နဲ့သမီးကဘာလဲ' ဆိုတာလောက် ရှင်းတာမရှိတော့ဘူး။ ပို့မှာသာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြေရမှန်းမသိဘဲ အကျပ်ရိုက်နေရတာလေ။ သူ့ဘက်က သေချာနေပေမယ့် ပိုက အဖြေပေးဖို့ တွေဝေနေရတဲ့သူပါ။ ခေါင်းညိတ်ရမှာလား။ ဒါမှမဟုတ် ခေါင်းခါရမှာလားဆိုတာကို ခုချိန်ထိ ပို ဆုံးဖြတ်လို့မှမရသေးတာပဲ။

"ဟိုလေ. ကိုသန့်ကတော့ ပို့ကိုဖွင့်ပြောထားတယ် မေမေရဲ့"

"အဲဒီတော့"

"ပိုကတော့ စဉ်းစားဦးမယ်လို့ပဲ ပြောထားပါတယ်"

"စဉ်းစားဦးမယ်ဆိုတာ သူ့အတွက် အဖြေတစ်ဝက်ရသွားတာပဲလေ သမီးရဲ့"

"ရှင်!"

"ဟုတ်တယ်လေ။ ကိုယ်မနှစ်သက်တဲ့သူကို ခေါင်းခါလိုက်ရုံပဲရှိမှာပေါ့။ အခု သမီးက စဉ်းစားဦးမယ်လို့ပြောလိုက်ကတည်းက သူ့ကိုလက်ခံဖို့ တစ်ဝက်သေချာနေပြီပဲ"

ဘုရားရေ! ဒါကို ပိုဘာကြောင့် မတွေးခဲ့မိပါလိမ့်။ အလင်းကိုချစ်တယ်လို့ပြောလိုက်တော့ သူပေါက်ကွဲခဲ့တာ။ တစ်ဖွတ်ထိုးဉာဉ်နှင့်လုပ်ချင်ရာလုပ်တော့မှာမို့ ဖြေသိမ့်ပေးခဲ့ရတာ။ ဒါတွေဟာ ဒီလိုဖြစ်လာဖို့ အစပျိုးတာမှန်း ပို နားမလည်ခဲ့ရိုးအမှန်ပါလေ။





'ချစ်တယ်'ဆိုတာကို ယောကျ်ားလေးအများစု လွယ်လင့်တကူ ပြောထွက်ခဲ့ပါလျက် အလင်းနှုတ်မှ ဘာကြောင့် ထွက်မလာတာပါလဲ။

'မိပို နင့်ကို ငါချစ်ခဲ့တာကြာပါပြီ'လို့ ရိုးရိုးရှင်းရှင်းပဲ ပြောလိုက်ရုံပါ အလင်းရယ်။ ငါတို့နှစ်ယောက်ကြားမှာ ဘာကိုမှ ဖုံးကွယ်သိုဝှက်ထားစရာတွေ မလိုအပ်ပါဘူး။

ကိုသန့်နဲ့အတူတွဲတွေ့လိုက်ရတိုင်း နင်မျက်နှာ ကွက်ခနဲပျက်ပျက်သွားတာကို မြင်နေရပါလျက် နင် ဘာကြောင့် မျိုသိပ်နိုင်စွမ်းရှိနေရတာလဲ။

(၅၂၈)ကနေ (၁၅၀၀)ကိုပြောင်းဖို့ အလွယ်လေးပါကွယ်။ ဘာမှ သိပ်မကြာသေးတဲ့ကာလအတောအတွင်းလေးမှာ ပို့နားကို ရောက်လာတဲ့ ကိုသန့်က အရင်ဦးဆုံးဖွင့်ပြောခဲ့တာ ဘယ်လောက်များ မြန်ဆန်လိုက်ပါသလဲ။

'ဥယျာဉ်မှူး ပန်းမခူးရ'ဆိုတဲ့ဆောင်ပုဒ်ကိုများ နင် လက်ကိုင်ထားတာလားဟင်။ နင်အရိပ်တကြည့်ကြည့်ရှိခဲ့တဲ့ပန်းပွင့်လေးကို အလှကြည့်ရုံသက်သက်ပဲထားခဲ့တာလား။ ဘယ်လိပ်ပြာပဲလာနားနား၊ နင် ဒီအတိုင်း မုဒိတာပွားပြီး နေစိမ့်နိုင်တယ်ပေါ့လေ။

'သဝန်တိုတာအချစ်'တဲ့။ အချစ်စစ်မှန်ရင် ဝန်တိုမှုတွေဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆို။

ငါ့အနားကို ဘယ်ကောင်လေးမှ အကပ်မခံရလေအောင် စောင့်ရှောက်ခဲ့တဲ့ကောင်လေးက. . .'လျှမ်းထက်သန့်'ဆိုတဲ့လူတစ်ယောက် ရောက်လာတာကိုတော့ ဂရုတစိုက်နဲ့ မတားမြစ်ခဲ့တာ ဘာကြောင့်လဲ။

အချစ်ဆိုတာ ဘဝနဲ့သက်ဆိုင်တဲ့အရာလားဟင်။ ဒါဆိုရင်တော့ ပို့လိုမိန်းကလေးက ဘဝနဲ့ချီပြီး ရွေးချယ်မှုပြုလုပ်ရတော့မှာအမှန်ပဲ လိုအပ်ချက်ဆိုတာကို ဘာလဲလို့ နင်မေးဖူးလားဟင်။

ချိန်ခွင်လျှာနဲ့ ချိန်စက်ရင်တောင်မှ ငါ့သံယောဇဉ်က နင့်ဘက်ကို တစ်ဖက်စောင်းနင်းကြီး သက်ရောက်နေမှာအမှန်ပါအလင်း။ ဒါပေမဲ့ နင်က အဲဒီတစ်ဖက်မှာ ဘာကိုမှမထည့်ခဲ့တာဘဲ။

အချစ်ဟာ ရယူခြင်းလို့ နင် မယူဆမသတ်မှတ်ခဲ့ဘူးထင်ပါရဲ့ ဘဝတူတွေဖြစ်ပါလျက် အနာဂတ်ကိုဆက်လှမ်းဖို့ ခွန်အားဆိုတာ ... နှစ်ဦးလက်တွဲလိုက်ရုံနဲ့ အလိုလိုပြည့်လာမယ့်အရာပါ လင်းလက်အောင် သို့သော် ပို့ကိုချိတ်ဆက်မယ့်လက်က ကမ်းမလာခဲ့ဘူးလေ။

ရင်နာတယ်ဆိုတာ သန္တါပိုအတွက် အဆုံးမဲ့ပါပဲကွယ်။ ငါ့ဘက် က အမူအရာနဲ့ဘယ်လောက်ပဲပြခဲ့ပြခဲ့ နင်ကမှမမြင်တတ်ခဲ့တာပဲ ... တော့ နင့်ဆီလှမ်းချင်နေတဲ့ငါ့ခြေလှမ်းတွေကို ဒီနေရာမှာပဲ ရပ်လိုက်...





အကောင်းဆုံးလို့ ငါယူဆတယ်လေ။ ဒါကို နင်နားလည်နိုင်ပါလေစ။

"ပို သူ့ကိုခေါင်းမညိတ်မိသေးပါဘူး မေမေရဲ့"

"အချိန်တန်ရင်တော့ ညိတ်လိုက်ပါသမီးရယ်"

"ဟင်!"

"မေမေတို့မိန်းမသားတွေအတွက် အချစ်ဆိုတာ အရေးပါတဲ့ အရာတစ်ခုမဟုတ်ပါဘူး။ ဘဝနဲ့ယှဉ်ကြည့်ရင် အဲဒီအရာက သေးသေး မွှန်မွှန်လေးပါ သမီး။ သူ့ဘက်က မေတ္တာစစ်မှန်ရင် သမီးရဲ့ရွေးချယ်မှု ဟာ ဘယ်နည်းနဲ့မှ မှားစရာအကြောင်းမရှိပါဘူး"

ဘယ်လိုပြောလိုက်တာပါလိမ့်၊ အချစ်က အရေးမကြီးဘူးတဲ့လား။ ပို့လိုအရွယ်ငယ်ငယ်လေးအတွက် အဲဒီအချစ်က အရေးမပါဘူးတဲ့လား မေမေ၊ ရင်ခုန်ခွင့်ဆိုတာကို ဒီအရွယ်မှာမှ မခံစားရရင် ဘာလုပ်တော့ မှာလဲ။

တစ်သက်မှာ တစ်ခါလေးဖြစ်ဖြစ်တော့ ချစ်ပါရစေ. . .

ရင်ခုန်ခံစားပါရစေလား. . .

"သမီး တွေဝေနေတယ်ဆိုတာကို မေမေသိပါတယ်"

"မေမေ"

"နှုတ်က ဖွင့်မပြောပေမယ့် သမီးရင်ထဲမှာ ဘယ်လိုခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာကိုပေါ့။ ဒီမှာသမီး. . . သံယောဇဉ်နဲ့နှလုံးသားကို မရော ယှက်မိပါစေနဲ့။ အလင်းကို သမီးချစ်နေတယ်လို့ထင်နေတာဟာ ငယ် သံယောဇဉ်ကြောင့်ပါ။ သူ မိတွေးနဲ့နေရတာ၊ အဆင်မပြေအမြဲဖြစ်တာ၊ စေတနာထားမိတာ၊ သနားမိတာတွေကို အချစ်လို့ သမီးထင်နေတာ မဟုတ်လား။ ဘဝတူအဆင့်မို့ ဖေးမကူညီချင်တာကို မေမေ မတားဆီး ပါဘူး။ ဒါပေမဲ့ အဲဒီသံယောဇဉ်လောက်နဲ့တော့ သမီးတို့ဘဝကို လက် တွဲဖြစ်မှာမဟုတ်ဘူးလို့ မေမေထင်တယ်။ ဒီတော့ သမီးရွေးချယ်မယ့် ဘဝကို တွေဝေတုံ့ဆိုင်းမှုကင်းကင်းနဲ့ ရှာပါလို့ပဲပြောချင်ပါတယ်''

မေမေက ပို့ကျောပြင်လေးကို အသာပွတ်သပ်၍ အခန်းထဲမှ ထွက်သွားလေ၏။ ကုတင်ထက်မှေ့ရာပေါ်သို့ တစ်ကိုယ်လုံးကို မှောက် လှဲချလိုက်မိသည်။

ရင်မောလေစွ အလင်းရယ်. . .

ညဘက်လရောင်မှုန်မှုန်အောက်မှာ မျက်ရည်ကျိတ်ကျနေတဲ့ ကောင်မလေးတစ်ယောက်ရှိနေတာကို နင်သိပါရဲ့လား။ ကယ်သူမဲ့တွင်း ကြီးထဲ လှောင်ပိတ်နေတဲ့ ငါ့စိတ်တွေကို ထွက်ပေါက်ရဖို့ နင်မဖွင့်ပေး နိုင်တော့လောက်အောင် နင့်အသည်းမာလွန်းနေတာ အမှန်ပေါ့လေ။

လမ်းထိပ်အုတ်ခုံမှ ကောင်လေးတစ်သိုက်၏ဂစ်တာသံက တီတ





တခိုးငိုရှိုက်နေသည့် ပို့အသံကို တစ်ခဏချင်း ဖုံးလွှမ်းသွားလေသည်။

"ခုက္ခမိုးစက်အောက် × × × ငါ့အတွက် မလျှောက်နဲ့တော့ × × × သွားလိုက်ပါ ကျောခိုင်းတော့ × × × ပျော်စရာတွေမရှိဘူး × × ×

အချစ်တစ်ခုနဲ့ရောနှော × × × ဘဝကိုမဖြတ်နဲ့တော့ × × × သွား လိုက်ပါ လမ်းခွဲတော့ × × × ငါမငြိုငြင်ပါဘူး × × ×

ကံကြမ္မာမုန်တိုင်းတစ်ခု × × × ငါ့ဆီ နင်ဝင်မလာသင့်ဘူး × × × မကိုးကွယ်နဲ့ × × × အချစ်က ဘာမှအရေးမကြီးဘူး × × ×

မင်း ငါ့ကိုမေ့လိုက်တော့ × × × မျှော်လင့်ချက်ထားတာများပြီနော် × × × အိပ်မက်က တစ်ခုမှဖြစ်မလာတော့ × × × မင်းလေး ငါ့ကိုမေ့လိုက် တော့ × × ×

ကျေနပ်ဖို့ အပြစ်တွေပေးလိုက်တော့ × × × ခံစားချက်မဲ့တယ် ပြော ချင်ပြော × × × တစ်နေ့တော့ နားလည်လိမ့်မယ်နော် × × × မင်းလေး ငါ့ကို မချစ်နဲ့တော့ × × × မင်း ငါ့ကိုမေ့လိုက်တော့ × × ×

ဒုက္ခရှူးမျှားရှူး × × × ငါ့အတွက် မထူးဘူးပေါ့ × × × နောက်ထပ် အသည်းကွဲတော့ × × × နာကျင်စရာမရှိဘူး × × ×

အချစ်တစ်ခုနဲ့ရောနှော × × × ဘဝကိုမဖြတ်နဲ့တော့ × × × သွား လိုက်ပါ လမ်းခွဲတော့ × × × ငါမငြိုငြင်ပါဘူး × × ×



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာမုန်တိုင်းတစ်ခု× × × ငါ့ဆီ နင်ဝင်မလာသင့်ဘူး × × × မကိုးကွယ်နဲ့× × × အချစ်က ဘာမှအရေးမကြီးဘူး× × ×

မင်း ငါ့ကိုမေ့လိုက်တော့× × × မျှော်လင့်ချက်ထားတာ မှားပြီ နော် × × × အိပ်မက်က တစ်ခုမှဖြစ်မလာတော့× × × မင်းလေး ငါ့ကိုမေ့ လိုက်တော့× × ×

ကျေနပ်ဖို့ အပြစ်တွေပေးလိုက်တော့× × × ခံစားချက်မဲ့တယ် ပြော ချင်ပြော× × × တစ်နေ့တော့ နားလည်လိမ့်မယ်နော်× × × မင်းလေး ငါ့ကို မချစ်နဲ့တော့× × × မင်း ငါ့ကိုမေ့လိုက်တော့× × ×

အား× × × ကံကြမ္မာမုန်တိုင်းတစ်ခု× × × ငါ့ဆီ နင်ဝင်မလာသင့် ဘူး× × × မကိုးကွယ်နဲ့ × × × အချစ်က ဘာမှအရေးမကြီးဘူး× × ×

မင်း ငါ့ကိုမေ့လိုက်တော့× × × မျှော်လင့်ချက်ထားတာ မှားပြီ နော်× × × အိပ်မက်က တစ်ခုမှဖြစ်မလာတော့× × × မင်းလေး ငါ့ကို မေ့လိုက်တော့× × ×

ကျေနပ်ဖို့ အပြစ်တွေပေးလိုက်တော့× × × ခံစားချက်မဲ့တယ် ပြောချင်ပြော× × × တစ်နေ့တော့ နားလည်လိမ့်မယ်နော်× × × မင်းလေး ငါ့ကိုမချစ်နဲ့တော့× × × မင်း ငါ့ကိုမေ့လိုက်တော့× × ×

ဆွေးဆွေးမြေ့မြေ့အသံတို့က ပို့မျက်ရည်တွေကို ချူချလိုက်လေ





သလား။

ငါပိုနေတာ ဘာကြောင့်လဲလို့ရော နင်သိပါရဲ့လား အလင်းရယ်။ မှန်ပါတယ်။ မျှော်လင့်ချက်ထားနေလို့လည်း အပိုပါပဲ။ နင်မှ ငါ့ကိုမချစ်နိုင်တာလေ။ ဒီတော့ ငါဘာလုပ်သင့်လဲဆိုတာကို ငါ နား လည်သွားရပါပြီ။

ဒါဆိုရင်. . .

♥♥♥

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**Lead your own way.**

ကိုယ့်သမိုင်း ကိုယ်ရေးရစမြဲပါလေ. . .

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း (၁၈)

ရေမိုးချိုး၊ သနပ်ခါးလူးရုံသာ ရှိပါသေး၏။ အိမ်ရှေ့မှာ ကားရပ်လိုက်သံကို ကြားရလေသည်။ ဒီနေ့ Off ရက်ယူထားတာမို့ အိမ်မှာ နားနားနေနေလေးနေပါမည်ဆိုမှ ရောက်လာရပြန်တယ်လို့။

"မောင်ထက်ပါလား၊ လာလေ.သားရဲ့"

ကြည့်! ပိုမရှိဘူး အပြင်သွားတယ်လို့ပြောလိုက်ရင် သူ့ဟာသူ ပြန်သွားမယ့်ဟာကို အိမ်ပေါ်ထိခေါ်ရတယ်လို့ မေမေရယ်။

"ဘာတွေလဲသားရယ်၊ အများကြီးပဲ"

"ဒက်ဒီ စင်္ကာပူက ပြန်လာတုန်း ဝယ်ခဲ့တာတွေပါ အန်တီ။ ဒါတွေက အန်ကယ်နဲ့အန်တီတို့အတွက်ပါ။ ဒါကတော့ သဒ္ဒါအတွက်လေ"

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



“အများကြီးပဲ သားရယ်။ အားနာစရာ၊ ဒါတွေမလိုပါဘူး၊ သားကို အိမ်မှာဝင်ထွက်ခွင့်ပြုထားတာ ဒီလိုတံစိုးလက်ဆောင်တွေရဖို့ မျှော်ကိုးပြီး လက်ခံတာမဟုတ်ဘူးဆိုတာကို နားလည်မှပေါ့”

ရယ်သံသဲ့သဲ့မျှထွက်လာလေ၏။ အဝတ်လဲတာကို မြန်မြန်သွက်သွက်လုပ်လိုက်ရပါသည်။ ခဏနေ ပိုကိုမေမေခေါ်တော့မှာမဟုတ်လား။

“ကျွန်တော်နားလည်ပါတယ် အန်တီ၊ သန္တါနဲ့ပတ်သက်ပြီးမှ အန်တီတို့နဲ့ ရင်းနှီးခွင့်ရတာမှန်ပေမယ့် ကျွန်တော့်မိဘတွေလိုပဲ သဘောထားမိလို့ စေတနာထားပြီး ယူလာခဲ့တာကို လက်ခံပေးပါ။ တန်ဖိုးဆိုတာ ကိုယ်ဖြတ်တဲ့ပေါ်မှာပဲ မူတည်တာပါ အန်တီ။ စေတနာကိုတော့ အဖိုးမဖြတ်လိုက်ပါနဲ့။ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ”

“အေးပါသားရယ်၊ အေးပါ”

ကဲ! လူကြီးတွေ မနောခွေ့အောင်လည်း ပြောတတ်နေပါရောလား။ အဲဒါကြောင့်လည်း ဖေဖေနဲ့မေမေက သူ့ကို လိုလိုလားလားနဲ့ပိတ်ခေါ်နေတာပေါ့။ ခါတိုင်းတော့ အလုပ်ကြိုဖို့အတွက် တစ်ရက်ကိုနှစ်ကြိမ်လာလေ့ရှိပေမယ့် ဒီနေ့တော့ဖြင့် (၈)နာရီလောက်ကြီး ပေါက်ချလာတာလေ။

ပို off ယူတာကို ကြိုသိနေမှာပါပဲ။ ပြီးတော့ ဒီနေ့က Sunday မို့ သူလည်း ကုမ္ပဏီပိတ်မှာပါ။





အလင်းရောင်. . . အလင်းလည်း ဒီနေ့ပိတ်တာပဲလေ။ အရင်ကဆို မိပို ဘာချက်လဲဆိုပြီး တကျောင်းကျောင်း ရောက်လာတတ်သည့်လူက ခုတော့ဖြင့် ဘယ်ဆီခြေဦးလှည့်နေပြီမသိပါချေ။ ပို့ထက် ဦးစားပေးရမယ့်သူတစ်ဦးတလေတော့ ရှိနေပြီထင်ပါရဲ့။

ဟုတ်လား အလင်းရယ်. . .

“ဒီနေ့ သန္တါ off ရက်ယူလို့ ကျွန်တော် ခွင့်လာတောင်းတာပါ အန်တီ”

“ပြောလေသားရဲ့၊ ဘာများလဲ”

“အန်တီ နားနဲ့မနာ ဖဝါးနဲ့နာပေးပါခင်ဗျာ။ ကျွန်တော့်ဒက်ဒီနဲ့မာမီက သန္တါနဲ့တွေ့ဖူးချင်တာကြာပြီမို့လို့ သူတို့နဲ့ဆုံပေးဖို့ ကျွန်တော် လာခေါ်ရတာပါ။ ကျွန်တော်ဆိုလိုတာက. . .”

“အင်း. အန်တီ နားလည်ပါတယ် သားရဲ့”

“ဒါဆို သန္တါ့ကို ခေါ်သွားခွင့်ပြုပါ”

“သမီးကိုမေးကြည့်လိုက်လေသားရယ်နော်။ အန်တီ ခေါ်ပေးမယ်”

ကျွတ်! စိတ်ညစ်ရတော့မှာပါလားနော်။ လိုက်ချင်မှန်း မလိုက်ချင်မှန်းမသိ။ သူ့ပိတ်နဲ့သူ့ကိုယ် လူကိုရအောင်လာခေါ်ရတယ်လို့။



www.burmeseclassic.com

ပို့နှုတ်က ဘာတစ်ခုမှ သဲသဲကွဲကွဲအဖြေမပေးရသေးခင် သူ့မိ
တွေကို လိုက်တွေ့မှတော့ အခြေအနေက ဘယ်အဆင့်ရောက်သွားပြီ
လဲ ရှင်မစဉ်းစားမိဘူးလားဟင်။ ဒါမှမဟုတ် သိသိကြီးနဲ့ ပို့ကိုတမင်လာ
ခေါ်တာများလား။

“သမီး”

“ရှင်, မေမေ”

“မောင်ထက်က သူနဲ့ခဏလိုက်ခဲ့ပါတဲ့ လာခေါ်နေတယ်”

“မလိုက်ချင်ပါဘူး။ တစ်ရက်တလေလေး နားရတဲ့ဟာ ဘယ်
မှသွားဖို့ စိတ်ကူးမရှိဘူး”

“အဲဒီလိုတော့ မလုပ်နဲ့လေ သမီးရယ်။ သူ့ခမျာ တကူးတက
ကြီး လာခေါ်နေတာကို အားနာစရာကြီး”

အားမနာပါဘူး။ သူလာခေါ်တဲ့အကြောင်းက သူ့အတွက်ချည်း
လေ မေမေရဲ့။ တစ်ခါမှမမြင်ဖူးမသိဖူးသေးတဲ့ လူကြီးတွေကို ဘယ်
မျက်နှာနဲ့ လိုက်တွေ့ရပါ့မလဲ။ ပြီးတော့ တော်ကြာ ပို့မဖြေနိုင်တဲ့မေး
မျိုးတွေ မေးလာရင် ဘယ်လောက်အနေခက်မလဲဆိုတာကို မသိသေး
ရှာသလား။

အခန်းဝလိုက်ကာကိုဆွဲဖွင့်၍ ညှို့ခန်းဆီ ထွက်လာလေ၏။





ာ ဆက်တီမှာ အခန့်သားထိုင်လို့ပါလေ။

“သဒ္ဒါ”

“ကျွန်မ မလိုက်နိုင်ဘူး။ ဒီနေ့ အိမ်မှာပဲနေဖို့ဆန္ဒရှိတယ်”

“ကိုယ်, ဒက်ဒီတို့ကို ဒီနေ့ချိန်းထားခဲ့တယ် သဒ္ဒါ”

“အဲဒါ ရှင့်ကိစ္စ ရှင်ရှင်းပေါ့။ ပို့ကို ဘာမှခွင့်မတောင်းမတိုင်ပင်
ဘဲ ဘာလို့စီစဉ်ခဲ့လဲ။ မတတ်နိုင်ဘူး”

“သိပ်မကြာပါဘူး သဒ္ဒါရယ်။ ခဏလေးတွေ့ပြီး စကားပြောရုံ
ပါ။ ဒက်ဒီက မကြာခဏ နိုင်ငံခြားထွက်နေရတာဆိုတော့ အခုလို
သားစုံချိန်က နည်းလို့ပါ။ ပြီးတော့ သဒ္ဒါအကြောင်းတွေကို ကိုယ်
ပြောထားတော့ တွေ့ချင်တယ်ဆိုတာနဲ့”

“ရှင်ဘာတွေလျှောက်ပြောထားရတာလဲ။ ပို့က ရှင့်သူငယ်ချင်း
မဟုတ်တဲ့ဟာ၊ မလိုက်ဘူး . . ဒါပဲ”

မရည်ရွယ်ပါဘဲ ခြေဆောင့်မိသွားပါ၏။ သူက ထိုင်နေရာမှ ထရပ်
ာ အနီးသို့ရောက်လာလေသည်။ မျက်နှာထက်မှာ အပြုံးက မပျက်
လေ။

“သူငယ်ချင်းမဟုတ်လို့ အခုလို တကူးတကလာခေါ်ရတာပေါ့
သဒ္ဒါရဲ့။ မင်းသိရဲ့သားနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဘာလို့လိုက်တွေ့ရမှာလဲ။ မတွေ့ချင်ဘူး"

"လိုက်ခဲ့ပါ သဒ္ဒါရယ်။ ဒက်ဒီနဲ့မာမီကို ဒါ သဒ္ဒါပိုပဲလို့ ပြရုံသက်သက်ပါ။ တခြားဘာမှမပါ့ပါဘူး"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်"

"ရှင်သေချာမှနော်။ နောက်မှ ပို့ကို ရှင့်မိဘတွေလျှောက်မေးလို့ ပိုစိတ်ဆိုးရရင် အဲဒါရှင့်ကြောင့်ပဲ"

"OK...လုံးဝမဖြစ်စေရဘူး။ ကိုယ်တာဝန်ယူတယ်"

"ပြီးရော. . . မေမေ့ ပို ခဏလောက်လိုက်သွားဦးမယ်။ သူက ခဏပဲတဲ့"

"အေးအေး. . . သမီး"

သူမက အိမ်တွင်းပြန်ဝင်ရန်ပြင်လိုက်စဉ် သူက ပို့လက်မောင်းကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။

"ဘာလဲ၊ အဝတ်လဲမလို့ဟာကို"

"မလဲပါနဲ့ သဒ္ဒါရဲ့။ ဒီအဝတ်နဲ့လည်း သဒ္ဒါက ကြည့်လို့ကောင်းပါတယ်။ မလိုပါဘူး"

"ကောင်းပါ့မလား"





"သူတို့က သဒ္ဒါဆိုတာကို ကြည့်မှာလေ။ အဝတ်အစားကိုကြည့်မှာမှမဟုတ်ဘဲ။ လာ. . . သွားစို့"

သူဆွဲခေါ်ရာနောက် ပါလာခဲ့ရပါ၏။ ကားပေါ်ထိုင်လိုက်ရင်း ရင်ထဲမှာ တုန်လှုပ်လာရလေသည်။ ဒုက္ခပဲ၊ ဟိုရောက်လို့ ပို့ကိုဘာဘာညာညာတွေမေးရင် ဘယ်လိုလုပ်မလဲ။ သူ့ကိုပြောထားပေမယ့် သူက ဘာမှကူပြောမပေးရင် လူကြီးတွေရှေ့ အရှက်တွေရကုန်မှာလေ။ လိုက်လာမိတာ မှားပြီထင်ပါရဲ့။

"သဒ္ဒါ"

"ဟင်"

"ဘာကိုတုန်လှုပ်နေရတာလဲ။ ဟိုရောက်လို့ မာမီတို့မေးတာကို အလိုက်သင့်လေးဖြေလိုက်ရုံပဲ။ ဘာမှထွေထွေထူးထူးစဉ်းစားမနေနဲ့ ဟုတ်ပြီလား"

ခေါင်းကိုသာညိတ်ပြလိုက်ရပါ၏။ ကားက ခြံဝင်းကျယ်ကြီးထဲ ဝင်ခဲ့တာမို့ ရောက်ပြီဟု သတိဝင်သွားရလေသည်။ နဖူးတွေ့ဒူးတွေ့ဆိုတာ ဒါမျိုးကိုခေါ်တာပဲထင်ပါရဲ့။

♥



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ခေါ်လာပြီထင်ပါရဲ့"

"ဘာကိုလဲ"

"ပို့ကိုသွားခေါ်မလို့ဆိုပြီး ထွက်သွားတာလေ"

ခြံထဲမှာ ပန်းစင်ဆောက်နေတာကိုကြည့်ရင်း ပြောလိုက်စဉ် အလက်လက်ထဲမှတူက ဖြုတ်ခနဲပြုတ်ကျသွားလေ၏။ သွန်းလိုပဲ မတည်ငြိမ်မှုတွေဖြစ်ကုန်ပြီလားအလက်ရယ်။ သွန်းက မနက်ကတည်းက နေမထိထိုင်မသာတွေ ဖြစ်နေရတာအမှန်ပါ။

လှေကားမှ အောက်ကိုပြန်ဆင်းလိုက်ရပါ၏။ အလုပ်ထဲ စိတ်မပါပါဘူးဆိုမှ ခုတော့ ပိုဆိုးချေပြီ။ မိပို နင် ဒီအိမ်ထိ ဘာလို့ပါလာရတာလဲ။ နင်ပြောတော့ သူ့ကိုဘာမှမပြောရသေးဘူးဆို။ ခုတော့ လက်ခံခေါင်းညိတ်လိုက်ပြီမို့ လူကြီးတွေနဲ့ဆုံဖို့ ပါလာပြီပဲ။

"သူတို့. . . သူတို့. . . ဘာတွေပြောကြမှာလဲ"

မျက်နှာပျက်ချင်လာပြီဖြစ်သည့်သွန်းကိုကြည့်ပြီး သူစိတ်မကောင်းဖြစ်သွားရပါသည်။ သူက ယောကျ်ားလေးမို့ ကြခြေဆည်နိုင်ပေမယ့် သွန်းက အားနည်းသူမိန်းမသားပေကိုး။

"သူ ခေါင်းညိတ်လိုက်ပြီထင်တာပဲ"

"ဘာရယ်. . ."





"ဟုတ်တယ် သူလက်ခံလိုက်လို့ အခုလို အိမ်အထိပါလာခဲ့တာပေါ့"

ရင်ထဲနွမ်းလျသွားရပါ၏။ ဆုံးရှုံးလိုက်ရပြီဟူသည့်အသိက နှလုံးသားကို တစ်စစီနင်းချေလိုက်သည့်နှယ် အခံရခက်စေလေသည်။

မိပို, နင်မှန်ပါတယ်။ ပြတ်ပြတ်သားသားနဲ့ ဆုံးဖြတ်ချက်ချနိုင်တဲ့အတွက် နင့်ကို ငါချီးမွမ်းပါတယ်ကွာ။

♥

"ဒီမှာပါ ဒက်ဒီနဲ့မာမီ၊ ကျွန်တော်ပြောပြောနေတဲ့ သဒ္ဒါပိုဆိုတာပါ"

ညှိခန်းမှာရှိနေသည့် လူကြီးနှစ်ဦး၏ အပြုံးက ကြည်ကြည်လင်လင်ပါပင်။ ဒါ သူ့မိဘတွေတဲ့လား။ ခုံမှာဝင်ထိုင်လိုက်စဉ် ခြေဖျားလက်ဖျားတို့က ချက်ချင်းအေးစက်လာတော့သည်။

"ငါ့သားချစ်မယ်ဆိုလည်း ချစ်ချင်စရာပဲ၊ သမီးက တော်တော်ချစ်စရာကောင်းတာကိုး"

မျက်နှာတစ်ပြင်လုံး ဖြန်းခနဲ ရဲသွားရလေ၏။ ဤမျှပွင့်လင်းလှ



www.burmeseclassic.com

www.burmeseclassic.com



ချည်လား၊ လူရှေ့ကြီး ဒီလိုပြောချလိုက်တာမို့ ပိုအရှက်ရစေသည်လေ။

''ကလေးရှက်နေပါဦးမယ် အစ်ကိုရယ်။ မာမီ့သားက ရွေးမယ့် ရွေးတော့လည်း မျက်စိကျစရာလေး ရွေးချလာတာလေ''

''သမီးကို ဒီကောင် တော်တော်မှုပိုလ်ကျရဲ့လား၊ အိမ်မှာတော့ သူချည်း ဒိုင်ခံပိုလ်ကျတာ''

ဘာမှမပြောရဲဘဲ မရဲတရဲလေးပြုံးပြလိုက်မိသည်။ နှစ်ယောက် ထိုင်ခုံမှာမို့ သူ့ပါအတူဝင်ထိုင်လိုက်လေ၏။ ပေါင်ပေါ်တင်ထားသည့်လက် ကလေးကို သူက ဘာမပြောညာမပြောနှင့် လှမ်းဆုပ်ထားလိုက်ပါသည်။

အို! အေးစက်လွန်းလှချည်လား. . .

''ဘွဲ့ရပြီးပြီလား သမီး''

''မယူရသေးပါဘူး အန်တီ။ လာမယ့်သုံးလမှ ယူရမှာပါ''

''ဒါဆို Engage ကိစ္စကို သမီးဘယ်တော့လုပ်ချင်လဲ''

''ရှင်! ''

မျက်လုံးလေးဝိုင်းလျက် သူ့ကိုကြည့်လိုက်စဉ် သူက လက်ကိုတင်းတင်းဆုပ်ညှစ်ရင်း နှစ်သိမ့်ပြုံးဖြင့် ပြုံးပြလိုက်လေသည်။

တွေ့လား. . . ထင်မထားတဲ့မေးခွန်းတွေ စမေးလာချေပြီ။

''သူ့ကိုမေးမှတော့ အချိန်ဆွဲသည်ထက်ဆွဲတော့မှာပေါ့ မာမီရဲ့''





''မာမီတို့က Engage နဲ့ wedding ကို သိပ်မခြားချင်ဘူးသမီးရဲ့။ တစ်နှစ်အတွင်း တစ်ခါတည်းပြီးအောင် လုပ်ပေးချင်တာလေ''

''ဟိုလေ. . . ပိုတို့က''

''မာမီတို့သဘောလေ။ သူကတော့ ကလေးပီပီ ငြင်းချင်နေဦးမှာ''

''ဒါ့သားကတော့ကွာ၊ ကလေးဘာမှမပြောဘဲ သူပဲဖြေနေတော့တာပဲ''

''ဒက်ဒီတို့ အဲဒီလိုတွေမေးမှာစိုးပြီး မလိုက်ဘူးပြောနေတာကို ကျွန်တော် အတင်းဆွဲခေါ်လာရတာဗျ။ သူက အရှက်ကြီးပါဘိသနဲ့''

''ကောင်းကွာ၊ အိမ်ထောင်ကိုဦးစီးမယ့်လူက ခုကတည်းက ဦးဆောင်နေပြီ''

''ပို ပြန်ချင်ပြီ''

''ဟော. . .''

''တွေ့လား၊ ဒက်ဒီတို့ကို ကျွန်တော်ပြောသားပဲ''

''ကဲကဲ. . . ကလေးပြန်ချင်ရင် လိုက်ပို့ပေးလိုက်ပါတော့ သားရယ်။ နောက်ကိုလည်း လာလည်ဦးနော် သမီး။ မာမီတို့ သမီးရဲ့မိဘတွေနဲ့ တစ်ရက်တော့ လာတွေ့ရဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပင်မဖော့တော့ဘဲ ထပြေးတော့ သူက သူမကိုအတင်းလိုက်ဆွဲလေ၏။ ရှက်စရာကြီးပါလားနော်။ ပြောတော့ဖြင့် တွေ့ရုံတဲ့။ အခုတော့ ပိုနဲ့သူကို ချစ်သူတွေလို့ ထင်ကုန်ကြပြီလေ။ ကဲ, ဘယ့်နှယ့်လုပ်ကြမလဲ

"သဒ္ဒါ"

"ရှင့်ကိုပြောတယ်မဟုတ်လား။ အခုဘယ်လိုရှင်းမလဲ"

"ကိုယ်ပြောပြီးသားလေ သဒ္ဒါရဲ့။ ကိုယ် အားလုံးတာဝန်ယူပါတယ်လို့"

"အဲဒါက. . ."

'အချိန်တွေမဆွဲပါနဲ့တော့ သဒ္ဒါရယ်။ ကိုယ့်ကိုသနားသဖြင့် ခေါင်းညိတ်ပေးလိုက်ပါတော့နော်။ အချိန်တွေကြာလာတာနဲ့အမျှ သဒ္ဒါကို ကိုယ်စိတ်မချနိုင်တော့ဘူး။ အချစ်ဆိုတာကို ဘယ်သူတွေဘယ်လိုပဲ အဓိပ္ပာယ်ဖွင့်ကြပါစေ။ ကိုယ်ကတော့ တစ်ခုပဲနားလည်တယ်။ အဲဒါကတော့ ပိုင်ဆိုင်မှ အချစ်လို့ခေါ်တာတဲ့။ ကဲ"

"အို! ရှင်နော်"

လက်မောင်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ဆွဲယူ၍ နဖူးပြင်ထက် ငုံ့မွှေးလိုက်စဉ် သူမရင်ထဲ လှပ်ခနဲဖြစ်သွားရလေသည်။ သူ့ကိုချစ်လား မချစ်သေးဘူးလား။ ပို သေချာမသိသေးပါချေ။ အခုတော့ သူ့ရင်ခွင်ထဲမှာ

ရှေ့ပဒေသာစာပေ



ပို ရုန်းလို့မရအောင် ရှိနေတယ်ဆိုတဲ့ အသိတစ်ခုတည်းသာရှိပါတော့တယ်။ ရင်ထဲမှာတော့ တဒိတ်ဒိတ်နဲ့ တိုးဆောင့် ခုန်ပေါက်လို့ပါလေ။

တစ်ဖက်ခြံထဲမှမြင်ကွင်းကိုကြည့်နေမိရင်းမှ အကြည့်ကိုလွှဲလိုက်မိရပါ၏။ မိပို, နင်တော့ အနွေးထွေးဆုံးရင်ခွင်တစ်ခုမှာ နားခိုခွင့်ရသွားပြီပေါ့လေ။ အင့်ခနဲရှိုက်လိုက်သည့် သွန်းဓါ်ခေါင်းလေးက သူ့လက်မောင်းကို မှီတွယ်ချလိုက်စဉ် အလိုက်သင့်ထွေးပွေ့ထားလိုက်မိသည်။

ကြေကွဲတယ်ဆိုတာ ချစ်မှုတဲ့သူ၊ အသည်းကွဲတဲ့သူတွေသာ ခံစားရတဲ့ဝေဒနာတစ်ရပ်ပါပဲ။ ချစ်သူကို အနိုင်ကိုဆွဲချမယ့်လုပ်ရပ်မျိုးကို ဘယ်လိုယောကျ်ားလေးမှ လုပ်ကြမှာမဟုတ်ပါဘူး။ ဝမ်းသာကြည်နူးမိပါတယ် မိပို။

နောင်တဆိုတာ နောင်ကျမှဖြစ်တတ်တာမှန်ပေမယ့် အဲဒီနောင်တကို တစ်သက်လုံး တယုတယနဲ့ ငါထွေးပိုက်သွားမှာအမှန်ပါပဲ။ ငါ့ရင်ထဲကချစ်ခြင်းတွေကို ဒီဘဝနင်မသိနိုင်တော့ပေမယ့် ညစဉ် ငါရေးလေ့ရှိတဲ့ဒိုင်ယာရီထဲမှာ ငါ့အသည်းငါ့အသက်နဲ့ထပ်တူထပ်မျှချစ်ရတဲ့ကောင်မလေးဟာ ဘယ်သူလဲဆိုတာကို (သူ)အသိဆုံးပါလေ။

ရင်ခွင်ထဲမှကောင်မလေး၏ ငိုရှိုက်သံက သူ့ရင်ထဲမှတိတ်တခိုးကျိတ်ရှိုက်သံနဲ့အတူ လေထဲမှာ တိုးသဲ့သဲ့ပျံ့နှံ့သွားလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ရိုးသားစွာပွင့်လင်းမှုရှိမနေရင် ကြေကွဲခြင်းတွေကိုသာ လက်ဆောင်အဖြစ် ပြန်ပေးတတ်ပါတယ်...

လေးစားလျက်...

မမသဒ္ဒါမောင်
2nd August 2010
PM (9:35)

www.burmeseclassic.com